# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၈၅)


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး (၂/၂၀၁၈) တက်ရောက်

## ပုဂ္ဂလိကအသေးစားနှင့် အလတ်စားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အလားအလာရှိမည်ဟု မျှော်မှန်းထားကြောင်းပြောကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး(၂/၂၀၁၈)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၁၃**

အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး(၂/၂၀၁၈) ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြည်ထောင်စုလွှတ်တော်သို့ မတင်သွင်းမီ ချပြ**

အစည်းအဝေးတွင် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ မတင်သွင်းမီ ချပြညှိနှိုင်းအတည်ပြုချက်ရယူရန် ကျင်းပသည့် အစည်းအဝေး ဖြစ်ပါကြောင်း။

**သတ်မှတ်ပြောင်းလဲကျင့်သုံးမည်**

နိုင်ငံတော်အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကာလကို အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ သတ်မှတ်ပြောင်းလဲကျင့်သုံးမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲကျင့်သုံးမည့် ဘဏ္ဍာရေးနှစ်ကာလနှင့်အညီ နိုင်ငံတော်၏အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးနှစ်ပြောင်းလဲရာတွင် ယခင်ကျင့်သုံးဆောင်ရွက်ခဲ့သည့် ဘဏ္ဍာရေးနှစ်ဟောင်းနှင့် ပြောင်းလဲကျင့်သုံးမည့် ဘဏ္ဍာရေးနှစ်သစ်တို့အကြား ကြားကာလဖြစ်သည့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လတာကာလကို ဘဏ္ဍာရေးနှစ် ပြောင်းလဲရေးကာလအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်းဥပဒေအဖြစ် ပြဋ္ဌာန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**“ဒေသတွင်းနှင့် နိုင်ငံတကာ စီးပွားရေးဖြစ်ပေါ်နေမှုကိုလည်း စဉ်ဆက်မပြတ် လေ့လာသုံးသပ်၍ မိမိနိုင်ငံအတွက် အကျိုးရှိထိရောက်မည့် အစီအမံများကိုလည်း အချိန်နှင့် တစ်ပြေးညီ ချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်”**




# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၂၁)ရာစုပင်လုံအမှာစကား

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ဖွင့်လှစ်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားဝ္ဝ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် အမှာစကားတို့သည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းပေါ်ပေါက်လာရေး ဆောင်ရွက်ရာ၌ အလေးအနက်ထား သုံးသပ်ရမည့် သဘောထားတို့ကို မီးမောင်းထိုး ညွှန်ပြနေပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၌ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အရေးကြီးသော သက်ဆိုင်သူခေါင်းဆောင်အားလုံး စုံစုံညီညီတက်ရောက်ခြင်းသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အားမာန်သစ်တစ်ရပ် ဖြစ်ပါသည်။

နှစ်ပေါင်း ၇၀ ကျော် လက်နက်ကိုင်ပဋိပက္ခ၌ တိုင်းရင်းသားပြည်သူတို့၏ မျှော်လင့်ချက်အိပ်မက်များ စတေးပေးဆပ်ခဲ့ရသည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လေးနက်စွာ ထောက်ပြခဲ့ပါသည်။ သို့သော် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတတိယအစည်းအဝေးသို့ တက်ရောက်လာကြသော အစုအဖွဲ့အားလုံးကသာ သန္နိဋ္ဌာန်ချ၊ စိတ်ပိုင်းဖြတ်ပြီး ကြိုးပမ်းဆောင်ရွက်ပါက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းပေါ်ပေါက်လာရေးသည် မျှော်မှန်းသင့်၊ မျှော်မှန်းထိုက်သော မျှော်မှန်းချက်ဖြစ်သကဲ့သို့ ဖြစ်နိုင်ရနိုင်သော မှတ်တိုင်တစ်ရပ်ဖြစ်သည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မီးမောင်းထိုး တင်ပြခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ရဲ့(၂၁) ရာစု ပင်လုံညီလာခံမှာ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ဇာစ်မြစ်ဖြစ်တဲ့ နိုင်ငံရေးပြဿနာတွေကို အကျေအလည် ညှိနှိုင်းဖြေရှင်းနိုင်ဖို့ ဒီကနေ့ ကြိုးပမ်းနေကြတာပါ" ဟု မိန့်ဆိုခဲ့ခြင်းသည် ငြိမ်းချမ်းရေး၏ သော့ချက်၊ ဒီမိုကရေစီဖက်ဒရယ် ဖြစ်ထွန်းပေါ်ပေါက်လာရေး၏ သော့ချက်ကို ညွှန်ပြလှုံ့ဆော်လိုက်ခြင်း ဖြစ်ပါသည်။

ငြိမ်းချမ်းရေး၏ အဓိကတံခါးပေါက် (တစ်နည်းအားဖြင့်ဆိုသော်) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းပေါ်ပေါက်လာရေး၏ အဓိကတံခါးပေါက်အဖြစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် **(Nationwide Ceasefire Agreement-NCA)** အား လက်မှတ်ရေးထိုး အတည်ပြုပြီးဖြစ်သည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အားမာန်ပါပါ သတိပေးလှုပ်နှိုး တင်ပြခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် **(NCA)** သည် တိုင်းသိ၊ ပြည်သိ နိုင်ငံတကာအသိအမှတ်ပြု ခိုင်မာသော စာချုပ်စာတမ်းတစ်ခု၊ ပဋိညာဉ်စာတမ်းတစ်ရပ်ဖြစ်သည်ကို တစ်ပါတည်း ထောက်ပြခဲ့ပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် **(NCA)** အား အကြောင်းပြု၍ သမိုင်းစဉ်တစ်လျှောက် မပေါ်ပေါက်ခဲ့ဖူးသော နိုင်ငံရေးဆွေးနွေးပွဲတို့ကို မျက်ဝါးထင်ထင် မြင်တွေ့နိုင်ရုံမျှသာမက နိုင်ငံရေးသဘောတူညီချက်တို့အား ပြည်ထောင်စုသဘောတူညီချက်၏ အစိတ်အပိုင်းများအဖြစ် လက်မှတ်ရေးထိုးနိုင်ခဲ့သည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အလင်းပြလမ်းညွှန်ပေးခဲ့ပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် **(NCA)** ၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ် ခိုင်မာရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ် အောင်မြင်ရေးဟူ၍ အစိတ်အပိုင်းနှစ်ရပ်ရှိသကဲ့သို့ အဆိုပါ အစိတ်အပိုင်းနှစ်ရပ်သည်လည်း အပြန်အလှန်သက်ရောက်မှုများရှိနေသည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။ "ပိုမိုကွဲလွဲစေနိုင်သည်တို့ကို သတိထားရှောင်ရှား၊ ပိုမိုဆုံစည်းစုစည်းနိုင်သည်တို့ကို ဦးတည်၊ အပေးအယူ အလျှော့အတင်းပြု စေ့စပ်ညှိနှိုင်း" ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ညွှန်ပြမှုတို့သည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်မည့် သဘောထားခံယူချက်တို့ကို လှုပ်နိုးပြသလိုက်ခြင်း ဖြစ်ပါသည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းပေါ်ပေါက်လာရေးသည် မည်မျှကြီးမားလေးလံဖိအားများသည်ဖြစ်စေ၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ညီညွတ်မှုနှင့် စုပေါင်းအင်အားသာရှိပါက တစ်မုဟုတ်ချင်း ဖော်ဆောင်နိုင်သည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခံယူချက်သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နှလုံးသွင်းရမည့် ခံယူချက်ဖြစ်ပါသည်။ နိုင်ငံတကာနှင့် ဒေသတွင်း ဆက်ဆံရေးအခြေအနေများအရ ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ စုစည်းညီညွတ်ပေါင်းစည်းနိုင်ရေးသည် ပစ္စုပ္ပန်၏ လိုအပ်ချက်၊ သမိုင်း၏တောင်းဆိုချက်၊ အနာဂတ်၏ ပြင်ဆင်ချက်ဖြစ်သည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လေးနက်စွာ လမ်းညွှန်မိန့်ဆိုခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ "ငြိမ်းချမ်းရေးဟာ ဖိအားပေးပြီး ရယူနိုင်တာမျိုးမဟုတ်ဘဲ နားလည်မှု၊ ယုံကြည်မှုတွေနဲ့ တည်ဆောက်ကြရတာမျိုး ဖြစ်ပါတယ်။ အမှောင်ထုကို အမှောင်ထုနဲ့ ဖြိုခွင်းနိုင်မှာမဟုတ်ဘဲ အလင်းတန်းနဲ့သာ ဖြိုခွင်းဖယ်ရှားနိုင်တာ ဖြစ်ပါတယ်။ ××× ဒီအနေအထားကို အပြင်က ဘယ်သူကမှ လာပြီးပြုပြင်ပေးလို့ မရပါဘူး။ ဒီပြည်ထောင်စုကြီးထဲမှာ အေးအတူပူအမျှ အတူတကွ နေထိုင်နေကြတဲ့ ကျွန်မတို့ကိုယ်တိုင်က ပြုပြင်ပြောင်းလဲနိုင်မှ ရနိုင်မှာပါ" ဟူသော လမ်းညွှန်မှုတို့သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး နှလုံးသွင်းရမည့် ခံယူချက်တို့ဖြစ်ပါကြောင်း လေးနက်တည်ကြည်စွာ တင်ပြအပ်ပါသည်။ ။

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့က ဂျပန်နိုင်ငံ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် ဇူလိုင် ၁၃

ဂျပန်နိုင်ငံအနောက်ပိုင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဖြစ်စဉ်များဖြစ်ပွားပြီး လူပေါင်းများစွာ အသက်ဆုံးရှုံးထိခိုက်မှုများနှင့် အိုးအိမ်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်မှ ဂျပန်ဧကရာဇ် အာခီဟီတို ထံသို့လည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး ထံသို့လည်းကောင်း ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ခဲ့သည်။

သတင်းစဉ်

## သံအမတ်ကြီး ဦးထင်လင်း ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၁၄

ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးထင်လင်းသည် ၎င်း၏ ခန့်အပ်လွှာကို ဇူလိုင် ၇ ရက်တွင် ဘန်ဒါဆရီဘီဂါဝန်မြို့၌ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာ အဗ်နီ အယ်လ်မာဟွန် ဆူလ်တန် ဟာဂျီအိုမာ အလီ ဆိုင်ဖူဒင် ဆအာဒူလ် ခိုင်ရီ ဝါဒင်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေ

နေပြည်တော် ဇူလိုင် ၁၃

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း သိရသည်။

မြန်မာ့အလင်း

## အာဇာနည်နေ့အထိမ်းအမှတ် မြို့ကြီး ၁၇ မြို့မှ ပြည်သူနှင့်အတူ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃



အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတစ်ဝန်း မြို့ကြီး ၁၇ မြို့မှ MPT ဝန်ထမ်းများနှင့် MPT အရောင်းဆိုင်များတွင် စာရင်းပေးသွင်းထားသော စေတနာရှင် ပြည်သူတို့စုပေါင်း၍ ပထမဆုံးအကြိမ်အဖြစ် စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၁၃ ရက်က ကျင်းပခဲ့ရာ ရန်ကုန်မြို့ အမျိုးသား သွေးလှူဘဏ်တွင်လည်း MPTနှင့် ပြည်သူတို့ စုပေါင်း၍ အဆိုပါ နံနက် ၉ နာရီခွဲက သွေးလှူရှင် ၈၀၀ သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သွေးလှူဒါန်းပွဲ အခမ်းအနားတွင် အမျိုးသားသွေးလှူဘဏ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာအောင်နှင့် MPT.KSGM မှ ဥပဒေနှင့် ညှိနှိုင်းရေးရာဌာန ဒါရိုက်တာဦးမျိုးသန်းက အမှာစကားပြောကြားပြီး အမျိုးသားသွေးလှူဘဏ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာအောင်က ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ခဲ့သည်။

၂၀၁၇ ခုနှစ်မှစ၍ MPTမှ နိုင်ငံတစ်ဝန်းရှိ သွေးလှူဘဏ်နှင့် ဆေးရုံတို့တွင် ဝန်ထမ်းပေါင်း ၁၂၀၀ ကျော်အထိ (၄)ကြိမ်မြောက် လှူဒါန်းခဲ့ပြီး ယခု (၅)ကြိမ်မြောက်တွင် မြို့ကြီး ၁၇ မြို့မှ စေတနာရှင်ပြည်သူနှင့် ဝန်ထမ်းများ စုပေါင်း၍ ပြည်သူနှင့် စုပေါင်းသွေးလှူမှု ပထမဆုံးအကြိမ်အဖြစ် အာဇာနည်နေ့ အထိမ်းအမှတ် သွေးလှူရှင် ၁၀၀၀ ကျော်က ယနေ့တွင် သွေးလှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ အမျိုးသားသွေးလှူဘဏ်တွင်လည်း MPTမှ ၁၀၀ ဦးနှင့် MPTအမှတ်တံဆိပ် အရောင်းဆိုင်များတွင် စာရင်းပေးသွင်းထားသော စေတနာရှင်ပြည်သူ ၇၀၀ တို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး

## ရွှေကြယ်စင်ယာဉ်အသင်းမှ အာဇာနည်နေ့ အမှတ်တရခရီးစဉ် ၂၂ ခု အခမဲ့ပြေးဆွဲပေးမည်

မန္တလေး ဇူလိုင် ၁၃

မန္တလေးမြို့သီရိမန္တလာယာဉ်ရပ်နားစခန်းတွင် ဖွင့်လှစ်ပြေးဆွဲနေသော ရွှေကြယ်စင်ခရီးသည်ပို့ဆောင်ရေးအသင်းမှ အာဇာနည်နေ့ အမှတ်တရအဖြစ် ရွှေကြယ်စင်မှ ပြေးဆွဲလျက်ရှိသော ခရီးစဉ် ၂၂ ခုကို အခမဲ့ပြေးဆွဲခြင်းကို ဇူလိုင် ၁၉ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဇူလိုင် ၁၉ ရက်နေ့ မေ့မရနိုင်တဲ့ အာဇာနည်နေ့မှာ အခမဲ့ပြေးဆွဲပေးတာ ဒီနှစ်နဲ့ဆိုရင် တတိယအကြိမ်ဖြစ်ပါတယ်။ အခုလို ပြေးဆွဲပေးရတာ ခရီးသွားပြည်သူများလည်း အာဇာနည်နေ့ကို ပိုပြီးသတိတရဖြစ်သွားမယ်"ဟု ဂိတ်တာဝန်ခံ ဦးစိန်သောင်းက ပြောသည်။

အဆိုပါ အခမဲ့ခရီးစဉ်များမှာ ကာဘိုး-ဇီးကုန်း-ရွှေဘို-မန္တလေးခရီးစဉ်၊ မန္တလေး-ရွှေဘို-ကန့်ဘလူ-ကျွန်းလှခရီးစဉ်၊ တန့်ဆည်- ရေဦး-ခင်ဦး-ရွှေဘို-မန္တလေးနှင့်-ကောလင်း-ပင်လည်ဘူးခရီးစဉ်တို့ဖြစ်သည်။

ခရီးစဉ်အားလုံးကို ယခင်နေ့စဉ်ပုံမှန်ပြေးဆွဲပေးသည့် အချိန်အတိုင်း လေအိတ်ကားကြီး ကိုးစီးနှင့် မီနီဘတ်ကားလေး နှစ်စီးဖြင့် အသွားအပြန် အခမဲ့ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ကိုမင်း(အင်းတော်)

## တောင်သူများအား ဓာတ်မြေဩဇာနှင့် ထောက်ပံ့ငွေများ ငွေမြို့၌ ပေးအပ်

သံတွဲ ဇူလိုင် ၁၃

ဂွမြို့နယ် ရဟိုင်းကူးတို့ကျေးရွာအုပ်စု ရဟိုင်းကွင်းကျေးရွာ ဘက်စုံအဆင့်မြင့်စံပြကျေးရွာ မျိုးစေ့ထုတ်တောင်သူများအား စိုက်ပျိုးရေးသွင်းအားစုမျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ဂွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသော်ဇင်မောင်က တောင်သူများအား မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ငန်းများ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP)နည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလင်းက တောင်သူများအား မျိုးစေ့၊ မြေဩဇာနှင့် ထောက်ပံ့ငွေများပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မျိုးစေ့၊ မြေဩဇာနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



# စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက် အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်၊ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် ပင်လုံစော်ဘွားများနှင့် ထမင်းစားပွဲ၌ မိန့်မှာချက်မှ ကောက်နုတ်ချက်)

❖ရွှေဖုံးမှ

**ဘတ်ဂျက်ပမာဏဖြင့် အထိရောက်ဆုံးဖြစ်စေရန် ရေးဆွဲ**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲရာတွင် ပြည်သူများအတွက် လတ်တလောလိုအပ်ချက်နှင့် တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို နိုင်ငံတော်၏ မူဝါဒများ၊ ဦးစားပေးမှုများအရ နိုင်ငံတော်မှ ကျခံသုံးစွဲနိုင်မည့် ဘတ်ဂျက်ပမာဏဖြင့် အထိရောက်ဆုံး ဖြစ်စေရန်အတွက် ပေါင်းစပ်ရေးဆွဲကြရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ ရေးဆွဲအဆိုပြုသည့် စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များကို ကုလသမဂ္ဂထောင်စုနှစ်အလွန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ၊ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ကာလရှည်နှင့် ကာလတို ရည်မှန်းချက်များအပေါ်အခြေခံ၍ မိမိတို့၏ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဦးစားပေးအစီအစဉ်များကိုလည်း ချိန်ညှိရေးဆွဲကြရန် လိုအပ်ပါကြောင်း။

**မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများနှင့် ပေါင်းစပ်**

ကဏ္ဍအလိုက်တိုးတက်မှု တာဝန်ခံပြည်ထောင်စုဝန်ကြီးဌာနများ၏ ရည်မှန်းချက်များနှင့် ဒေသဖွံ့ဖြိုးမှုတာဝန်ခံ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ရည်မှန်းချက်များကို နိုင်ငံတော်ကချမှတ်ထားသည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများနှင့် ပေါင်းစပ်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအဖြစ် ရေးဆွဲဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများ၏ ကဏ္ဍအလိုက် ရည်မှန်းချက်များ ရေးဆွဲရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မျိုးဆက်သစ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးစေမည့် စီးပွားရေးစနစ်တစ်ရပ် ထူထောင်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ် ဒေသန္တရစီမံကိန်းများရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကိုလည်း နိုင်ငံတော်၏ မူဝါဒ၊ လုပ်ငန်းစဉ်များအတိုင်း လိုက်ပါဆောင်ရွက်ရမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ် ဒေသန္တရစီမံကိန်းများကို ပြည်ထောင်စုက ချမှတ်ထားသည့် မူဝါဒများနှင့် လိုက်လျောညီထွေရှိမည့် ဒေသန္တရစီမံကိန်းများ ဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

**အကျိုးရလဒ်များနှင့် ညီညွတ်ရန်လို**

တင်ပြလာသည့် စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များသည် မိမိတို့ချမှတ်ထားသည့် ရည်မှန်းချက်များ၊ ဆောင်ရွက်မည့် လုပ်ငန်းရပ်များ၊ မျှော်မှန်းထားသည့် အကျိုးရလဒ်များနှင့် ညီညွတ်ရန် လိုအပ်ပါကြောင်း။

ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲကျင့်သုံးမည် ဖြစ်သည့်အတွက် စီမံကိန်းရေးဆွဲခြင်း၊ နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ ရေးဆွဲခြင်း၊ အညွှန်းကိန်းများ ပြုစုခြင်းနှင့် အစီရင်ခံစာရေးသားတင်ပြခြင်းများကို ဆောင်ရွက်သည့်အခါ လိုအပ်သည့်ညှိနှိုင်းချက်များ စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**GDP ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်မှန်း**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်ခြင်း၊ ငွေကြေးအရင်းအနှီးလိုအပ်သည့် စီးပွားရေးအခြေခံ လုပ်ငန်းများသို့ နှစ်လတ်ချေးငွေများ ထုတ်ချေးခြင်း၊ ပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ပုဂ္ဂလိကအသေးစားနှင့် အလတ်စားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အလားအလာများရှိမည်ဟု မျှော်မှန်းထားပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးတွင် အဓိကကျသည့် လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံပိုင်အခန်းကဏ္ဍအပြင် ပုဂ္ဂလိကကဏ္ဍမှလည်း အရင်းအနှီးနှင့် နည်းပညာများ စီးဝင်လာစေရန်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

စီမံဆောင်ရွက်ထားခြင်း၊ နိုင်ငံတစ်ဝန်းရှိ လမ်းကွန်ရက်များ တိုးတက်ကောင်းမွန်လာသည့်အတွက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုများ တိုးတက်လာခြင်း၊ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ ခေတ်မီတိုးတက်လာခြင်း၊ ငွေကြေးဝန်ဆောင်မှု အမျိုးအစားအသစ်များ ဖြစ်ထွန်းလာခြင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ပြောင်းလဲကျင့်သုံးမည့်ဘဏ္ဍာနှစ် သတ်မှတ်ချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းတွင် နိုင်ငံ၏ GDP ကို ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်မှန်းထားသည်ကို တွေ့ရပါကြောင်း။

နိုင်ငံ၏စီးပွားရေးသည် အရှိန်အဟုန်ဖြင့် မတိုးတက်သော်လည်း လယ်ယာထွက်ကုန်များ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထုတ်လုပ်မှုကဏ္ဍများသို့ စီးဝင်လာခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ ပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေးနှင့် အခြားဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာခြင်း စသည့်အချက်များကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ကုန် ခန့်မှန်းခြေတွင် စီးပွားရေးတိုးတက်မှုနှုန်းကို ၆ ဒသမ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

**အဆိုပြုချက်များ ထည့်သွင်းဆောင်ရွက်**

ထို့ပြင် စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ ပြည့်စုံမှု၊ တိကျမှုနှင့် မှန်ကန်ခိုင်မာမှုရှိရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကိန်းဂဏန်းအချက်အလက်များ ခိုင်မာမှန်ကန်စေရေး စနစ်တကျ ကြီးကြပ်ကွပ်ကဲရန် အထူးမှာကြားလိုပါကြောင်း၊ တင်ပြချက်ပါ စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များမှာ ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ၊ စီးပွားရေး တွက်ခြေကိုက်မှု ရှိ/ မရှိ၊ ပြည်သူပြည်သားများအတွက် အကျိုး ရှိ/မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု/မပြု၊ ပတ်ဝန်းကျင်ထိခိုက်မှုရှိ/မရှိ တို့ကို လေ့လာဆန်းစစ်ပြီးဖြစ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏ ဘဏ္ဍာငွေကို ထိရောက်စွာ အသုံးပြုပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အမှန်လိုအပ်သည့် အမျိုးသားစီမံကိန်းရည်မှန်းရန် အဆိုပြုချက်များကို ထည့်သွင်းဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးခဲ့သည့် လူမှုစီးပွားရေးပုံစံကို နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ပိုမိုကောင်းမွန်ခိုင်မာအောင် ဆောင်ရွက်နိုင်ရေး၊ လက်ရှိဖြစ်ပေါ်နေသည့် လူမှုစီးပွားရေးအခက်အခဲများကို ကုစားလျှော့ချနိုင်

## “အနာဂတ်စီမံကိန်းများ ရေးဆွဲရေး အပါအဝင် ယခုရွေးချယ်ပြီးသည့် စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံ၏ အကျိုးစီးပွား ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်စေလို”

ရေး၊ ပကတိအခြေအနေနှင့် ညီညွတ်သည့် ဦးစားပေးလုပ်ငန်း၊ အကြောင်းအရာများကို ဖော်ထုတ်ချမှတ်ကျင့်သုံးနိုင်ရေးတို့အတွက် အလေးထားချိန်ညှိ ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်မှုများရှိရမည်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင် အမျိုးသားစီမံကိန်းသည် တိုင်းပြည်နှင့် သက်ဆိုင်သည့် စီမံကိန်းဖြစ်ပါကြောင်း၊ အမျိုးသားစီမံကိန်းဟူသည့် အမိုးအောက်တွင် ဝန်ကြီးဌာနအသီးသီး၏ စီမံကိန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံကိန်းများအားလုံး ပါဝင်ပါကြောင်း၊ စီမံကိန်းများအားလုံးသည် ဆက်စပ်ပူးပေါင်းပြီး ညီညီညွတ်ညွတ်နှင့် ပြေပြေလည်လည် သွားမှသာ မိမိတို့နိုင်ငံအတွက် တိုးတက်မှုများကို အမှန်တကယ် ရရှိမည်ဖြစ်ပါကြောင်း၊ စီမံကိန်းသစ်များအတွက် စဉ်းစားကြရာတွင် ယခင်စီမံကိန်းများ မည်မျှအထိ အောင်မြင်ခဲ့သည်၊ လမ်းခရီးကို မည်မျှအထိ ဖြတ်သန်းသွားနိုင်ခဲ့သည်ကို သိမြင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ နေထိုင်မှုအခြေအနေ စစ်တမ်းကို ကြည့်ရှုစေလိုပါကြောင်း၊ အဆိုပါ စစ်တမ်းသည် ပြည်သူလူထု၏ဘဝများ မည်မျှထိတိုးတက်လာသည်ကို ထောက်ပြသည့် စစ်တမ်းဖြစ်ပါကြောင်း၊ အဆိုပါ စစ်တမ်းကို ကြည့်၍ မိမိတို့ပြည်သူလူထု မည်မျှအထိ တိုးတက်လာသည်၊ ပြည်သူတို့၏ အခြေအနေများ ပိုမိုတိုးတက်လာရန် မည်သည်တို့ကို လုပ်ဆောင်ရန် လိုအပ်သည်ကို စဉ်းစားနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ စဉ်းစားဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများ ရှိရန်နှင့် ဗဟိုအစိုးရအဖွဲ့အစည်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုများရှိရမည်ဆိုသည်ကို မှာကြားထားပြီးဖြစ်ပါကြောင်း။

**ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်နိုင်**

မကြာမီထုတ်ပြန်တော့မည့် မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲရေး ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းသည် မိမိတို့၏ မဟာဗျူဟာမြောက် စာရွက်စာတမ်းတစ်ခု ဖြစ်လာပါကြောင်း၊ အဆိုပါစီမံကိန်းမှ ချမှတ်ထားသည့်အတိုင်း ညီညီညွတ်ညွတ် လုပ်နိုင်မှသာ ဟန်ချက်ညီညီ တိုးတက်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းတွင် အဓိကချမှတ်ထားသည့် မဏ္ဍိုင်သုံးခုတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ ပါဝင်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမရှိဘဲ ဖွံ့ဖြိုးတိုးတက်ရန်ခက်ခဲပါကြောင်း၊ စီမံကိန်းအားလုံးတွင် ဝန်ကြီးဌာနမှ စိတ်ပါဝင်စားသည့် ကိစ္စရပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအသီးသီးအတွက် စိတ်ပါဝင်စားသည့် ကိစ္စရပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လတ်တလော ပြည်သူလူထုမှတောင်းဆိုနေသည့် ကိစ္စရပ်များကို သိလိုပါကြောင်း၊ စီမံကိန်းအားလုံးသည် နိုင်ငံအတွက်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်နိုင်မည်လားဆိုသည်ကိုကြည့်၍ စီမံကိန်းများကို ဆုံးဖြတ်ကြရမည် ဖြစ်ပါကြောင်း။

**မဟာဗျူဟာမြောက် စဉ်းစားဆောင်ရွက်**

စီမံကိန်းရွေးချယ်ရာတွင် ဘတ်ဂျက်ကိုကြည့်၍ ရွေးချယ်နေကြပါကြောင်း၊ ဘတ်ဂျက်မည်မျှရနိုင်မည် စသည်ဖြင့် ငွေရေးကြေးရေးကို အဓိကထားနေပါကြောင်း၊ ငွေရေးကြေးရေးသည် အရေးကြီးပါကြောင်း၊ သို့သော် အမှန်တကယ် လုပ်သင့်လုပ်ထိုက်သည်ကိုရွေးရန် ပို၍အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံသည် ချမ်းသာသည့်နိုင်ငံ မဖြစ်သေးသည့်အတွက် ပို၍ အရေးကြီးပါကြောင်း၊ မည်သည့်စီမံကိန်းများသည် နိုင်ငံအတွက် အများဆုံး အကျိုးဖြစ်စေမည်၊ပြည်သူပြည်သားများဘဝ မြှင့်တင်ရေးအတွက် အကျိုးဖြစ်စေမည် စသည်တို့ကို ကြည့်၍ ရွေးချယ်စေလိုပါကြောင်း၊ အမျိုးသားစီမံကိန်းသည် အမျိုးသားတစ်ခုလုံးအတွက် စီမံကိန်းဖြစ်သွားမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးတစ်ခုတည်းအတွက်၊ ပြည်နယ်တစ်ခုတည်းအတွက်၊ ဝန်ကြီးဌာနတစ်ခုတည်းအတွက်မဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက်၊ အမျိုးသားအားလုံးအတွက် စီမံကိန်းများဖြစ်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် အနာဂတ်စီမံကိန်းများရေးဆွဲရေး အပါအဝင် ယခုရွေးချယ်ပြီးသည့် စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံ၏အကျိုးစီးပွား ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်စေလိုပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်၍ မရဘဲ အားလုံးဆက်နွှယ်နေမည် ဖြစ်ပါကြောင်း၊ မိမိတို့၏ လိုအပ်ချက်များနှင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် မဟာဗျူဟာမြောက် စဉ်းစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း(အဆိုပြုမူကြမ်း) ရေးဆွဲဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လျှပ်စစ်ဓာတ်အားလိုအပ်ချက်**

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့က ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်၊ နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြသည်။

**နည်းလမ်းအတိုင်း ဆောင်ရွက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ အတည်ပြုညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ယခင် နှစ်စဉ်အမျိုးသားစီမံကိန်း ဥပဒေကြမ်းများနည်းတူ ရေးဆွဲခြင်း၊ အတည်ပြုချက်ရယူခြင်း၊ အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်ကို သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ဖော်ပြပါစီမံကိန်းကို နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများအပေါ် အခြေပြု၍ ပြည်သူများ၏ လတ်တလောလိုအပ်ချက်နှင့် တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်မှ ခွင့်ပြုပေးနိုင်သည့် ဘတ်ဂျက်ဘောင်အတွင်းက ပေါင်းစပ်ရေးဆွဲခြင်းဖြစ်သော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ ကုန်သွယ်ရေးမူဝါဒများနှင့်လည်း အချိတ်အဆက်မိမိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အစီအစဉ်များချမှတ်ရေးဆွဲရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက်

*စာမျက်နှာ ၅ သို့*



ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၈)ကြိမ်မြောက်အစည်းအဝေးတွင် လမ်းညွှန်အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လမ်းညွှန်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၃

**ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၈)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်လမ်းညွှန်အမှာစကား ပြောကြားသည်။**

- ပြည်သူ့ဘဏ္ဍာငွေများကို အလေအလွင့်ဆုံးရှုံးမှုမရှိအောင် စီမံခန့်ခွဲနိုင်ရန်အတွက် စီမံကိန်း၏ ကုန်ကျစရိတ်ကို အနီးစပ်ဆုံး တိကျမှန်ကန်စွာ ခန့်မှန်းတွက်ချက်တင်ပြ
- ခန့်မှန်းတွက်ချက်ရာတွင်လည်း ဒေသ၏ ကာလပေါက်စျေးနှင့်အညီ တွက်ချက်နိုင်ရန် ဆောင်ရွက်
- အကြောင်းတစ်ခုခုကြောင့် ပြီးစီးခြင်းမရှိသည့် ပိုလျှံငွေကို ခန့်မှန်းတွက်ချက်ပြီး ပြန်လည်အပ်နှံ

အစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တက်ရောက်ကြသည်။

**ဆွေးနွေးအတည်ပြုကြရန်ဖြစ်**

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ယနေ့ကျင်းပပြုလုပ်သည့် ဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၈) ကြိမ်မြောက်အစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန်ဖြစ်ပါကြောင်း။

၂၀ဝ၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၁ တွင် "ပြည်ထောင်စုအစိုးရသည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ပြည်ထောင်စု၏ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းကိုအခြေပြုလျက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုရေးဆွဲ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက်ရယူရမည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ ဘဏ္ဍာရေးကော်မရှင်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် "၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း"ကို ထောက်ခံတင်ပြပေးရန်ဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်သည် ဘဏ္ဍာရေးနှစ်သစ်ပြောင်းလဲသည့် ပထမဦးဆုံး ဘတ်ဂျက်နှစ်လည်းဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲသတ်မှတ်ဆောင်ရွက်သည့် အတွက်ကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများသည် ပြောင်းလဲလုပ်ဆောင်ရန် သုံးစွဲရမည့် ကုန်ကျစရိတ်များထက် အဆများစွာသာလွန်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်ကိုလည်း ပိုမိုဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ အကျိုးစီးပွားကို အစဉ်အလေးထား ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တာဝန်ယူမှုဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဝန်ထမ်းများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းကို အထိုက်အလျောက် မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ပြီး နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို အမှုထမ်းလစာ၏ (၂၀)ရာခိုင်နှုန်း၊ အရာထမ်းလစာ၏ (၁၀)ရာခိုင်နှုန်း တိုးမြှင့်ခွင့်ပြုပေးခဲ့ပါကြောင်း။

**ရန်ပုံငွေတင်ပြတောင်းခံ**

ငွေလုံးငွေရင်း အသုံးစရိတ်ပိုင်းနှင့်ပတ်သက်၍ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် တည်ဆောက်ရေး၊ ဝယ်ယူရေး စသည့် လုပ်ငန်းများအတွက် အသုံးစရိတ်များကိုသာ လျာထားတောင်းခံကြရန်၊ ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများကို ဦးစားပေးရေးဆွဲကြရန်၊ လုပ်ငန်းစီမံကိန်းများ ချမှတ်ရေးဆွဲရာတွင် နိုင်ငံတော်၏ ဦးစားပေးမူဝါဒများနှင့် ကိုက်ညီစွာရေးဆွဲကြရန်၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် မြေနေရာရရှိပြီးမှသာ ရန်ပုံငွေတင်ပြတောင်းခံကြရန်၊ ဒီဇိုင်းပုံစံများရှိပြီး ဘဏ္ဍာရေးနှစ်အတွင်း တင်ဒါခေါ်ယူပြီးစီးနိုင်မည့် လုပ်ငန်းများအတွက်သာ တင်ပြတောင်းခံကြရန်နှင့် တင်ဒါခေါ်ယူရေးလုပ်ငန်းများကို ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း။

**တိကျမှန်ကန်စွာခန့်မှန်းတွက်ချက်**

ပြည်သူ့ဘဏ္ဍာငွေများကို အလေအလွင့်ဆုံးရှုံးမှုမရှိအောင် စီမံခန့်ခွဲနိုင်ရန်အတွက် စီမံကိန်း၏ ကုန်ကျစရိတ်ကို အနီးစပ်ဆုံး တိကျမှန်ကန်စွာ ခန့်မှန်းတွက်ချက်တင်ပြရန် လိုပါကြောင်း၊ ခန့်မှန်းတွက်ချက်ရာတွင်လည်း ဒေသ၏ ကာလပေါက်စျေးနှင့်အညီ တွက်ချက်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အကြောင်းတစ်ခုခုကြောင့် ပြီးစီးခြင်းမရှိသည့် ပိုလျှံငွေကို ခန့်မှန်းတွက်ချက်ပြီး ပြန်လည်အပ်နှံကြရန် ဖြစ်ပါကြောင်း။

သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် အသုံးစရိတ်များ တောင်းခံရာတွင် ထုတ်လုပ်မှုတိုးတက်ရန် တိုက်ရိုက်မသက်ဆိုင်သည့် အသုံးစရိတ်များဖြစ်သည့် ရုံးသုံးစက်ကိရိယာဝယ်ယူခြင်း၊ ပရိဘောဂဝယ်ယူခြင်းစသည့် ဌာနအသုံးစရိတ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေမည့် စီမံကိန်းလုပ်ငန်း အသုံးစရိတ်များအနက် ဌာနအတွက် အသုံးစရိတ်တောင်းခံခြင်းများ ပိုမိုများပြားနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အသုံးစရိတ်များကို ရေးဆွဲရာတွင် ဌာနအတွက် အသုံးစရိတ်၊ နိုင်ငံတော်အတွက် အကျိုးပြုသည့် စီမံကိန်းလုပ်ငန်းအသုံးစရိတ်များကို စီမံချက်များချမှတ်၍ သေချာစွာရေးဆွဲပြီး ဌာနအသုံးစရိတ်များကို အတတ်နိုင်ဆုံးလျှော့ချသုံးစွဲရန်၊ ဘတ်ဂျက်သည် အကန့်အသတ်ရှိခြင်းဖြစ်သည့်အတွက် ခွဲဝေချထားပေးသည့် အသုံးစရိတ်ဘောင်အတွင်း စီမံကိန်းလုပ်ငန်းအသုံးစရိတ်များကို ဦးစားပေးထည့်သွင်းရေးဆွဲကြရန်၊ အကျိုးရှိစွာ ထိထိရောက်ရောက်သုံးစွဲရန်၊ ထိုသို့ သုံးစွဲသည့်အခါတွင်လည်း သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်မည့် အသုံးစရိတ်များဖြစ်ရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့်ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများကို ဌာနဆိုင်ရာများက ဦးစားပေးအလိုက် အကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း။

ချင့်ချိန်ဝေဖန်နိုင်သည့် သာမန်ပုဂ္ဂိုလ်တစ်ဦးက မိမိပိုင်ငွေများကို သုံးစွဲရာတွင် ချင့်ချိန်သကဲ့သို့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းလုပ်ငန်းများနှင့် ဌာနတွင်း အသုံးစရိတ်များကို သုံးစွဲသည့်အခါ စိစစ်ချင့်ချိန်ပြီးသုံးစွဲကြရန် လိုအပ်ပါကြောင်း။

**အသုံးစရိတ်များကို တိုးမြှင့်ခွင့်ပြုပေးခဲ့**

ပြည်သူ့ဝန်ထမ်းများအနေဖြင့် လက်ရှိ တာဝန်ထမ်းဆောင်စဉ် ကာလတွင် ဝန်ထမ်းအိမ်ရာမရှိသည့် အခက်အခဲများ၊ အငြိမ်းစားယူပြီးနောက် နေထိုင်စရာအိမ်မရှိသည့် အခက်အခဲများကို အဆင်ပြေစေရန် ရည်ရွယ်ပြီး အငှားအိမ်ရာနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နိုင်ရန် အသုံးစရိတ်များ၊ သဘာဝဘေးအန္တရာယ်များ ကာကွယ်နိုင်ရန်အတွက် သစ်တော ပြန်လည်ထူထောင်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ စီမံကိန်းအသုံးစရိတ်များ၊ လျှပ်စစ်မီးတိုးမြှင့်ရရှိရေး၊ သောက်သုံးရေ၊ စိုက်ပျိုးရေရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး အသုံးစရိတ်များ အစရှိသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများ၏ အသုံးစရိတ်များကို ဦးစားပေးခွင့်ပြုရသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအသုံးစရိတ်များကိုလည်း တိုးမြှင့်ခွင့်ပြုပေးခဲ့ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ပထမအချက်ဖြစ်သည့် ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ဖြစ်စေရန်အတွက်လည်း ဘဏ္ဍာငွေအရအသုံးခန့်မှန်းချက်များနှင့် အမှန်တကယ် အကောင်အထည်ဖော်နိုင်မှုများကို နီးစပ်နိုင်သမျှ နီးစပ်နိုင်စေရန် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများသာမက တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲထားသည့် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့နိုင်ရေးအတွက် ဘဏ္ဍာရေးကော်မရှင်အနေဖြင့် ဆွေးနွေးအတည်ပြုပေးကြရန် ပြောကြားသည်။

**ယာယီအမှန်စာရင်းကို အခြေခံ**

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စု၏ အရ/အသုံး

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ခန့်မှန်းခြေငွေစာရင်းများကို စိစစ်ရာတွင် သာမန်အသုံးစရိတ်ပိုင်းအား ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ယာယီအမှန်စာရင်းကို အခြေခံပြီး ငွေစာရင်း ခေါင်းစဉ်အလိုက် ကုန်ကျစရိတ်နှင့် အနီးစပ်ဆုံး ခန့်မှန်းစေခြင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်များအတွက် Project အလိုက် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း Feasibility Study ပိုင်းကို ကြိုတင်ဆောင်ရွက်စေခြင်းနှင့် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်သည့် တည်ဆောက်ရေး၊ ဝယ်ယူရေး၊ အခြားစသည့် လုပ်ငန်းများကို စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ညှိနှိုင်းရေးဆွဲထားသည့် အသုံးစရိတ်များကိုသာ လျာထားခွင့်ပြုခဲ့ပါကြောင်း။

**နှိုင်းယှဉ်ပြီး စိစစ်ခွင့်ပြုပေးခဲ့**

ထို့ပြင် နေပြည်တော်တွင် တည်ဆောက်မည့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းအတွက် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်း အသုံးစရိတ်တွင် Infrastructure အပါအဝင် ကျပ် ၅၀ ဘီလီယံ လျာထားပေးခဲ့ပြီး ဌာန၊ အဖွဲ့အစည်းများက ဝယ်ယူရန် တင်ပြလာသည့် ရုံးသုံးမော်တော်ယာဉ်များကိုလည်း ဇဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှာရှိသည့် ဘဏ္ဍာသိမ်းယာဉ်များမှ ခွဲဝေပေးခြင်း၊ ခွဲဝေပေးနိုင်မှုမရှိပါက ဇဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ စုစည်းဝယ်ယူပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ၎င်းကိစ္စရပ်တွင် သက်ဆိုင်ရာဌာနများ၏ အသုံးစရိတ်ကို စိစစ်လျှော့ချခဲ့ပါကြောင်း၊ ထုတ်လုပ်မှုနှင့် မသက်ဆိုင်သည့် Luxury အသုံးစရိတ်များကိုလည်း စိစစ်လျှော့ချပြီး ရုံးသုံးစက်ပစ္စည်းကိရိယာများကို ယခင် (၃)နှစ်အတွင်း ရရှိပြီးသည့် အခြေအနေနှင့် နှိုင်းယှဉ်ပြီး စိစစ်ခွင့်ပြုပေးခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) အဆင့်ဆင့်စိစစ်ပြီးသည့် ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းချုပ်မှာ ရငွေစုစုပေါင်း ငွေကျပ် ၂၀၀၅၁ ဘီလီယံ၊ သုံးငွေစုစုပေါင်း ငွေကျပ် ၂၄၉၅၄ ဘီလီယံ၊ စုစုပေါင်းလိုငွေ ပမာဏ ငွေကျပ် ၄၉၀၃ ဘီလီယံဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၄ ဒသမ ၆၂ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

အဆိုပါ ရငွေ/သုံးငွေ စုစုပေါင်းမှာ ပြည်ပအကူအညီရငွေကျပ် ၆၈၂ ဘီလီယံ၊ ပြည်ပချေးယူရငွေကျပ် ၂၁၉၁ ဘီလီယံတို့ ပါဝင်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးငွေ ကျပ် ၁၇၉၄ ဘီလီယံသည်လည်း သုံးငွေစုစုပေါင်းတွင် ပါဝင်ပြီးဖြစ်ပါကြောင်း။

ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ၊ အရေးပေါ်သုံးစွဲရမည့် ကိစ္စရပ်များအတွက် အရေးပေါ်ရန်ပုံငွေကျပ် ၁၀၀ ဘီလီယံကိုလည်း ထည့်သွင်းလျာထားပါကြောင်း၊ ယခုနှစ်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေနှင့်အညီ ငွေကျပ် ၂၀ ဘီလီယံကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေအတွက် နိုင်ငံတော်က ထည့်သွင်းလျာထားပါကြောင်း။

**“ချင့်ချိန်ဝေဖန်နိုင်သည့် သာမန်ပုဂ္ဂိုလ်တစ်ဦးက မိမိပိုင်ငွေများကို သုံးစွဲရာတွင် ချင့်ချိန်သကဲ့သို့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းလုပ်ငန်းများနှင့် ဌာနတွင်းအသုံးစရိတ်များကို သုံးစွဲသည့်အခါ စိစစ်ချင့်ချိန်ပြီး သုံးစွဲကြရန်လို”**

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ အထိ) ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ/အသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၎င်းကို အခြေပြုရေးဆွဲထားသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်က သုံးသပ်ပြီး အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းအတွက် နှစ်လတ်ဘဏ္ဍာရေး မူဘောင်အရ ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ စုစုပေါင်းထောက်ပံ့ပေးနိုင်မည့် ငွေရပ်မှာ ငွေကျပ် ၁၇၉၃ ဒသမ ၁၀၀ ဘီလီယံဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ရေးဆွဲတင်ပြလာသည့် ရသုံးခန့်မှန်းခြေငွေစာရင်းမှာ စုစုပေါင်း ရငွေကျပ် ၁၀၆၅ ဒသမ ၆၃၂ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၂၈၅၈ ဒသမ ၇၃၂ ဘီလီယံနှင့် လိုငွေကျပ် ၁၇၉၃ ဒသမ ၁၀၀ ဘီလီယံ ဖြစ်ပါကြောင်း။

**၆၉ ရာခိုင်နှုန်းတောင်းခံ**

တိုင်းဒေသကြီး/ပြည်နယ်များ၏ အရ/အသုံး ခန့်မှန်းခြေငွေစာရင်းများကို စိစစ်ခဲ့ရာတွင် သာမန်အသုံးစရိတ်စုစုပေါင်း ငွေကျပ် ၈၇၆ ဒသမ ၇၇၁ ဘီလီယံနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၁၉၇၂ ဒသမ ၁၆၁ ဘီလီယံသုံးစွဲရန် လျာထားသည်ကို တွေ့ရှိရပါကြောင်း၊ သာမန်နှင့် ငွေလုံးငွေရင်းအချိုးမှာ သာမန်အသုံးစရိတ်အနေဖြင့် ၃၁ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ၆၉ ရာခိုင်နှုန်း တောင်းခံထားသည်ကို တွေ့ရှိရပါကြောင်း။

သာမန်အသုံးစရိတ်များကို စိစစ်ရာတွင် လစာစရိတ် ချီးမြှင့်ငွေ အသုံးစရိတ်ကို စုစုပေါင်းသာမန်အသုံးစရိတ်၏ ၄၀ ရာခိုင်နှုန်းနီးပါး အများဆုံးသုံးစွဲထားပြီး ဒုတိယအများဆုံးအဖြစ် ပြင်ဆင်ထိန်းသိမ်းစရိတ်များကို စုစုပေါင်းသာမန်အသုံးစရိတ်၏ ၃၀ ရာခိုင်နှုန်းခန့် သုံးစွဲရန်လျာထားသည်ကို စိစစ်တွေ့ရှိရပါ



ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ

ကြောင်း၊ ကျန် ၃၀ ရာခိုင်နှုန်းကို ခရီးသွားလာစရိတ်၊ ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်၊ ပညာရေးနှင့် လူမှုရေးအသုံးစရိတ်၊ ပင်စင်၊ ထောက်ပံ့ငွေ အသုံးစရိတ်၊ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးစရိတ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်လမ်းများအတွက် အသုံးစရိတ်များကို သုံးစွဲထားသည်ကို တွေ့ရှိရပါကြောင်း။

ငွေလုံးငွေရင်း အသုံးစရိတ်များကို စိစစ်ရာတွင် လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် စုစုပေါင်း ငွေလုံးငွေရင်း အသုံးစရိတ်၏ ၃၆ ရာခိုင်နှုန်း၊ ကျေးလက်လမ်း၊ ရေရရှိရေးနှင့် အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၃၈ ရာခိုင်နှုန်း၊ ရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းအတွက် ၁၆ ရာခိုင်နှုန်း၊ ရုံးသုံး စက်ပစ္စည်း၊ ပရိဘောဂ၊ ရုံးသုံးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်များ ဝယ်ယူခြင်းအတွက် ၁၀ ရာခိုင်နှုန်း သုံးစွဲထားသည်ကို တွေ့ရှိရပါကြောင်း။

အထူးကိစ္စအနေဖြင့် တင်ပြလိုသည်မှာ မြောင်းမြကြိုးတံတားပျက်စီးမှုကြောင့် ပြည်သူများ သွားလာမှုလွယ်ကူစေရေး ပြေးဆွဲလျက်ရှိသည့် ကူးတို့ယာဉ်များအတွက် လိုအပ်သည့် စက်သုံးဆီ၊ စက်ဆီ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် ၎င်းဝန်ထမ်းများအတွက် တစ်နှစ်စာကုန်ကျစရိတ် ငွေကျပ် ၅၄၅ ဒသမ ၃၇၃ သန်းကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျခံသုံးစွဲနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က တင်ပြလာသည့်ကိစ္စဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ငွေပမာဏကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် အကြောင်းကြားပြီးသည့် နောက်ပိုင်းမှသာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ပြလာခြင်းဖြစ်သည့်အတွက် အဆိုပါငွေကျပ် ၅၄၅ ဒသမ ၃၇၃ သန်းကို ဧရာဝတီတိုင်းဒေသကြီးသို့ ထောက်ပံ့မည့်ငွေရပ်တွင် ထပ်မံတိုးမြှင့်ပေးနိုင်ရန်နှင့် ထပ်မံတိုးမြှင့်ပေးပါက ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ စုစုပေါင်းထောက်ပံ့ပေးရမည့် ငွေရပ်မှာ ငွေကျပ် ၁၇၉၃ ဒသမ ၆၄၅ ဘီလီယံ ဖြစ်လာမည်ဖြစ်ပါကြောင်း။

**ဆွေးနွေးသုံးသပ်အတည်ပြု**

တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲတင်ပြလာသည့် အရ/အသုံးခန့်မှန်းခြေငွေစာရင်းများကို ဘဏ္ဍာရေးကော်မရှင်က ဆွေးနွေးသုံးသပ်အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာ



ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ

ရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းပြီး ထောက်ခံဆွေးနွေးကြသည်။

**လွှတ်တော်ထဲတွင် ဆွေးနွေးခွင့်ပေး**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အနည်းဆုံး သုံးစွဲမှုကို အဓိကမထားဘဲ အများဆုံးအကျိုးရှိအောင် သုံးစွဲသည့်မှုကို အဓိကထားစေလိုပါကြောင်း၊ ငွေကြေးသက်သာစေလိုမှုဖြင့် အဆင့်အတန်းမမီသော စီမံကိန်းများကို အကောင်အထည်ဖော်ပါက ရေရှည်တွင် နိုင်ငံတော်အတွက် အကျိုးမရှိပါကြောင်း၊ မလိုအပ်သည့် နေရာများတွင် လျှော့ခြင်းအားဖြင့် မိမိတို့၏အလုပ်ကို ထိခိုက်စေခြင်းကို မဖြစ်စေလိုပါကြောင်း၊ ငွေကြေး နည်းနည်းသုံးခြင်းသည် အဓိကမဟုတ်ပါကြောင်း၊ ရှိသည့်ငွေကြေးကို နိုင်ငံအတွက် အကျိုးအများဆုံးဖြစ်အောင် အဓိကထားပြီး ဆောင်ရွက်စေလိုပါကြောင်း၊ ဘတ်ဂျက်နှင့်ပတ်သက်၍ ပြင်ပမှ စီးပွားရေးပညာရှင်အချို့က ထောက်ပြသည်မှာ မိမိတို့၏ လွှတ်တော်ထဲတွင် ဘတ်ဂျက်ကို ဆွေးနွေးရန်ပေးထားသည့် အချိန်မှာ အင်မတန်နည်းပါးပါကြောင်း၊ ယင်းကို စဉ်းစားရန် လိုအပ်ပါကြောင်း၊ ဘတ်ဂျက်နှင့်ပတ်သက်၍ လွှတ်တော်ထဲတွင် သေသေချာချာ အချိန်ပြည့်ပြည့်ဝဝ ဆွေးနွေးခွင့်ပေးမှသာ အများပြည်သူများကလည်း ဘတ်ဂျက်နှင့် ပတ်သက်၍ အကောင်းအဆိုး၊ အကျိုးအကြောင်းကို နားလည်မည်ဖြစ်သည့်အတွက် ယင်းအကြံဉာဏ်ကိုလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ လွှတ်တော်များအနေဖြင့် လေးလေးနက်နက် စဉ်းစားသင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရ/အသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ/အသုံး ဆိုင်ရာဥပဒေကြမ်းများကို ဆွေးနွေးသုံးသပ်ပြီး အတည်ပြုနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ/အသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့်အညီ ဇူလိုင်လ ၁၅ ရက်မတိုင်မီ တင်သွင်းသွားမည်ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးကော်မရှင်က အတည်ပြုထားသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရ/အသုံး ခန့်မှန်းခြေ ငွေစာရင်းတွင်ပါဝင်သည့် ရငွေနှင့် အသုံးစရိတ်များနှင့်ပတ်သက်ပြီး ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လွှတ်တော်ကော်မတီအသီးသီးက စိစစ်မေးမြန်းမှုများကို ခံယူရမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ၏ စိစစ်မေးမြန်းမှု၊ ဆွေးနွေးသုံးသပ်မှုတို့ကို ခံယူသွားကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်အစည်းအဝေးများတွင် မိမိတို့ဌာန၏ ရငွေ/သုံးငွေများနှင့်ပတ်သက်ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဌာနအကြီးအကဲများက အသေးစိတ် ပြည့်ပြည့်စုံစုံနှင့် ခိုင်ခိုင်မာမာ ရှင်းလင်းတင်ပြနိုင်အောင် ပြင်ဆင်ထားကြရန် မှာကြားလိုပါကြောင်း။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အား ယခင်ဘဏ္ဍာရေးနှစ်များနှင့်မတူဘဲ ဘဏ္ဍာရေးနှစ် ပြောင်းလဲလိုက်သည်နှင့်အညီ နိုင်ငံတော်၏စီးပွားရေးမူဝါဒနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် လူမှုစီးပွားဘဝမြှင့်တင်ရေး အသုံးစရိတ်များနှင့် မိမိတို့ဝန်ကြီးဌာန၏ အကောင်အထည်ဖော်ရမည့် စီမံကိန်း၊ စီမံချက်များနှင့် ပြည်သူလူထု အကျိုးစီးပွားကို ဖြစ်ထွန်းပြီး အောင်မြင်အောင် အကောင်အထည်ဖော်ကြရမည် ဖြစ်ပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

အသုံးစရိတ်များ တောင်းခံရာတွင် ပြည်ထောင်စုက တောင်းခံမည့် အသုံးစရိတ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်များက တောင်းခံမည့် အသုံးစရိတ်များကို ထပ်မနေစေရန်၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း။

နိုင်ငံတော်ဘတ်ဂျက်နှင့် မလုံလောက်သည့် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များကို ပြည်ပအကူအညီအထောက်အပံ့များ၊ ပြည်ပချေးငွေများဖြင့် ရယူဆောင်ရွက်ရသည့် နေရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ ပြည်ပချေးငွေများသည် မလွဲမသွေပြန်လည်ပေးဆပ်ရမည့် ငွေများဖြစ်သည့်အတွက် သုံးစွဲရာတွင် နိုင်ငံတော်အတွက် ထိရောက်သည့် အကျိုးရလဒ်များရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြည်သူ့အတွက်အစိုးရက သုံးစွဲသင့်သည့် အသုံးစရိတ်များကို သုံးစွဲရမည်ဖြစ်ပြီး ရငွေများကိုလည်း တိုးတက်ရှာဖွေကြရမည်ဖြစ်ပါကြောင်း၊ ရငွေကိုတိုးစေသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကြိုးပမ်းလုပ်ဆောင်နိုင်ရေး၊ အခွန်အကောက်ရငွေ တိုးတက်ရရှိရေးနှင့် သက်ဆိုင်ရာဌာနများက မိမိတို့ တာဝန်ယူကောက်ခံရမည့် အခြားရငွေများကို မူဝါဒဖြင့်ဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်မှု နည်းစနစ်များဖြင့်ဖြစ်စေ တိုးတက်ရရှိအောင် စီမံကြိုးကြပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆောက်ရေး၊ ဝယ်ယူရေးလုပ်ငန်းများကို တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ ငွေကြေးသုံးစွဲရာတွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှု စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲကြရန်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု၊ တာဝန်ယူမှုအဆင့်ဆင့်ရှိရန်၊ ဘတ်ဂျက်ဥပဒေပါ ရငွေ သုံးငွေ ရည်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်ကြရန်တို့ကို အခြေခံပြီး ပြုပြင်ပြောင်းလဲမှုများကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ ပူးပေါင်းညှိနှိုင်းပြီး စဉ်ဆက်မပြတ် အထူးကြပ်မတ်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၃ မှ*

လက်ငင်း၊ ရေတို၊ ရေရှည် အကျိုးစီးပွားဖြစ်ထွန်းစေမည့် စီမံကိန်းရည်မှန်းချက်များဖြစ်ရန် လိုအပ်ပါကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာစီးပွားရေးဖြစ်ပေါ်နေမှုကိုလည်း စဉ်ဆက်မပြတ် လေ့လာသုံးသပ်၍ မိမိနိုင်ငံအတွက် အကျိုးရှိထိရောက်မည့် အစီအမံများကိုလည်း အချိန်နှင့်တစ်ပြေးညီ ချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်မှုအခြေအနေကို စီမံကိန်းကာလတစ်လျှောက်လုံး မျက်ခြည်မပြတ် တစိုက်မတ်မတ် ကြီးကြပ်ဆောင်ရွက်သုံးသပ်သွားကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှုနှင့် အချိုးကျမျှတစွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ် ရောက်ရှိမည်ဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်သည့်အခါ ယခင်ရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမျိုးသားစီမံကိန်းများမှ ရရှိခဲ့သော အားသာချက်များကို ဆက်လက်ထိန်းသိမ်းပြီး တွေ့ကြုံဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များကို စိစစ်သုံးသပ်၍ ပြုပြင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ အကြံပြုဆွေးနွေးချက်များကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကဏ္ဍများအချင်းချင်း၊ ဒေသများအချင်းချင်း ကဏ္ဍနှင့်ဒေသများ ပေါင်းစပ်ဆောင်ရွက်ခြင်းတို့အပြင် ပြည်သူတို့၏ မျှော်မှန်းချက်၊ လိုလားချက်များကိုလည်း စီမံကိန်းရည်မှန်းချက်ဘောင်အတွင်းမှ ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း အလေးထားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(တတိယအစည်းအဝေး)သို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အစိုးရဘက်မှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးခင်မောင်တင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဘက်မှ ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးတပ်မတော်(RCSS)မှ ဦးဘောင်ခေးနှင့် ဦးစိုင်းငင်း၊ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်နှင့် ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌ ပူဇင်ကျုံး၊ ပအိုဝ်းလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF) ဥက္ကဋ္ဌ ဦးသံခဲ၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စောမူရှေး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA) (PC) အထွေထွေအတွင်းရေးမှူး နော်ကပေါ်ထူး၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကြာဟားတို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အချိန်ဇယား ချမှတ်ဆောင်ရွက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ကြုံတွေ့နေရသည့် အခက်အခဲများဖြေရှင်းနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေရေး၊ ထိုသို့နည်းလမ်းများရှာဖွေနိုင်ရန်အတွက် အဓိကကျသည့် ခေါင်းဆောင်များအကြား ပိုမိုနီးကပ်စွာရှေ့သို့ ဆွေးနွေးနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အပါအဝင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးမည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
သတင်းစဉ်



## ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ကုလအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၃**

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးနိုင်ငံလင်း၊ ဦးအောင်စိုး၊ အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်ပညာရှင်များ၊ သရုပ်ဆောင်များအား တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၁၃

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ညနေပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ နေအိမ်၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ်ဦးတို့က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်ပညာရှင်များ၊ သရုပ်ဆောင်များအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်အားပေးချီးမြှင့်သည်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်ပညာရှင်များ၊ သရုပ်ဆောင်များအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ရုပ်ရှင်အစည်းအရုံး နာယက၊ ဥက္ကဋ္ဌ၊ ရုပ်ရှင်ပညာရှင်များ၊ ဒါရိုက်တာများ၊ ထုတ်လုပ်သူများနှင့်အတူ တွေ့ရစဉ်။ သတင်းစဉ်

အဆိုပါညစာစားပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ပန်းချီစိုးမိုး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် ရုပ်ရှင်ပညာရှင်များ၊ သရုပ်ဆောင်များ၊ ဒါရိုက်တာများ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သမိုင်းအမွေအနှစ်**

ညစာစားပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နေပြည်တော်ကို ရုပ်ရှင်မြို့တော်အဖြစ် တည်ဆောက်လိုပါကြောင်း၊ ထိုသို့ တည်ဆောက်နိုင်ခြင်းအားဖြင့် ရုပ်ရှင်အနုပညာဖွံ့ဖြိုးတိုးတက်မှုအပြင် နေပြည်တော်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ရရှိလာမည်ဟု မျှော်လင့်ပါကြောင်း၊ နေပြည်တော်၏ သဘာဝပတ်ဝန်းကျင်နှင့် သာယာလှပမှု၊ လမ်းပန်းဆက်သွယ်ရေး အချက်အချာကျမှုစသည့် အခြေခံကောင်းများကို အနုပညာအတွက် အသုံးပြုနိုင်ရေး စဉ်းစားဆောင်ရွက်ကြစေလိုပါကြောင်း၊ ထို့ပြင် နိုင်ငံ၏ သမိုင်းအမွေအနှစ်၊ အနုပညာအမွေအနှစ်များကို စုပေါင်းပြီး နိုင်ငံအတွက် အင်အားတစ်ခုဖြစ်လာအောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် အဘက်ဘက်မှ တိုးတက်အောင် ဆောင်ရွက်နေမှုနှင့်အတူ ရုပ်ရှင်အနုပညာလည်း တိုးတက်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နေပြည်တော်ကို Entertainment City အဖြစ် ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်နေမှု ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ပေါင်းစပ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

**နှုတ်ခွန်းဆက်စကားပြော**

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ပန်းချီစိုးမိုးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**မိတ်ဆက်ပေး**

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက တက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးသည်။

**အတူတကွ သုံးဆောင်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကနှင့် ရုပ်ရှင်ပညာရှင်များ၊ သရုပ်ဆောင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ညစာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် ဇူလိုင် ၁၃

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် နေပြည်တော်သို့ ရောက်ရှိနေသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌများအား ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၌ တွေ့ဆုံသည်။** (ယာပုံ)



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ် စီမံကိန်းများချမှတ်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ ခွင့်ပြုဘဏ္ဍာငွေအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးအတွက် အမှန်တကယ် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ တင်ပြကြစေလိုပါကြောင်း၊ တင်ပြချက်များအပေါ် ချက်ချင်း ဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး နှစ်အလိုက် လျာထား ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကိုလည်း ဘဏ္ဍာငွေများ လျာထားတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဦးကေဆိုင်း၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်း၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ ဦးခွန်ထွန်းလူတို့က ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ညှိနှိုင်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

▼ *ကျောဖုံးမှ*

မြန်မာအသင်းသည် အုပ်စုပွဲများတွင် အကောင်းဆုံးပုံစံပြသနိုင်ခြင်းမရှိသော်လည်း ထိုင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ဆီမီးဖိုင်နယ်ပွဲတွင် ရှေ့လယ်၊ နောက် ဟန်ချက်ညီအောင်ကစားနိုင်ခဲ့ပြီး ပွဲပြီးခါနီးတွင် ဝင်းနိုင်ထွန်းသွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယင်းပြိုင်ပွဲတွင် ၁၃ နှစ်ကြာမှ ဗိုလ်လုပွဲသို့ တစ်ကျော့ပြန် တက်ရောက်နိုင်ခြင်းဖြစ်ပြီး မလေးရှားအသင်းမှာမူ နှစ်ကြိမ်ဆက် ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် ဗိုလ်လုပွဲသို့ လေးကြိမ်မြောက် တက်ရောက်ခြင်းဖြစ်ပြီး ချန်ပီယံဆုရဖူးသည့် နှစ်ကြိမ်စလုံး မလေးရှားအသင်းနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် မလေးရှားအသင်းကို ၂၀၀၃ ပြိုင်ပွဲတွင် လေးဂိုး-ဂိုးမရှိ၊ ၂၀၀၅ ပြိုင်ပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

မလေးရှားအသင်းသည် ယင်းပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ ငါးကြိမ်အထိ တက်ရောက်နိုင်ခဲ့သော်လည်း ငါးကြိမ်စလုံးရှုံးကာ ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

**ရဲရင့်ရှိုင်း**

❍ *ကျောဖုံးမှ*

သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ရောဝတီအသင်းက ဂိုးထပ်ရသွားခဲ့သည်။ ရောဝတီအတွက် ဒုတိယဂိုးကို ၆၃ မိနစ်တွင် ကျော်မြင့်ဝင်းက သွင်းယူခဲ့သည်။ နှစ်ဂိုးရသွားသည့် ရောဝတီအသင်းသည် ပွဲကိုထိန်းကစားခဲ့ရာ ရခိုင်အသင်း စိတ်ကြိုက်တွေ့သွားပြီး ချေပဂိုးများရအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ရခိုင်အသင်းအတွက် ချေပဂိုးများကို ၇၃ မိနစ်တွင် သက်ရှိုင်းနောင်နှင့် ၇၉ မိနစ်တွင် တည်ငြိမ်မင်းတို့က သွင်းယူခဲ့သည်။

ယခုပွဲမစမီ ၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ၏ သွင်းဂိုး ၃၀၀ ပြည့်သွင်းယူခဲ့သူ ရခိုင်အသင်းမှ တည်ငြိမ်မင်းအား ဆုကြေးကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်ခဲ့သည်။

**ညီမြတ်သော်တာ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E.Mr.Zahairi Baharim အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မလေးရှား-မြန်မာ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း၊ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ASEAN Inter-Parliamentary Assembly (AIPA) နှင့် Inter-Parliamentary Union (IPU) တို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊မြန်မာ-မလေးရှား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးအတွက် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးကိစ္စရပ်များနှင့် အလုပ်သမားရေးရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး** H.E.Mr.Zahairi Baharim **အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်း အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကျင်းပနေမှု၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် အစိုးရနှင့်တပ်မတော်မှ ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အခြေအနေများနှင့် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ရှိ ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသည့် UWSA (ဝ)အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးပေါက်ယူယိအား သွားရောက်အားပေးစကားပြောကြား

**နေပြည်တော် ဇူလိုင် ၁၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့နှင့်အတူ နေပြည်တော်ရှိ ခုတင် ၁၀၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတတိယအစည်းအဝေး တက်ရောက်လျက်ရှိသည့် UWSA(ဝ)အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးပေါက်ယူယိနှင့် ပြင်ပဆက်ဆံရေးဌာနကြီးမှူး ဦးကျောက်ကော်အမ်းတို့အား ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရောဂါဖြစ်ပွားမှုအခြေအနေများနှင့် ဆေးဝါးကုသမှုအခြေအနေများကို မေးမြန်းရာ နှလုံးရောဂါအထူးကုပါရဂူကြီးများက ရှင်းလင်းပြောကြားကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး အားဖြည့်ငှက်သိုက်ရည်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၁၅၇) သင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) နဝရတ်ခန်းမ၌ စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ် (၁၅၇) သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၁၃ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ဆက်လက်၍ စံပြဆုနှင့် စာပေထူးချွန်ဆုရရှိသူများကို ဆုများချီးမြှင့်ကာ သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယင်းသင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ကျောင်းအုပ်ကြီး၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူး၊ ပါမောက္ခ (ပညာဌာနမှူး)များ၊ ဌာနမှူး၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ် (၁၅၇)သို့ တက်ရောက်ကြသည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ စာရေးအဆင့်ရှိ သင်တန်းသား ၈၁ ဦး၊ သင်တန်းသူ ၉၅ ဦး စုစုပေါင်း ၁၇၆ ဦး တို့ တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၇-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ ကော်လံ ၄ ပါ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ် စတုတ္ထစာပိုဒ်မှ "၁၉၈၂ ခုနှစ်တွင် အခမ်းအနားဖြင့် စော်ဘွားအဖြစ် ခံယူသည်"**(အစား)** "၁၉၂၈ ခုနှစ်တွင် အခမ်းအနားဖြင့် စော်ဘွားအဖြစ် ခံယူသည်" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့**

## စာအုပ်စာပေ လှူမိတ်ဆွေ

* ကျောဖုံးမှ

ထို့နောက် စီးပွားရေးကဏ္ဍဆိုင်ရာ အခြေခံမူနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အစုအဖွဲ့အသီးသီးမှ သဘောထားများ စုစည်းခြင်း၊ ဆုံးဖြတ်ချက်နှင့် မှတ်တမ်းများ ချမှတ်အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

လူမှုရေးကဏ္ဍအစည်းအဝေးတွင် အကျိုးဆောင်များအဖြစ် ဦးကျော်ကျော်ဦး၊ ဆလိုင်းအောင်မြင့်နှင့် ဒေါ်အေးစန္ဒာလွင်တို့က ဆောင်ရွက်ကြပြီး ကဏ္ဍအလိုက် ဆွေးနွေးပွဲပုံစံ ရှင်းလင်းတင်ပြခြင်း၊ အကျိုးဆောင်အဖွဲ့ လုပ်ငန်းလမ်းညွှန် ရှင်းလင်းတင်ပြခြင်း၊ လူမှုရေးကဏ္ဍမူဝါဒများ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် မူဝါဒအဆိုပြုလွှာများနှင့် စပ်လျဉ်းသည့် ဆွေးနွေးမှုစုစည်းချက်များကို မှတ်တမ်းတင်ကြသည်။

အလားတူ လုံခြုံရေးကဏ္ဍအစည်းအဝေးတွင် အကျိုးဆောင်များအဖြစ် ဒုတိယဗိုလ်မှူးကြီး စောချိုအောင်၊ ဒေါ်ဇက်နန်ရော်၊ စိုင်းအွမ်(ခ) ဦးအောင်မျိုးထွေးနှင့် ဆလိုင်းဇာကဲ့အိုလျန်တို့က ဆောင်ရွက်ကြသည်။

ယင်းနောက် ကဏ္ဍအလိုက်ဆွေးနွေးပွဲအတွင်း ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြခြင်း၊ အကျိုးဆောင်အဖွဲ့ လုပ်ငန်းလမ်းညွှန်ကို ဖတ်ကြားရှင်းလင်းခြင်း၊ လုံခြုံရေးကဏ္ဍလုပ်ငန်းကော်မတီအစည်းအဝေးနှင့် ပတ်သက်၍ မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် လာမည့်အလုပ်ရုံဆွေးနွေးပွဲအတွက် အကြံပြုချက်များ ရယူရာတွင် အစည်းအဝေးတက်ရောက်ကြသူများက နိုင်ငံတော်ကာကွယ်ရေး ကိစ္စရပ်များ၊ လုံခြုံရေးနှင့် ပြန်လည်ပေါင်းစည်းခြင်းဆိုင်ရာ ခေါင်းစဉ်ခွဲများနှင့် ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့အတူ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အစည်းအဝေးတွင် အကျိုးဆောင်များအဖြစ် ဦးအောင်ကျော်ဇံ၊ ဒေါက်တာလွင်လွင်ဝေ၊ ဆလိုင်းငွန်လျန်ဆန်း၊ ဦးလှိုင်ဘုန်းမြင့်နှင့် ခွန်ကျော်ဆွေတို့က ဆောင်ရွက်ကြပြီး ညီလာခံကိုယ်စားလှယ်များနှင့် လေ့လာသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားခြင်း၊ အကျိုးဆောင်များ၏ လုပ်ငန်းလမ်းညွှန် ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံတတိယအစည်းအဝေး ညီလာခံတတိယနေ့တွင် စီးပွားရေးကဏ္ဍ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

ထို့နောက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီ အစုအဖွဲ့ကိုယ်စားလှယ်များက မူဝါဒအဆိုပြုလွှာများကို အချက်တစ်ချက်ချင်းအပေါ် အလှည့်ကျ ဆွေးနွေးကြသည်။

ယင်းနောက် မူဝါဒအဆိုပြုလွှာများနှင့် စပ်လျဉ်းသည့် ဆွေးနွေးမှု စုစည်းချက်များကို မှတ်တမ်းတင်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင်များက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ညီလာခံတတိယနေ့ ကဏ္ဍအလိုက် အစည်းအဝေးများ ကျင်းပခဲ့မှုနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။

**သတင်းစဉ်**

# အားလုံးက ငြိမ်းချမ်းရေးကို မျှော်လင့်နေတယ်၊ မျှော်လင့်နေတဲ့အတိုင်းပဲ ယုံကြည်ချက်နဲ့ ချီတက်နေတဲ့အတွက် မကြာမီမှာ မြန်မာပြည်ကြီး ငြိမ်းချမ်းလာမယ်လို့ ထင်မြင်ယူဆမိပါတယ်

**ဒေါ်နန်းစံဝင့်ခိုင် (မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယနေ့အစည်းအဝေးတတိယနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC2) တွင် ယနေ့ (ဇူလိုင် ၁၃ ရက်)က ဆက်လက်ကျင်းပလျက်ရှိပြီး ကဏ္ဍအလိုက် ဆွေးနွေးပွဲများကို ညီလာခံကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးနေကြသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များတွင် ကဏ္ဍအလိုက် သဘောတူညီမှုရရှိထားပြီးဖြစ်သော အချက် ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ် ဒုတိယအစိတ်အပိုင်းအဖြစ် ဆက်လက်တင်သွင်းနိုင်ရေးကို ဆက်လက်ညှိနှိုင်းဆွေးနွေးနေကြသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံသို့ တက်ရောက်လာသည့် ညီလာခံကိုယ်စားလှယ်အချို့နှင့် တွေ့ဆုံမေးမြန်းထားပါသည် -



ဒေါ်မိကွန်ချမ်း
ပြည်သူ့
လွှတ်တော်
ကိုယ်စားလှယ်
လွှတ်တော်
အစုအဖွဲ့
စီးပွားရေးကဏ္ဍ



ဒေါက်တာ
မင်းဇော်ဦး
ပါဝင်သင့်
ပါဝင်ထိုက်သူများ
အစုအဖွဲ့
လုံခြုံရေးကဏ္ဍ



ဒေါ်နန်းစံဝင့်ခိုင်
မွန်ပြည်နယ်
ပအိုဝ်း
တိုင်းရင်းသား
လူမျိုးရေးရာ
ဝန်ကြီး
လူမှုရေးကဏ္ဍ

**ဒေါ်မိကွန်ချမ်း**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**လွှတ်တော်အစုအဖွဲ့၊ စီးပွားရေးကဏ္ဍ**

ကျွန်မကတော့ စီးပွားရေးကဏ္ဍမှာ လုပ်ငန်းကော်မတီအနေနဲ့ ဒီနေ့မှာ ပါဝင်ဆွေးနွေးတာ ဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍမှာတော့ အချက်တွေအများကြီးတင်တယ်။ ဒါပေမယ့် တစ်ချက်တည်းပဲ သဘောတူညီချက်ရခဲ့ပါတယ်။ ဒီတစ်ချက်ကလည်း အလွန်ကောင်းတဲ့အချက်တစ်ချက်ပါ။ ဘာလို့လဲဆိုတော့ ကျွန်မတို့ တိုင်းဒေသကြီးတွေမှာရော၊ လုပ်ငန်းစီမံကိန်းတွေ ရေးဆွဲတဲ့နေရာမှာ မူဝါဒတွေရေးဆွဲခွင့်ရဖို့ရတယ်။ နောက်ပြီးတော့ဆက်စပ်နေတဲ့ တိုင်းဒေသကြီးတွေမှာ ထိခိုက်မှုမရှိအောင် ရေးဆွဲရမယ်ဆိုတဲ့ မူဝါဒအချက်တွေကို အားလုံးသဘောတူညီချက်နဲ့ ရရှိထားတာ ရှိပါတယ်။ ဒီဟာကိုလည်း တင်နိုင်အောင်၊ စကားလုံးလေးတွေပိုပြီးတော့ ပြည့်စုံအောင် ကျွန်မတို့ ထပ်ပြီးတော့ ဆွေးနွေးတာပဲရှိပါတယ်။ ကျန်တာကတော့ အခက်အခဲမရှိဘူးလို့ထင်ပါတယ်။ ဒီနေ့ကတော့ ဒီတစ်ချက်ကိုပဲ စကားလုံးတွေကို ပိုပြီးကျစ်လျစ်အောင်၊ မကျန်ခဲ့အောင် ရေရှည်အတွက် ညှိကြမှာပါ။ လာမယ့် ညီလာခံတွေကျရင် ဆွေးနွေးရမယ့်အချက်တွေ အများကြီးကျန်ပါသေးတယ်။ အခု ပြီးခဲ့တဲ့ ဒုတိယအကြိမ်မှာတုန်းက ဆက်လက်ဆွေးနွေးရန် ကျန်ရှိခဲ့တဲ့ အချက်တွေကို ညှိနှိုင်းပြီး ထပ်တင်မှာပါ။ ကျွန်မတို့ ၁၁ ချက်ထဲက ၁၀ ချက် ကျန်တာကိုလည်း ထပ်တင် သွားမှာဖြစ်ပါတယ်။ နောက် စတုတ္ထအကြိမ်ညီလာခံမှာ နောက်ထပ်အချက်တွေပိုပြီးတော့ ညှိနှိုင်းလို့ရအောင် လုပ်ငန်းကော်မတီအနေနဲ့ ပိုပြီးတော့ ကြိုးစားရမယ်။ ပိုပြီးတော့ အကြိတ်အနယ် ဆွေးနွေးရမယ့် သဘောတွေရှိပါတယ်။ အခုက ပိုပြီးကောင်းအောင် စနစ်တကျဖြစ်အောင် နောင်တစ်ချိန်မှာ အငြင်းပွားမှုမရှိအောင် ဥပဒေနဲ့အညီ ဒါတွေကို ဆောင်ရွက်ရတဲ့အတွက် လောပြီးအများကြီးကျတာထက်စာရင် သေသေချာချာနဲ့ စနစ်တကျဖြစ်ဖို့က ပိုပြီးအရေးကြီးတယ်လို့ ထင်ပါတယ်။

**ဒေါက်တာမင်းဇော်ဦး**
**ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့**
**လုံခြုံရေးကဏ္ဍ**

ဒီအစည်းအဝေးရဲ့ထူးခြားချက်ကတော့ NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ပါဝင်လာရုံသာမက အဲဒီအဖွဲ့တွေနဲ့လက်ရှိ တိုက်ပွဲတွေဖြစ်နေတာတွေနဲ့ပတ်သက်ပြီး တပ်မတော်နဲ့ ဆွေးနွေးမှုတွေလုပ်နိုင်တယ်။ နိုင်ငံရေးဖြစ်စဉ်တွေမှာ သူတို့တွေဘယ်လိုပါမလဲဆိုတဲ့ လမ်းကြောင်းဖွင့်နိုင်ဖို့အတွက် ကြိုးပမ်းတဲ့ အလွတ်သဘောဆွေးနွေးမှုတွေ အများကြီး လုပ်နိုင်ခဲ့တဲ့အတွက် ဒါကတော့ အခုလက်ရှိ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးရဲ့ထူးခြားချက်တချို့လို့ ပြောလို့ရပါတယ်။ ပင်လုံမိသားစုဝင်တွေကို ဖိတ်တာကလည်း ဖြစ်သင့်ပါတယ်။ တစ်ချိန်တုန်းက ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့တဲ့ မိသားစုဝင်တွေဆိုတာ သမိုင်းနဲ့ဆက်စပ်နေတယ်ဆိုတော့ သူတို့ကို ဖိတ်ကြားခြင်းအားဖြင့်လည်း သမိုင်းနှစ်ခုကို ဆက်စပ်ပေးတယ်ဆိုတဲ့ သဘောမျိုးလဲ အဓိပ္ပာယ်သက်ရောက်တယ်။ ဒီလက်ရှိ ပင်လုံမှာကတော့ ကျွန်တော်တို့ လုံခြုံရေးကဏ္ဍမှာက လောလောဆယ်မှာတော့ ဘာမှဆုံးဖြတ်ချက်မချဘူးဆိုတဲ့ အခြေခံတွေကို ဆွေးနွေးတဲ့ အဆင့်ပဲရှိပါတယ်။ အဲဒီတော့ လုံခြုံရေးကဏ္ဍနဲ့ နိုင်ငံရေးကဏ္ဍတွေကလည်း ချိတ်ဆက်နေတော့ လုံခြုံရေးကဏ္ဍ မတိုးတက်ဘူး၊ နှောင့်နှေးမယ်ဆိုရင် နိုင်ငံရေးကဏ္ဍမှာလည်း နှောင့်နှေးမယ်။ နိုင်ငံရေးကဏ္ဍမှာ တိုးတက်မှုနှောင့်နှေးရင်လည်း လုံခြုံရေးကဏ္ဍမှာ တိုးတက်မှုနှောင့်နှေးမယ်ဆိုတော့ ဒီတတိယအကြိမ် ပင်လုံပြီးမှပဲ ဒီကဏ္ဍနှစ်ခုကို အားထည့်ပြီးတော့ ဝိုင်းဝန်းပြီးတော့ လုပ်ရမယ့် အနေအထား ရှိပါတယ်။

**ဒေါ်နန်းစံဝင့်ခိုင်**
**မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**
**လူမှုရေးကဏ္ဍ**

ကျွန်မတို့ လူမှုရေးကဏ္ဍမှာတော့ အခုတော့ နှစ်ချက်ပဲ သဘောတူညီမှုရပါသေးတယ်။ ပထမတစ်ချက်ကတော့ အမျိုးသမီးများ ပါဝင်နှုန်းပေါ့၊ ဌာနတိုင်းမှာ နေရာတိုင်းမှာ အမျိုးသမီးများပါဝင်နှုန်း၊ အမျိုးသမီးများ ပါဝင်ဆုံးဖြတ်ချက်ပေးနိုင်နှုန်း အဲဒါကို အနည်းဆုံး ၃၀ ရာခိုင်နှုန်း ထည့်သွင်းထားရန်ဆိုတဲ့ အချက်ကို အားလုံး သဘောတူညီချက် ရခဲ့ပါတယ်။ နောက်တစ်ခုကတော့ ပညာရေးကဏ္ဍဖြစ်ပါတယ်။ ပညာရေးကဏ္ဍမှာတော့ All Inclusive/ All Acess ပေါ့၊ အားလုံး ပညာရေးစနစ်မှာ နေရာဒေသမရွေး၊ လူတိုင်းအကျုံးဝင်နိုင်သော၊ လက်လှမ်းမီနိုင်သော ပညာရေးစနစ် ဆောင်ရွက်ရန်ဆိုတဲ့ အချက်တွေကို အားလုံးသဘောတူညီချက်ရပြီးပါပြီ။ နောက်ထပ် အချက်ငါးချက်ကို ထပ်ပြီးတော့ ဆွေးနွေးဖို့ရှိပါသေးတယ်။ ဒီတစ်ခေါက်အစည်းအဝေးမှာ NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေရော၊ လက်မှတ်ထိုးပြီးသားအဖွဲ့တွေရော ပါဝင်လာတဲ့အတွက် နောက်ထပ်ခြေလှမ်းသစ်တွေ ရှိလာနိုင်ပါတယ်။ ငြိမ်းချမ်းရေးရမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာပါ။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးက အမြဲတွန်တွဲနေပါတယ်။ Peace to Progress/ Progress to Peace ပေါ့။ Peace to Development/ Development to Peace ပေါ့။ အဲဒီတော့ ဒီနှစ်ခုက အချိုးကျဖြစ်နေတယ်ဆိုတဲ့ အခါကျတော့ တကယ်ဖွံ့ဖြိုးတိုးတက်တယ်။ ကိုယ့်လူမျိုးကို တကယ်ချစ်တယ်ဆိုလို့ရှိရင် လူတိုင်းကတော့ ဖွံ့ဖြိုးတိုးတက်မှုကို လိုချင်မှာပဲ၊ အဲလို လိုချင်တယ်ဆိုရင် ငြိမ်းချမ်းရေးကို ရအောင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရမှသာလျှင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသဖြင့် အခြေခံလူ့အခွင့်အရေးတွေအကုန်လုံး အပြည့်အဝရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အားလုံးကလည်း ဒီအပေါ်မှာ ယုံကြည်မျှော်လင့်ချက်နဲ့ လာကြတာဖြစ်ပါတယ်။ တိုင်းရင်းသားတိုင်းသည် ငြိမ်းချမ်းရေးကို အထူးလိုလားနေပါတယ်။ အားလုံးပဲ ဖွံ့ဖြိုးတိုးတက်ချင်နေကြတယ်။ ကမ္ဘာကြီးနဲ့အမီ ရင်ပေါင်တန်းပြီး လိုက်ချင်နေကြတယ်။ အားလုံးက ငြိမ်းချမ်းရေးကို မျှော်လင့်နေတယ်။ မျှော်လင့်နေတဲ့အတိုင်းပဲ ယုံကြည်ချက်နဲ့ ချီတက်နေတဲ့အတွက် မကြာမီမှာ မြန်မာပြည်ကြီးငြိမ်းချမ်းလာမယ်လို့ ထင်မြင်ယူဆမိပါတယ်။

**ဦးယောဟန်**
**"ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ**
**လုံခြုံရေးကဏ္ဍ**

ကျွန်တော်တို့ လုံခြုံရေးကဏ္ဍမှာတော့ ခေါင်းစဉ်သတ်မှတ်ချက်တို့၊ အဓိပ္ပာယ်ဖော်ပြချက်တို့ သတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးတဲ့ အနေအထားမှာပဲရှိပါသေးတယ်။ အားလုံးကတော့ မျှော်လင့်ချက်ကြီးကြီးနဲ့ ဆွေးနွေးနေကြပါတယ်။ NCA မှာ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေလည်း သူတို့ရဲ့ ရည်မှန်းချက်တွေ ပြည့်ဝလာတဲ့အချိန်တော့ သူတို့ပါလာဖို့ မျှော်မှန်းထားတယ်လို့ သိထားပါတယ်။

**တွေ့ဆုံမေးမြန်း-ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သီဟစည်သူ**

# (၂၁)ရာစု ပင်လုံတတိယအစည်းအဝေး အောင်မြင်ရေးမှသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းလာပြီး နိုင်ငံ၏လူမှုစီးပွားရေးအရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရေးဆီသို့

**သံအမတ်ကြီးဒေါက်တာလှမောင် (ဘောဂ)**

*(ယမန်နေ့မှ အဆက်)*

**မြန်မာနိုင်ငံလူမှုစီးပွားရေးအခြေအနေ နောက်ကျကျန်ရစ်ခဲ့ရသည့် အဓိကအကြောင်းရင်းခံများ**

အဘယ့်ကြောင့်လက်ရှိမြန်မာနိုင်ငံ၏လူမှုစီးပွားရေးအခြေအနေသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနောက်ကျကျန်ရစ်ခဲ့ရသည့် အဓိကအကြောင်းရင်းခံများကို ရှင်းလင်းတင်ပြသွားပါမည်။

**(၁) ပြည်တွင်းတည်ငြိမ်အေးချမ်းမှု မတည်ဆောက်နိုင်ခဲ့ခြင်း**

ကမ္ဘာ့စီးပွားရေးပညာရှင်များ မကြာခဏလမ်းညွှန်ထောက်ပြပြောကြားလေ့ရှိသည့်အတိုင်း "ပြည်တွင်းတည်ငြိမ်အေးချမ်းရေးသည် နိုင်ငံ၏လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ကြိုတင်ဆောင်ရွက်ထားရမည့် လိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။" (Political Stability is Prerequisity for Economic Development)ဆိုသည့် လမ်းညွှန်ချက်သည် မြန်မာနိုင်ငံ၏လက်ရှိလူမှုစီးပွားရေးများစွာ နောက်ကျကျန်ရစ်ခဲ့သည့်အချက်နှင့် ဆက်စပ်ထင်ဟပ်လျက်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ပြည်တွင်း တည်ငြိမ်အေးချမ်းမှုသည် မိမိတို့နိုင်ငံအတွက် ထိပ်တန်းဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်သွားရန် အဘယ့်ကြောင့်အရေးကြီးလျက်ရှိသည်ကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါသည်။ မိမိတို့နိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပါသည်။ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်မှ အစပြု၍ပင် နိုင်ငံရေးပါတီအချို့ စတင်တောခိုခဲ့ပါသည်။ နောက်ပိုင်းမှာလည်း ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် တိုင်းရင်းသားအဖွဲ့အစည်း တစ်ဒါဇင်ကျော်ခန့် လက်နက်ကိုင်တောခိုပြီး တိုက်ပွဲဝင်ခဲ့ကြပါသည်။ မိမိတို့၏အမိမြန်မာနိုင်ငံသည် လွန်ခဲ့သည့်အနှစ် (၇၀) ကျော်ခန့်ကာလမှအစပြု၍ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့်အတွက် မြန်မာနိုင်ငံ၏လူမှုစီးပွားရေးအခြေအနေသည် အိမ်နီးနားချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ယခုကဲ့သို့များစွာနောက်ကျကျန်ရစ်နေခဲ့ရခြင်းဖြစ်ပါသည်။ ၎င်းအချက်သည် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးယခုကဲ့သို့များစွာနောက်ကျကျန်ရစ်ခဲ့ရသည့်အရေးကြီးပြီး အဓိကကျသည့်အကြောင်းရင်းခံ တစ်ခုဖြစ်ပါသည်။

**(၂) အစိုးရအုပ်ချုပ်မှုယန္တရားများ မကြာခဏပြောင်းလဲမှုဖြစ်ပေါ်ခဲ့ခြင်း**

မိမိတို့မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် အစိုးရအုပ်ချုပ်ရေး ယန္တရားများမကြာခဏပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။ ထိုကဲ့သို့ အစိုးရအုပ်ချုပ်ရေးယန္တရား ပြောင်းလဲဖြစ်ပေါ်လာသည်နှင့်အညီ နိုင်ငံအတွက် ချမှတ်ကျင့်သုံးခဲ့သည့်စီးပွားရေးမူဝါဒများမှာလည်း မကြာခဏပြောင်းလဲဖြစ်ပေါ်ခဲ့ရပါသည်။ ဥပမာအားဖြင့် တင်ပြရမည်ဆိုလျှင် ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ဖဆပလ (ပါလီမန်ဒီမိုကရေစီအစိုးရ)ပေါ်ထွန်းလာခဲ့ပါသည်။ ထိုအချိန်ကာလတွင် ဈေးကွက်စီးပွားရေးစနစ် မူဝါဒကိုစတင်ကျင့်သုံးခဲ့ကြပါသည်။ ၁၉၅၈ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းက ဦးနုအစိုးရကိုဖြုတ်ချပြီး၊ ကြားဖြတ်အစိုးရ (Caretaker Government)ဖွဲ့၍ တစ်နှစ်ကျော်ခန့် အုပ်ချုပ်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရအဖြစ်ပေါ်ထွန်းလာခဲ့ပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာခဲ့သည်နှင့်အညီ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖြစ်ကြသော စက်ရုံ၊ အလုပ်ရုံများ၊ ကုန်တိုက်ကြီးများ၊ ဘဏ္ဍာတိုက်ကြီးများ၊ ပုဂ္ဂလိကကျောင်းများနှင့် ဆေးရုံများစသည်တို့ကို နိုင်ငံပိုင်အဖြစ် သိမ်းယူခဲ့ကြခြင်းကြောင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအားလုံး ချုပ်ငြိမ်းမှုနီးပါးဖြစ်သွားခဲ့ရပါသည်။ ထို့အပြင် ၁၉၇၅ ခုနှစ်တွင် ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ဦးဆောင်၍ တစ်ပါတီစနစ်ဖြင့် ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပပြုလုပ်ခဲ့ပြီး ဆိုရှယ်လစ်စီးပွားရေးမူဝါဒစနစ်ကို ဆက်လက်ကျင့်သုံးခဲ့ပါသည်။ တစ်ဖန် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၏အာဏာကို တပ်မတော်မှ ထိန်းသိမ်းရယူခဲ့ပြီး စစ်အစိုးရအသွင်ဖြင့် ၂၂နှစ်ကျော်ခန့်ဆက်လက်အုပ်ချုပ်ခဲ့ပါသည်။ ထိုကဲ့သို့ အုပ်ချုပ်ခဲ့စဉ်တွင် စီးပွားရေးမူဝါဒကို ဈေးကွက်စီးပွားရေးမူဝါဒအဖြစ် ချမှတ်ကျင့်သုံးခဲ့သော်ငြားလည်း ဈေးကွက်စီးပွားရေးစနစ်ကို အစပျိုးခဲ့သည့်အဆင့်၌သာ ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုမှတစ်ဆင့် ၂၀၁၁ ခုနှစ်တွင် စစ်အစိုးရအုပ်ချုပ်သည့်ပုံသဏ္ဌာန်ကို ပြောင်းလဲ၍ ပါတီစုံဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး သမ္မတကြီးဦးသိန်းစိန်ဦးဆောင်သည့် အရပ်သားအစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာခဲ့ပါသည်။ သမ္မတကြီးဦးသိန်းစိန်ဦးဆောင်သည့် အစိုးရလက်ထက်တွင် ယခင်စစ်အစိုးရလက်ထက်ကချမှတ်ထားပြီး ကျင့်သုံးခဲ့သည့် ဈေးကွက်စီးပွားရေးစနစ်ကိုပင် ဆက်လက်ကျင့်သုံးခဲ့သော်ငြားလည်း အပြည့်အဝပီပြင်သော ဈေးကွက်စီးပွားရေးစနစ်အဆင့်အထိ ရောက်ရှိခဲ့ခြင်းမရှိသေးသည်ကို တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ အကြောင်းအချက်များက ဖော်ညွှန်းပြသလျက်ရှိခဲ့သည်မှာ မိမိတို့နိုင်ငံတွင် အစိုးရ အုပ်ချုပ်ရေးယန္တရားများ မကြာခဏပြောင်းလဲဖြစ်ပေါ်ခဲ့သည့်အပြင် ထိုကဲ့သို့ပြောင်းလဲခြင်းဖြစ်ပေါ်ခဲ့သည်နှင့်အညီ ချမှတ်ကျင့်သုံးခဲ့သည့် စီးပွားရေးမူဝါဒများမှာလည်း မကြာခဏပြောင်းလဲကျင့်သုံးလာခဲ့ရသောကြောင့် မိမိတို့နိုင်ငံ၏ စီးပွားရေးစဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးမှုကို အကျိုးမပြုနိုင်ခဲ့သည့်အားလျော်စွာ မိမိတို့နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လူမှုစီးပွားရေးအခြေအနေများနောက်ကျကျန်ရစ်လာစေရန်ဖြစ်စေခဲ့သည့် အကြောင်းရင်းခံတစ်ရပ်ဖြစ်ခဲ့ပါသည်။

**(၃) အနောက်အုပ်စုအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုခံခဲ့ရခြင်း**

၁၉၈၈ ခုနှစ်တွင် တပ်မတော်မှနိုင်ငံတော်အာဏာကို ထပ်မံထိန်းကျောင်းရယူခဲ့သည်ကို အကြောင်းပြု၍ အမေရိကန်နိုင်ငံဦးဆောင်သည့် အနောက်အုပ်စုအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံအား စီးပွားရေးဒဏ်ခတ် ပိတ်ဆို့မှုဥပဒေများ ပြဋ္ဌာန်းခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ၎င်းနိုင်ငံများနှင့် ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ငွေရေးကြေးရေး ဆက်သွယ်ဆောင်ရွက်ခဲ့ရာတွင် အထိုက်အလျောက် အခက်အခဲများဖြင့် ကြုံတွေ့ခဲ့ရပါသည်။ ထို့ကြောင့် နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေတိုးတက်ဖွံ့ဖြိုးမှုကို အနည်းငယ်ထိပါးမှုရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

အထက်တွင်အဘယ့်ကြောင့် လက်ရှိမြန်မာနိုင်ငံ၏လူမှုစီးပွားရေးအခြေအနေသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနောက်ကျကျန်ရစ်ခဲ့ရသည့်အကြောင်းရင်းခံသုံးရပ်ကို ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ၎င်းတို့အနက် ဒုတိယအကြောင်းရင်းခံဖြစ်သည့် "အစိုးရအုပ်ချုပ်ရေးယန္တရားများ မကြာခဏပြောင်းလဲမှုဖြစ်ပေါ်ခဲ့ခြင်း"ကြောင့်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုတွင် အထိုက်အလျောက် အဟန့်အတားဖြစ်စေခဲ့ပါသည်။ ထို့အပြင် တတိယအကြောင်းရင်းခံ ဖြစ်သည့် "အနောက်အုပ်စုအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုခံခဲ့ရခြင်း"မှာလည်း မိမိတို့နိုင်ငံ၏စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အနည်းငယ် ထိပါးမှုရှိခဲ့ပါသည်။ သို့သော် မိမိအပါအဝင် စီးပွားရေးပညာရှင်အများစုတို့၏ခံယူချက်မှာ ယခုကဲ့သို့ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာ နောက်ကျကျန်ရစ်ခဲ့ရသည့် အရေးကြီးပြီး အဓိကကျသည့် အကြောင်းရင်းခံတစ်ရပ်မှာ မိမိတို့နိုင်ငံတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ ကျော်အချိန်ကာလအတွင်း ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိအောင် တည်ဆောက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ဖြစ်သည်ဟုခံယူမိပါသည်။ မိမိတို့ခံယူချက်သည် ကမ္ဘာ့စီးပွားရေးပညာရှင်များက မကြာခဏလမ်းညွှန်ထောက်ပြချက်နှင့် ထပ်တူထပ်မျှရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးပညာရှင်များ မကြာခဏလမ်းညွှန်ထောက်ပြ ပြောကြားလေ့ရှိသည်မှာ "ပြည်တွင်းတည်ငြိမ်အေးချမ်းရေးသည် နိုင်ငံ၏လူမှုစီးပွား တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ကြိုတင်ဆောင်ရွက်ထားရမည့် လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်" (Political Stability is Prerequisity for Economic Development)ဆိုသည့်လမ်းညွှန်ချက်သည် မြန်မာနိုင်ငံ၏ လက်ရှိလူမှုစီးပွားရေးများစွာ နောက်ကျကျန်ရစ်ခဲ့သည့်အချက်နှင့် ဆက်စပ်ထင်ဟပ်လျက်ရှိနေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှု အထူးအရေးကြီးသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် (၂၁) ရာစုပင်လုံညီလာခံကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် မိန့်ကြားခဲ့သည့်မိန့်ခွန်းကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြလိုပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ "ဒီအစည်းအဝေးက ကျွန်မတို့ အားလုံးအတွက် အရေးကြီးပါတယ်၊ ငြိမ်းချမ်းရေးရှိမှ ကျွန်မတို့ ပြည်သူလူထုရဲ့ စိတ်နှလုံးချမ်းသာနိုင်မှာ၊ ပြည်သူလူထုတိုးတက်နိုင်မှာပါ။ ရေရှည်မှာ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဘယ်လိုစီးပွားရေးကိုမျှ ထိန်းသိမ်းထားနိုင်မှာ မဟုတ်ပါဘူး။ စီးပွားရေး ဘယ်လောက်ပဲတိုးတက်တိုးတက်ငြိမ်းချမ်းရေး မရှိတာနဲ့ စီးပွားရေးက ပြိုသွားနိုင်ပါတယ်။ ဒါကြောင့်ကျွန်မတို့အတွက် အဓိကအရေးကြီးတာက ငြိမ်းချမ်းရေးဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံဟာငြိမ်းချမ်းရေးမရခဲ့ရခြင်း အကြောင်းရင်းတစ်ခုက ကျွန်မတို့ရဲ့ ပြည်ထောင်စုသားများအားလုံးရဲ့ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေကို မဖြည့်ဆည်းပေးနိုင်လို့ပဲဖြစ်ပါတယ်" ဟု မိန့်ကြားသွားခဲ့ပါသည်။

**ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်မှုများ**

လွတ်လပ်ရေးရပြီးနောက်ပိုင်း တက်ရောက်လာခဲ့ကြသည့် အစိုးရအဖွဲ့အစည်းအသီးသီးတို့အနေဖြင့်လည်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့်တွေ့ဆုံခဲ့ကြပြီး ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြပါ။ ယခုနောက်ပိုင်းသမ္မတကြီး ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရလက်ထက်သက်တမ်းမကုန်ဆုံးမီ နှစ်နှစ်ကျော်ခန့်အချိန်ယူ၍ ပြည်တွင်းအေးချမ်းမှု ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အားလျော်စွာ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် သမ္မတကြီးဦးသိန်းစိန်ဦးဆောင်သည့် နိုင်ငံတော်အကြီးအကဲများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ရှစ်ဖွဲ့တို့သည် "NCA"တစ်နိုင်ငံလုံးအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ မိမိတို့နိုင်ငံ ပြည်တွင်းတည်ငြိမ်အေးချမ်းမှု ရရှိစေရေးအတွက် ပဏာမအောင်မြင်မှုတစ်ရပ်ရရှိခဲ့ခြင်းကို နိုင်ငံသားများအားလုံးတို့ အသိအမှတ်ပြုကြရမည်ဖြစ်ပါသည်။

**(၂၁)ရာစုပင်လုံညီလာခံ**

မိမိတို့မြန်မာနိုင်ငံသည် နှစ်ပေါင်းတစ်ရာခန့် သူ့ကျွန်ဘဝတွင် နေထိုင်ခဲ့ရာမှ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပေါ်ထွန်းလာခဲ့ပြီး ကမ္ဘာ့အလယ်တွင် လွတ်လပ်သောနိုင်ငံ တစ်နိုင်ငံအဖြစ်ရပ်တည်နေထိုင်လာခဲ့ကြရသည်မှာ (၂၀)ရာစုနှစ် ပထမပင်လုံညီလာခံအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ထိုနည်းတူစွာပင် ယခုအစိုးရသစ် တက်ရောက်လာခဲ့ပြီးနောက်ပိုင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်၍ ဒုတိယအကြိမ် (၂၁)ရာစုပင်လုံညီလာခံ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အစိုးရသစ်အဖွဲ့၏လုပ်ငန်းစဉ်များထဲတွင် ထိပ်ဆုံးမှ ပထမဦးစားပေးအဆင့်ချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ ထို့ကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံတတိယအစည်းအဝေးကိုဆက်လက်ကျင်းပနေရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများက တစ်ခဲနက်ထောက်ခံကြပြီး ကြိုဆိုလက်ခံကြရမည်ဖြစ်ပါသည်။ ယခုကျင်းပလျက်ရှိနေသည့် (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်မည်ဆိုပါက တိုင်းရင်းသားစည်းလုံးညီညွတ်မှုမှတစ်ဆင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိလာပြီးခေတ်မီတိုးတက်ဖွံ့ဖြိုးလာသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို မိမိတို့အားလုံး ပေါင်းစည်းတည်ဆောက်နိုင်ကြတော့မည်ဖြစ်ပါသည်။

ကမ္ဘာ့စီးပွားရေးပညာရှင်များက လမ်းညွှန်ထောက်ပြထားသည်နှင့်အညီ မိမိတို့နိုင်ငံ၏ ပြည်တွင်း တည်ငြိမ်အေးချမ်းမှုကို ကြိုတင်တည်ဆောက်ထားနိုင်ခြင်းမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် မည်သို့ပင်စီမံကိန်းအမျိုးမျိုး ချမှတ်ဆောင်ရွက် အကောင်အထည်ဖော်မည်ဖြစ်သော်လည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်လာအောင် မည်သို့မျှဆောင်ရွက်နိုင်ကြမည်မဟုတ်ပါ။

(၂၁)ရာစုပင်လုံညီလာခံသည် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများအားလုံးအတွက် နှစ်ပေါင်းများစွာ သေနတ်သံတည်ညံနှင့် ငြိမ်းချမ်းမှုမရှိဘဲ စားဝတ်နေရေးအခက်အခဲမျိုးစုံတို့ဖြင့် ကြုံတွေ့နေရသည့် လူမှုဘဝမှလွတ်မြောက်နိုင်စေရန် ဆောင်ကြဉ်းပေးနိုင်မည့် တစ်ခုတည်းသော ညီလာခံတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ယခုအစိုးရသစ်တက်ရောက်လာပြီးနောက်ပိုင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံတတိယအစည်းအဝေး အောင် မြင်စွာကျင်းပနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းမှုကို မိမိတို့ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးတို့က အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မှသာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်ပါသည်။

တစ်ဖန်လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၄ ရက်၌ မိန့်ခွန်းပြောကြားခဲ့ရာတွင် "လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ် မအောင်မြင်ခဲ့ပါက အချိန်မည်မျှထပ်မံ စောင့်ဆိုင်းရမည်ကို မသိရှိနိုင်ဘဲ ထိုကာလအတွင်း ကြုံတွေ့ရမည့် တိုင်းပြည်ထိခိုက်နစ်နာမှုများကိုထည့်သွင်းစဉ်းစားကြရန်" ဒေါ်အောင်ဆန်းစုကြည်က သတိပေး ပြောကြားခဲ့ပါသည်။ "အခွင့်အလမ်းဆိုတာ လူတစ်ယောက်ရဲ့ဘဝမှာနှစ်ခါပြန်မလာပါဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းကြောင်းက အင်မတန်ရှည်ပါတယ်။ အခွင့်အရေးတစ်ခါ လွတ်သွားမယ်ဆိုရင် ပြန်ရလာနိုင်မည် မဟုတ်ပါ။ ဒါကြောင့် ကျွန်မတို့က အောင်မြင်အောင် လုပ်ချင်ပါတယ်။ အောင်မြင်အောင်လုပ်နိုင်ခဲ့ရင် ကျွန်မတို့နိုင်ငံအတွက် အများကြီး အကျိုးရှိပါတယ်။ ဒီတစ်ခေါက် မအောင်မြင်ရင် နောင်ဘယ်လောက်အထိ စောင့်ရမလဲ။ အဲ့ဒီစောင့်နေတဲ့အချိန်အတွင်းမှာ ကျွန်မတို့နိုင်ငံ ဘယ်လောက်ထိခိုက်နစ်နာမလဲဆိုတာကိုကျွန်မတို့ စဉ်းစားစေချင်ပါတယ်။ အခုဆိုရင် အားလုံးသိကြတဲ့အတိုင်း ကျွန်မတို့နိုင်ငံဟာ ကမ္ဘာကြီးနဲ့ တောင်မပြောပါဘူး။ ကျွန်မတို့ဒေသမှာတင် နောက်ကျကျန်နေခဲ့ပြီ။ ဒီနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်လုပ်တဲ့ ပုဂ္ဂိုလ်တွေ အရည်အချင်း ဘယ်လောက်ဆုံးရှုံးခဲ့ကြလဲ။ နောက်တစ်ခါ အဲ့ဒီလိုဆုံးရှုံးမှုတွေ မဖြစ်စေချင်တော့ပါဘူး" ဟု ဒေါ်အောင်ဆန်းစုကြည်က မိန့်ကြားခဲ့ပါသည်။

> **"(၂၁) ရာစု ပင်လုံညီလာခံသည် မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး အတွက် နှစ်ပေါင်းများစွာ သေနတ် သံတည်ညံနှင့် ငြိမ်းချမ်းမှုမရှိဘဲ စားဝတ်နေရေး အခက်အခဲမျိုးစုံတို့ ဖြင့် ကြုံတွေ့နေရသည့် လူမှုဘဝမှ လွတ်မြောက်နိုင်စေရန် ဆောင်ကြဉ်း ပေးနိုင်မည့် တစ်ခုတည်းသော ညီလာခံတစ်ရပ်ဖြစ်ပါသည်"**

**နိဂုံး**

အထက်တွင်ရှင်းလင်းတင်ပြရေးသားခဲ့သည့် အချက်အလက်များကို ပြန်လည်စိစစ်သုံးသပ်ကြည့်မည်ဆိုပါက တစ်ချိန်က မိမိတို့မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေသည် အာရှမိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက တန်းတူရည်တူရှိနေခဲ့ရာမှ ယခုအချိန်အခါတွင် မိမိတို့နိုင်ငံ၏လူမှုစီးပွားရေးအခြေအနေမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဆယ်စုနှစ် နှစ်ခုသုံးခုခန့်နောက်ကျကျန်ရစ်ခဲ့လျက်ရှိနေသည်ကို တွေ့ရှိကြရမည်ဖြစ်ပါသည်။

ထိုကဲ့သို့မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေ နောက်ကျကျန်ရစ်ခဲ့ရသည့် အဓိကအကြောင်းရင်းကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုပါက လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ ကျော်အချိန်ကာလအတွင်းပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိအောင် မတည်ဆောက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိကြရမည် ဖြစ်ပါသည်။

ယခုအခါတွင်မူ မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးမျှော်လင့်တောင့်တနေသည့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိစေမည့် လုပ်ငန်းစဉ်တစ်ရပ် ပေါ်ထွန်းလာနေပြီဖြစ်ပါသည်။ ၎င်းလုပ်ငန်း စဉ်မှာ (၂၁)ရာစု ပင်လုံတတိယအစည်းအဝေးကျင်းပပြုလုပ်နေရခြင်းပင် ဖြစ်ပါသည်။ လက်ရှိ ကျင်းပနေသည့် (၂၁) ရာစုပင်လုံတတိယအစည်းအဝေးအောင်မြင်စွာကျင်းပနိုင်မည်ဆိုပါက မိမိတို့နိုင်ငံသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှတစ်ဆင့် ပြည်တွင်းတည်ငြိမ်အေးချမ်း ရေးကို မလွဲကေန်ရရှိနိုင်ကြတော့မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့ပြည်ထောင်စုတိုင်းရင်းသားညီ အစ်ကိုမောင်နှမအားလုံးတို့က "ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစု ပင်လုံတတိယအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားသွန်ခွန်စိုက် အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်သွားကြရန်" လိုအပ်ပါမည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိစေရန် အဓိဋ္ဌာန်ချမှတ်ပြီး "လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ" ဟူသည့် ဆောင်ပုဒ်ကိုစွဲကိုင်ပြီး ဆောင်ရွက်ခဲ့သည့်အတွက် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုနည်းတူစွာပင် မိမိတို့ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်တကွ ပြည်သူအပေါင်းတို့အနေဖြင့် "ပြည်ထောင်စုငြိမ်းချမ်းရေးသည် ပထမ၊ ပြည်ထောင်စုငြိမ်းချမ်းရေးသည် ဒုတိယ၊ ပြည်ထောင်စုငြိမ်းချမ်းရေးသည် တတိယ"ဟူသည့်ဆောင်ပုဒ်ကိုစွဲကိုင်ပြီး ယခု ကျင်းပလျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစု ပင်လုံတတိယအစည်းအဝေးအောင်မြင်မှုရရှိစေရန်အတွက် အင်တိုက်အားတိုက် ဝိုင်းဝန်းထောက်ခံအားပေးကြရန် လိုအပ်ပါမည်။ သို့မှသာ မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှတစ်ဆင့် ပြည်တွင်းတည်ငြိမ် ခေတ်မီတိုးတက်ဖွံ့ဖြိုးသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်ကြတော့မည်ဖြစ်ပါသည်။ ။

# နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင် ဆဋ္ဌမအကြိမ်မြောက် အာဆီယံမြို့တော်ဝန်များ အစည်းအဝေးသို့တက်ရောက်




**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မျိုးအောင်နှင့်အဖွဲ့သည် ဇူလိုင် ၅ ရက်မှ ၈ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် အာဆီယံ မြို့တော်ဝန်များ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး များသို့ တက်ရောက်ခဲ့ကြသည်။

မြို့တော်ဝန် ဒေါက်တာမျိုးအောင်သည် ဇူလိုင် ၆ ရက် နံနက်ပိုင်းတွင် အာဆီယံနိုင်ငံများမှ မြို့တော်ဝန်များနှင့်အတူ စင်ကာပူနိုင်ငံ အနောက်တောင်ပိုင်း ခရိုင်ရှိ Bukit Panjang Eco City သို့သွားရောက်၍ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စွာ ရေရှည်တည်တံ့ခိုင်မြဲသည့် မြို့ပြအခြေခံ အဆောက်အအုံများနှင့် ဗိသုကာပညာရပ်များ၊ Urban Gardening စနစ်များအား သွားရောက်လေ့လာခဲ့ကြသည်။

ယင်းနောက် မြို့တော်ဝန်ဒေါက်တာ မျိုးအောင်နှင့် အာဆီယံနိုင်ငံများမှ မြို့တော်ဝန်များ၊ အာဆီယံဒုတိယအတွင်း ရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ အား စင်ကာပူနိုင်ငံရှိ ယူနက်စကိုရှေးဟောင်းအမွေအနှစ် စာရင်းဝင် Singapore Botanic Garden ၌ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Vivian Balakrishnan က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် စင်ကာပူနိုင်ငံလွှတ်တော်အဆောက်အအုံ၌ လွှတ်တော်ဥက္ကဋ္ဌ Mr. Tan Chuan-Jin နှင့် တွေ့ဆုံ၍ ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် အာဆီယံဒေသဖြစ်စေရေး၊ မြို့တော်များအနေဖြင့် ကြုံတွေ့ရလျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရေးနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရေး၊ Cyber Crime နှင့် အကြမ်းဖက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရေး စသည့်စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးသည်။

မြို့တော်ဝန် ဒေါက်တာမျိုးအောင်သည် ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် အာဆီယံနိုင်ငံများမှ မြို့တော်ဝန်များ၊ အုပ်ချုပ်ရေးမှူးများ၊ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့နှင့်အတူ စင်ကာပူနိုင်ငံ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် အာဆီယံမြို့တော်ဝန်များ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။ ဆဋ္ဌမအကြိမ်မြောက် အာဆီယံမြို့တော်ဝန်များ အစည်းအဝေးကို ရေရှည်တည်တံ့ခိုင်မြဲသည့် သဘာဝပတ်ဝန်းကျင် တည်ဆောက်နိုင်ရေးကို ရှေးရှု၍ "Resilience & Innovation" ခေါင်းစဉ်ဖြင့် ကျင်းပသည်။ အစည်းအဝေးကို ခေါင်းစဉ်ခွဲ သုံးခုဖြင့် ကျင်းပရာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် လူနေမှုဘဝကို မြှင့်တင်နိုင်ရေးနှင့် လူမှုရေးတာဝန်ကျေပွန်မှုရှိသော လူမှုအသိုင်းအဝိုင်း ဖြစ်စေရေးတို့အတွက် Community Resilience ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်သူလူထုအတွက် ရေအရင်းအမြစ် လုံလောက်စွာရရှိစေရေးနှင့် မြို့တော်အတွင်း ရေကြီးရေလျှံမှုများ ကြိုတင်ကာကွယ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ Water Resource Management ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် သဘာဝပတ်ဝန်းကျင် ဖြစ်စေရေးအတွက် အဆင့်မြင့်နည်းပညာများ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ Smart Technology for Sustainable Environment ခေါင်းစဉ်ဖြင့်လည်းကောင်း အပြန်အလှန် ဆွေးနွေးကြသည်။

ယင်းနောက် စင်ကာပူကြေညာစာတမ်းကို လက်မှတ်ရေးထိုးကြပြီး မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့် အာဆီယံနိုင်ငံများမှ မြို့တော်ဝန်များ၊ အုပ်ချုပ်ရေးမှူးများအား စင်ကာပူသမ္မတနိုင်ငံ၊ သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ရေးရာဝန်ကြီး Mr .Masagos Zulkifli ကဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံသည်။ ညပိုင်းတွင် ဆဋ္ဌမအကြိမ်မြောက် အာဆီယံမြို့တော် ဝန်များအစည်းအဝေးပြီးမြောက်အောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် စင်ကာပူသမ္မတနိုင်ငံ ဝါရင့်ဝန်ကြီး Mr. Koh Poh Koon က Marina Bay Sands ဟိုတယ်၌ တည်ခင်း ဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့်အဖွဲ့သည် Marina Bay Sands ဟိုတယ်၊ Sands Expo ၌ ကျင်းပသည့် အာဆီယံ Smart Cities ကွန်ရက်အစည်းအဝေးသို့ တက်ရောက်ရာ အစည်းအဝေးတွင် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Vivian Balakrishnan က အဖွင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့် အဖွဲ့သည် Sands Expo ခန်းမ၌ အာဆီယံနိုင်ငံများမှ Smart Cities များအဖြစ် ကနဦး တည်ဆောက်မည့် မြို့တော် ၂၆ မြို့နှင့် စပ်လျဉ်းသည့် Smart Cities Action Plans များနှင့် ဦးစားပေးလုပ်ငန်းစဉ်များ ပြပွဲတွင် လှည့်လည်ကြည့်ရှုသည်။ ထို့နောက် အာဆီယံ Smart Cities ကွန်ရက်အစည်းအဝေး Inaugural ASCN Meeting (Closed-door) သို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံမူများ ၂၀၁၉ ခုနှစ်တွင် ချမှတ်နိုင်အောင် ကြိုးပမ်းမည်ဆိုသည့်အချက်အား (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ သဘောထားထုတ်ပြန်ချက်အဖြစ် ထုတ်ပြန်နိုင်ရန် စီစဉ်သွားမည်

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်း ပွဲကို ညီလာခံတတိယနေ့အပြီး ယနေ့ ညနေ ၅ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန MICC-2 တွင် ကျင်းပခဲ့ရာ ပြည်ထောင်စုငြိမ်းချမ်း ရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်း ရေးမှူးများဖြစ်ကြသည့် စိုင်းကျော်ညွန့်၊ ဦးလှမောင်ရွှေ၊ ဦးဇော်ဌေးနှင့်ဦးအောင် စိုးတို့က ရှင်းလင်းကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အစည်းများ တွေ့ဆုံခဲ့ကြောင်းကို ဦးဇော်ဌေးက "နံနက် ၉ နာရီမှာ တွေ့ဆုံကြပါတယ်။ (၁)အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေအတွက် ဘယ်လိုဖြေရှင်းမလဲ။ (၂) ပိုမိုပြီးထိရောက် ကောင်းမွန်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်လာစေရန် မည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်မလဲ။ (၃) အဆုံးအဖြတ် ပေးနိုင်မည့် ခေါင်းဆောင်တွေကြားတွင် ယခုထက်ပိုမိုနီးကပ်စွာ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားကြဖို့ဆိုတဲ့ အချက်တွေကို ဆွေးနွေးခဲ့ပါတယ်။ အသေးစိတ် အချက်အလက်တွေကိုတော့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံတတိယ အစည်းအဝေးပြီးတာနဲ့ ဆက်လက်ဆောင်ရွက်ဖို့ ဆွေးနွေးပါတယ်"ဟု ပြောသည်။

ယနေ့ညီလာခံ တတိယနေ့တွင် အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီတို့က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍကြီးများ အတွက် သက်ဆိုင်ရာကဏ္ဍအသီးသီး တွင် ဆွေးနွေးခဲ့ကြသည်။

နိုင်ငံရေးကဏ္ဍအစုအဖွဲ့ ကိုယ်စားလှယ် စိုင်းကျော်ညွန့်က "ယနေ့ပြုလုပ်တဲ့ နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲမှာ UPDJC မှ တင်သွင်းအဆိုပြုခဲ့တဲ့ အချက်လေးချက်ကို ဆက်လက်ဆွေးနွေး ခဲ့ကြပါတယ်။ ဆွေးနွေးရာမှာ စကားလုံး အပေါ် ဝိဝါဒကွဲပြားလာနိုင်တဲ့ အသုံးအနှုန်းတွေကြောင့် UPDJC က တင်သွင်းလာတဲ့ အဆိုပြုလွှာကို ညီလာခံက ထပ်ဆင့်အတည်ပြုပေးနိုင်ဖို့ အဆိုပြုပါတယ်။ အစုအဖွဲ့အားလုံးက သဘောတူညီဖို့ အလားအလာရှိခဲ့ပါတယ်။ မနက်ဖြန်မှာတော့ အချက်လေးချက်စလုံးကို သဘောတူညီနိုင်မယ်လို့ ပြောချင်ပါတယ်" ဟု ပြောသည်။

မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍအစုအဖွဲ့ဦးအောင်စိုးက UPDJC က ချမှတ်ပေးသည့် အချက်နှစ်ချက်စလုံး ဆွေးနွေးခဲ့ကြောင်း စကားလုံးအချို့ ပြင်ဆင်၍ သဘောတူညီချက်ပေးပို့ရန် သဘောတူညီကြောင်း ပြောကြားသည်။

စီးပွားရေးကဏ္ဍတွင် တင်သွင်းသည့် အချက်တစ်ချက်အား အစုအဖွဲ့ ငါးဖွဲ့က သဘောတူညီမှုရရှိကာ လူမှုရေးကဏ္ဍတွင် အချက် ၇ ချက်လုံး သဘောတူညီမှုရရှိပြီး သက်ဆိုင်သည့် စကားလုံး သတ်ပုံသတ်ညွှန်း ပြင်ဆင်ရန်လိုအပ်ကြောင်း သိရသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ- (၂၁) ရာစုပင်လုံ တတိယ အစည်းအဝေးအပြီးတွင် ညီလာခံ သဘောထားကို ထုတ်ပြန်သွားမည်ဖြစ်ပြီး ညီလာခံ၏ သဘောထားထုတ်ပြန်ချက်ကို UPDJC သို့တင်သွင်းထားကြောင်း သိရသည်။

ဦးဇော်ဌေးက " နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အဖွင့်မိန့်ခွန်းတွင် ပြောကြားခဲ့တာက ၂၀၁၈ ခုနှစ်အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးတစ်ကြိမ် ထပ်မံကျင်းပဖို့နဲ့ ၂၀၁၉ ခုနှစ်မှာ ညီလာခံနှစ်ကြိမ်ကျင်းပဖို့၊ စုစုပေါင်း သုံးကြိမ်ကျင်းပဖို့ပါ။ ဒီမိုကရေစီနဲ့ ဖက်ဒရယ် အခြေခံမူတွေချမှတ်နိုင်အောင် ကြိုးပမ်းမယ်ဆိုတဲ့ ညီလာခံရဲ့သဘောထား ထုတ်ပြန်ချက်ထုတ်ပြန်သွားဖို့ UPDJC မှာ တင်ထားပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တွေကလည်း အကြမ်းဖျင်းသဘောတူပါတယ်" ဟု ပြောသည်။

သတင်းစာ ရှင်းလင်းပွဲတွင် တပ်မတော်နှင့် အစိုးရဘက်က အတည်ပြုထားသည့် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အချိန်သတ်မှတ်မှုအပေါ် လက်နက်ကိုင် အဖွဲ့အစည်းများက ၂၀၃၀ ပြည့်နှစ်မှသာ နိုင်ငံရေးဆွေးနွေးပွဲများ စတင်မည် ဟု ပြောကြားထားသည့်အချက်နှင့် စပ်လျဉ်းမေးမြန်းမှုကို ဦးဇော်ဌေးက " အစိုးရရဲ့ ရေရှည်မျှော်မှန်းချက်က ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုဖြစ်ပေါ်ရေးပါ။ အစိုးရက ၂၀၂၀ ပြည့်နှစ် မျှော်မှန်းချက်ထားတာက အဲဒီအချိန်မှာ ရွေးကောက်ပွဲတွေရှိလာမှာဖြစ်တဲ့အတွက် နိုင်ငံရေးပါတီတွေက စည်းရုံးလှုပ်ရှားမှုတွေ ရှိလာရင် ငြိမ်းချမ်းရေးအပေါ် အလေးအနက်ထားတာ လျော့လာမယ်။ ဒါကြောင့် အချိန်တိုမျှော်မှန်းချက်ဖြစ်တဲ့ ၂၀၁၉ ခုနှစ်မှာ အခြေခံမူတွေရအောင် မျှော်မှန်းတာပါ။



အခြေခံမူအနေနဲ့ ခွဲမထွက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရင် နိုင်ငံရေးမှာ ပြေလည်သွားမယ်။ လုပ်ငန်းစဉ်အနေနဲ့ အခုသွားနေတဲ့ တရားဝင်အစည်းအဝေး တွေအပြင် အလွတ်သဘော တွေ့ဆုံမှု တွေလုပ်မယ်။ ခေါင်းဆောင်အချင်းချင်း တွေ့မယ်။ ဒီပုံစံနဲ့ သွားဖို့ပြောထားပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ အခြေခံအုတ်မြစ်ချနိုင်ဖို့ပါ "ဟုပြောသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တရုတ်၏ပါဝင်မှု အခန်းကဏ္ဍကို သိလိုပါသည်ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ ဦးဇော်ဌေးက "အိမ်နီးချင်းဆိုတာရွေးလို့မရဘူး။ နယ်မြေချင်းထိစပ်နေတယ်။ဆွေမျိုးပေါက်ဖော်ပတ်သက်မှု ရှိတယ်။ တရုတ်ရဲ့အခန်းကဏ္ဍက အရေးကြီးပါတယ်။ တရုတ်မူဝါဒက နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးပါ။ ဒါက သူ့ရဲ့ အကျိုးစီးပွားပါ။ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းဖို့အတွက် ငြိမ်းချမ်းရေးကမြန်မာနိုင်ငံရဲ့ ဦးစားပေးလုပ်ငန်းစဉ် ဖြစ်တယ်။ ဒီတော့ ဘုံအကျိုးစီးပွားတွေရှိနေတယ်။ တရုတ်က နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းဖို့အတွက် ပံ့ပိုးကူညီပေးမယ်။ နိုင်ငံရဲ့ပြည်တွင်းရေးကိုတော့ မစွက်ဖက်ဘူးလို့ ပြောထားပြီးသားပါ" ဟု ပြောသည်။

UPDJC က တင်သွင်းသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် သဘောတူညီချက် အားလုံး (၁၄) ချက်ကို ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၂) အဖြစ် ထည့်သွင်းသွားနိုင်မည်လား ဟူသည့် မေးမြန်းချက်နှင့်စပ်လျဉ်း၍ ဦးလှမောင်ရွှေက " လုပ်ဆောင်ခဲ့ဖူးခြင်းမရှိတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် မူဘောင်နဲ့ လုပ်ငန်းလမ်းညွှန်တွေကို အကောင်းဆုံးလုပ်ခဲ့ပါတယ်။ အခုဆွေးနွေးတော့ ညီလာခံကိုယ်စားလှယ်တွေက လုပ်ငန်းကော်မတီထဲမှာ မပါတဲ့သူများတယ်။ ကျစ်လျစ်ပြီးသား စကားလုံးတွေကို ကောင်းမွန်တဲ့ ဆန္ဒနဲ့ သူတို့လည်း ထပ်ထည့်ပြီး ဆွေးနွေးတော့ ပြန်ညှိနေရတယ်။ ဒါကြောင့် မနက်ဖြန်မှာ အစုအဖွဲ့တွေအလိုက် ပြန်ဆွေးနွေးမယ်။ မနက်ဖြန်တော့ အဖြေထွက်မှာပါ"ဟု ပြောသည်။

ယနေ့ညီလာခံ တတိယနေ့တွင် ကဏ္ဍလေးခုအတွက် UPDJC က တင်သွင်းသည့် အချက် ၁၄ ချက်ကို အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီတို့က ဆွေးနွေးရာ မူရင်းအဓိပ္ပာယ်များကို သဘောတူညီခဲ့ပြီး စကားလုံးရွေးချယ်မှုနှင့် စာလုံးပေါင်း သတ်ပုံသတ်ညွှန်းရွေးချယ်မှုကိုသာ အစုအဖွဲ့လိုက် ပြန်လည်ဆွေးနွေးရန်လိုကြောင်း သိရသည်။

**သတင်း- ရဲခေါင်ညွန့်**
**ဓာတ်ပုံ- ဖိုးထောင်**

# “ကြွေ”ရုပ်ရှင်ဇာတ်ကား ဇူလိုင် ၂၀ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် ဇူလိုင် ၁၃

**Bo Bo Film Production က စီစဉ်ထုတ်လုပ်သည့် “ကြွေ” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဇူလိုင် ၂၀ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**


ဒါရိုက်တာ သားညီ



သရုပ်ဆောင် လွှမ်းပိုင်



သရုပ်ဆောင် ဇော်ဇော်အောင်



သရုပ်ဆောင် အိချောပို

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ သားညီက ရိုက်ကူးထားခြင်းဖြစ်ပြီး တက္ကသိုလ်ကျောင်းသား လူငယ်များသည် လွတ်လပ်ပေါ့ပါးသော အနေအထိုင် အပြုအမူများနှင့် နေထိုင်ကြသော်လည်း အလေးအနက်ထားရမည့် အရာတို့ကို အလေးအနက်ထားတတ်ကြကြောင်း၊ သူငယ်ချင်းဆိုသည်မှာ မိမိ၏မိတ်ဆွေ အပေါင်းအသင်း ဒုက္ခရောက်မည်ကို မလိုလားဘဲ အမြဲတစေဘေးနားမှနေ၍ စိုးရိမ်တကြီး လမ်းညွှန်အကြံပေးတတ်ကြကြောင်း၊ မည်မျှနွေးထွေး၍ ပျော်စရာကောင်းသော မိသားစုပင်ဖြစ်ပါစေ ဘေးပယောဂကြောင့် တစ်ဦးနှင့်တစ်ဦး အထင်လွဲစရာကြုံလာလျှင် ပွင့်ပွင့်လင်းလင်း ဝန်ခံပြောဆိုဖြေရှင်းသင့်ကြောင်း၊ မည်မျှပင်ခက်ခဲကြမ်းတမ်းပါစေ စစ်မှန်သော ချစ်ခြင်းမေတ္တာတရားသည် အစမ်းသပ်ခံနိုင်ကြောင်း အစရှိသည့် ရည်ရွယ်ချက်များဖြင့် ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်း ရုပ်ရှင်ဇာတ်ကားသည် လွှမ်းပိုင်၊ ရဲအောင်၊ အိချောပို၊ စိုးမြတ်သူဇာနှင့် အခြားသော အနုပညာရှင်များစွာဖြင့် ပုံဖော်ထားသည့် ကျောင်းသား အချစ်ဟာသ ရုပ်ရှင်ဇာတ်ကားကြီးဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာသားညီက “ဒီဇာတ်ကားက အချစ်ဇာတ်ကားလေးပါ။ ဆရာမင်းလူရဲ့ “ပြောတိုင်းယုံတဲ့ပုတ်သင်ညို” ဆိုတဲ့ဝတ္ထုကို လွှမ်းပိုင်နဲ့ အိချောပိုတို့ ခေါင်းဆောင်ပြီးတော့ ရိုက်ထားတဲ့ အချစ်ဟာသ ဇာတ်ကားလေးပါ။ အဓိကကတော့ ကောင်မလေးတစ်ယောက်ကို ဘယ်လောက်အထိ ချစ်ပြနိုင်မလဲ၊ ဘယ်လောက်အထိ အလိုလိုက်နိုင်မလဲ ဆိုတာကို ရိုက်ထားတာပါ။ လူငယ်တွေကြားထဲက အချစ်ရဲ့ဖြစ်တတ်တဲ့ သဘောလေးပါ။ ရိုက်ကွင်းအမှတ်တရအနေနဲ့ကတော့ ဒီဇာတ်ကားရိုက်တဲ့အချိန်မှာ မိုးတွေ ဆက်တိုက်ရွာနေတယ်။ မိုးသည်းထဲမှာ ခက်ခက်ခဲခဲရိုက်ခဲ့ရတဲ့ ဇာတ်ကားလေးပါ”ဟု ပြောသည်။

သရုပ်ဆောင် လွှမ်းပိုင်က “ဒီဇာတ်ကားမှာ နေမင်းမောင်ဆိုတဲ့ တက္ကသိုလ်ကျောင်းသားအနေနဲ့ မြင်ရမှာပါ။ ခင်ရင်တင် ဆိုတဲ့ တစ်ကျောင်းလုံးရဲ့ Queen ကိုတွေ့ရင်းနဲ့ အရူးအမူးကြိုက်သွားတဲ့ ဇာတ်လမ်းလေးပါ။ ဒီဇာတ်လမ်းလေးဟာ ဆရာ မင်းလူရဲ့ အောင်မြင်ထားတဲ့ ဝတ္ထုပါ။ အောင်မြင်ထားတဲ့ဝတ္ထုကို ပြန်ရိုက်ထားတဲ့အတွက် တာဝန်ကြီးပါတယ်။ စာဖတ်ပရိသတ်တွေအနေနဲ့ သူတို့သိရှိထားတာမျိုးနဲ့ လွဲချော်သွားတာမျိုးကို လက်ခံကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ကြိုးစားပြီးရိုက်ထားပါတယ်။ ကျွန်တော်လည်း စာဖတ်ပရိသတ်တစ်ယောက်ဖြစ်တဲ့အတွက် ဝတ္ထုထဲက ဇာတ်ကောင်အတိုင်းဖြစ်အောင် သရုပ်ဆောင်ထားပါတယ်”ဟု ပြောသည်။

သရုပ်ဆောင် အိချောပိုက “ဒီဇာတ်ကားလေးကတော့ လူငယ်ဖန်စီဇာတ်လမ်းလေးပါ။ ကျောင်းသား၊ ကျောင်းသူတွေရဲ့ပျော်ရွှင်စရာ အကြောင်းလေးတွေကို ဟာသလေးတွေ၊ စိတ်မကောင်းဖြစ်စရာလေးတွေနဲ့ ရသမျိုးစုံ ပါဝင်ပါတယ်။ ကျောင်းသူတစ်ဦးအနေနဲ့ မာနရှိတဲ့ပုံစံ၊ တည်တည်ငြိမ်ငြိမ်လေးနဲ့ သရုပ်ဆောင်ရတာပါ။ ဒီဇာတ်ကားလေးကို အချိန်လည်း တော်တော်ပေးပြီးရိုက်ခဲ့ရတယ်။ ရိုက်ကူးတုန်းက အလွဲအချော်လေးတွေနဲ့ အခက်အခဲတွေ အများကြီးရှိခဲ့တဲ့ ဇာတ်ကားလေးပါ။ ဒီဇာတ်ကားလေးကို ကိုယ်တိုင်လည်း အရင်တုန်းကတည်းက ကြိုက်ခဲ့တာပါ။ ဒီဘက်ခေတ်ပုံစံ အနည်းငယ်ပြောင်းထားပါတယ်။ ဒါရိုက်တာသင်ပြတဲ့အတိုင်း အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ထားပါတယ်။ အမှတ်တရအနေနဲ့ကတော့ ဒီဇာတ်ကားရိုက်တဲ့အချိန်မှာ အခက်အခဲတွေများလို့ နောက်တစ်ကြိမ် ပြန်ရိုက်ရတာတွေရှိတယ်။ အဲဒီတုန်းက လူမှုကွန်ရက်ပေါ်မှာ အမှတ်တရအနေနဲ့ “ကြွေ”ဆိုတဲ့ စကားလုံးလေးတွေ တင်ခဲ့ကြပါသေးတယ်”ဟု ပြောသည်။

သရုပ်ဆောင် ဇော်ဇော်အောင်က “ဒီဇာတ်ကားထဲမှာတော့ ကျွန်တော်က လွှမ်းပိုင်ရဲ့သူငယ်ချင်း ကျောင်းသားတစ်ဦးအနေနဲ့ ပါဝင်ခဲ့တာပါ။ သူငယ်ချင်းနေရာကနေ ပုံမှန်အတိုင်းပဲ သရုပ်ဆောင်ပေးရတာပါ။ ဒီဇာတ်ကားလေးကတော့ ကျောင်းထဲမှာ ပေါ်ပြူလာဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို အလွန်ချစ်တတ်တဲ့ ကောင်လေးတစ်ယောက်က တွေ့တဲ့ဇာတ်လမ်းလေးပါ။ မာယာများတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်မိတဲ့ ကျောင်းသား အချစ်ဟာသဇာတ်လမ်းမျိုးလေးပါ။ ဒီလိုကျောင်းသားဇာတ်ကားလေးတွေပြန်ကြည့်ပြီး အသက်အရွယ်ကြီးရင့်တဲ့သူတိုင်း ငယ်စဉ်အချိန်က ကျောင်းသားဘဝလေးကို ပြန်ရောက်သွားသလိုခံစားကြရမယ်၊ ပြန်ပြီးတော့ တမ်းတလွမ်းမောကြရမှာပါ။ ဒီဇာတ်ကားရိုက်တော့ မိုးတွေ တော်တော်ရွာတယ်။ ကျောင်းထဲမှာလည်း မိုးတွေ ခဏခဏရွာတဲ့အတွက် အကြိမ်ကြိမ်ပြန်ရိုက်ခဲ့ရတယ်၊ အချိန်တွေလည်း အများကြီး ပေးခဲ့ရပါတယ်။ ဒီဇာတ်ကားထဲမှာဆိုရင် လွှမ်းပိုင်ရေးထားတဲ့ ဇာတ်ဝင်သီချင်းလေး တော်တော်ကောင်းပါတယ်။ ဒါ့ကြောင့် ပရိသတ်တွေကို လာရောက်ကြည့်ရှုစေချင်တယ်။ နားလည်းနားထောင်စေချင်ပါတယ်”ဟု ပြောသည်။

ဇာတ်လမ်း အကျဉ်းအနေဖြင့် နေမင်းမောင်သည် နယ်မှပြောင်းလာပြီး ရန်ကုန်တွင် ကျောင်းတက်နေသော တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်သည်။ နယ်မှ ပြောင်းလာသော နေမင်းမောင်ကို သူငယ်ချင်းဖြစ်သူ ကျော်နန္ဒက ခင်ရင်တင်ကို မကြိုက်ဖို့သတိပေးသည်။ သို့သော် ရိုးရိုးတန်းတန်း သတိမပေးဘဲ ခင်ရင်တင်၏ ဓာတ်ပုံများ၊ Miss ပြိုင်ပွဲဝင်သည့် ဗီဒီယိုများကို သေသေချာချာပြပြီး သတိပေးမိသောကြောင့် နေမင်းမောင်က စွဲလမ်းသွားသည်။ ကံကောင်းထောက်မစွာပင် ခင်ရင်တင်ကလည်း နေမင်းမောင်အား မျက်မှန်းတန်းမိသွားကာ နေမင်းမောင်နှင့် ခင်မင်သွားသည်။ ခင်ရင်တင်က အခြားသူများကို အားမနာတမ်း ပညာပေးတတ်သော်လည်း နေမင်းမောင်ကိုတော့ အခွင့်အရေးပိုပေးသည်။ နေမင်းမောင်က တခြားသူတွေလို ပပလွှားလွှားမနေသလို၊ ခင်ရင်တင် စမ်းသပ်ပြီး ပေါက်ပေါက်ရှာရှာ ခိုင်းသမျှကိုလည်း မညည်းမညူ လုပ်ပေးတတ်သောကြောင့်ဖြစ်သည်။

ခင်ရင်တင် ခိုင်းသမျှလိုက်လုပ်ပေးနေသောကြောင့် ကျောင်းတွင်လည်း နာမည်ပျက်ရသည်။ သူငယ်ချင်းများက နေမင်းမောင် ခံရမည်စိုးသဖြင့် ဝိုင်းတားကြသော်လည်း နေမင်းမောင်က လက်မခံဘဲ သူငယ်ချင်းများနှင့်ရန်ဖြစ်ကာ မခေါ်နိုင်မပြောနိုင်ဖြစ်ရသည်အထိ ခင်ရင်တင်အပေါ် စွဲလမ်းခဲ့သည်။

ထိုသို့စွဲလမ်းမှုများကြောင့် ခင်ရင်တင် ခိုင်းသမျှ၊ ပူဆာသမျှ လုပ်ကိုင်ပေးရင်းနှင့် အလွဲလွဲအချော်ချော်ဖြစ်ခဲ့ပုံများ၊ ယောကျ်ားလေးတစ်ဦးအနေဖြင့် မိန်းကလေးတစ်ဦးကို လေးလေးနက်နက် စွဲလမ်းချစ်မိပြီဆိုလျှင် ချစ်သူတောင်းဆိုသမျှ အရာအားလုံးကို အတတ်နိုင်ဆုံး ပေးဆပ်လုပ်ကိုင်ပေးသည့် စရိုက်သဘာဝများကိုအခြေခံကာ ကျောင်းသားလူငယ်တို့၏ ပျော်ရွှင်စရာ အချိန်ကာလများကို ပေါ်လွင်အောင်ရိုက်ကူးထားသည့် ကျောင်းသား အချစ်ဟာသဇာတ်ကားကောင်း တစ်ကားဖြစ်ကြောင်းသိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



ကြွေ ရုပ်ရှင်ဇာတ်ကား၏ ပိုစတာကို တွေ့ရစဉ်။

# မြန်မာ၊ ဂျပန်၊ ထိုင်း ယူ-၁၄ လူငယ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာ၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ ယူ-၁၄ လူငယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် MFF U-14 ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထုတ်ပြန်လိုက်ပြီဖြစ်သည်။ ယင်းပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ မန္တလေးအကယ်ဒမီ ယူ-၁၄ အသင်းနှင့် ပုသိမ်အကယ်ဒမီ ယူ-၁၄ အသင်း၊ ဂျပန်နိုင်ငံမှ ဖူကူရှီးမား ယူ-၁၄ အသင်း၊ ထိုင်းနိုင်ငံမှ ထိုင်း ယူ-၁၄ လူငယ်လက်ရွေးစင်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။



ပြိုင်ပွဲကို လေးရက်ဆက်ကျင်းပမည်ဖြစ်ပြီး တစ်နေ့လျှင် နှစ်ပွဲနှုန်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲများအဖြစ် ဩဂုတ် ၆ ရက် နံနက် ၈ နာရီ၌ မြန်မာ မန္တလေးအကယ်ဒမီ ယူ-၁၄ အသင်းနှင့် ထိုင်း ယူ-၁၄ အသင်း၊ ညနေ ၃ နာရီခွဲတွင် မြန်မာ ပုသိမ်အကယ်ဒမီ ယူ-၁၄ အသင်းနှင့် ဂျပန်ဖူကူရှီးမား ယူ-၁၄ အသင်း၊ ဩဂုတ် ၇ ရက် နံနက် ၈ နာရီတွင် မြန်မာနှစ်သင်းဖြစ်သည့် မန္တလေးအကယ်ဒမီ ယူ-၁၄ အသင်းနှင့် ပုသိမ်အကယ်ဒမီ ယူ-၁၄ အသင်း၊ ညနေ ၃ နာရီခွဲတွင် ဂျပန်ဖူကူရှီးမား ယူ-၁၄ အသင်းနှင့် ထိုင်း ယူ-၁၄ အသင်း၊ ဩဂုတ် ၈ ရက် နံနက် ၈ နာရီတွင် ဂျပန်ဖူကူရှီးမား ယူ-၁၄ အသင်းနှင့် မြန်မာမန္တလေးအကယ်ဒမီ ယူ-၁၄ အသင်း၊ ညနေ ၃ နာရီခွဲတွင် ထိုင်း ယူ-၁၄ အသင်းနှင့် မြန်မာပုသိမ်အကယ်ဒမီ ယူ-၁၄ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုပွဲစဉ်တွင် အမှတ်အများဆုံးရသည့်နှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့် သုံး၊ လေးနေရာရအသင်းမှာ တတိယလုပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်အားလုံးကို အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) မြက်ခင်းတုကွင်း-၁ ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် လူငယ်မျိုးဆက်သစ် ကစားသမားကောင်းများထွက်ပေါ်လာစေရန် လူငယ်မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပြုစုပျိုးထောင်ရေးအတွက် ဂျပန်ဘောလုံးအဖွဲ့ချုပ်၊ ထိုင်းဘောလုံးအဖွဲ့ချုပ်တို့နှင့် ပူးပေါင်းကာ ယခုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

## အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) အသင်း Ayutthaya Asian Youth Football Festival 2018 ဆီမီးဖိုင်နယ်တက်

**ရန်ကုန် ဇူလိုင် ၁၃**

ထိုင်းနိုင်ငံ အယုဒ္ဓယမြို့၌ ကျင်းပလျက်ရှိသည် Ayutthaya Asian Youth Football Festival 2018 တွင် ဝင်ရောက်ယှဉ်ပြိုင်နေသော အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) ယူ-၁၃ အသင်းသည် အုပ်စုနှစ်ပွဲစလုံးအနိုင်ရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) ယူ-၁၃ အသင်းသည် ပြိုင်ပွဲပထမနေ့ဖြစ်သည့် ဇူလိုင် ၁၃ ရက်တွင် အုပ်စုနှစ်ပွဲစလုံး ယှဉ်ပြိုင်ကစားခဲ့ရပြီး နံနက်ပိုင်းက ယှဉ်ပြိုင်သည့်ပထမပွဲတွင် အိမ်ရှင် အယုဒ္ဓယအက်ဖ်စီအသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ရန်ကုန်အကယ်ဒမီအတွက် အနိုင်ဂိုးများကို ဖြိုးသီဟအောင်၊ သက်ပိုင်ကျော်၊ ကောင်းသန့်နှင့် စနေတိုးတို့ကသွင်းယူခဲ့သည်။ ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဒုတိယပွဲတွင် ဘီးယားလာအို အသင်းနှင့်ပွဲစဉ်တွင် ရန်ကုန်အကယ်ဒမီက ကိုးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင် ယူခဲ့သည်။ ရန်ကုန်အကယ်ဒမီအတွက် ဂိုးများကို ဇွဲမာန်သာနှင့် ဖြိုးသီဟအောင် သုံးဂိုးစီ၊ ဟွမ်ဟုန်မောင်၊ ဂျွန်စော၊ ဇော်မင်းဦးတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ မြန်မာအသင်းသည် နှစ်ပွဲကစားနှစ်ပွဲနိုင်၊ ခြောက်မှတ်ဖြင့် အုပ်စုပထမရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **ဖိုးသော်ဇင်**

## မြန်မာ့ရုပ်မြင်သံကြား

၁၄ -၇-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစု ပင်လုံတတိယ အစည်းအဝေး (တတိယနေ့) စကားသံများ"
၁၂း၄၀ - မြန်မာဇာတ်လမ်းတွဲ **ဇနီးချောများ ကွန်ရက်** (အပိုင်း -၁၅)
၁၃း၄၀ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁) ဒါရိုက်တာ- ကြည်စိုးထွန်း

ညပိုင်း

၁၅း၄၅ - Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Magwe FC Vs Southern Myanmar Fc)
၁၈း၃၀ - Tasty Trip
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးမပြေ** (အပိုင်း-၅)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - ပြည်ထောင်စုငြိမ်းချမ်း ရေး ညီလာခံ - (၂၁) ရာစု ပင်လုံတတိယ အစည်းအဝေး (စတုတ္ထနေ့) စကားသံများ
- Big Step (Singer -LP)
- နိုင်ငံခြားဇာတ်လမ်းတွဲ **အကယ်၍သာ** (အပိုင်း-၃)
- ဟိုတုန်းက ကက်ဆက်ဇာတ်လမ်းများ **မြည်ိုချစ်သော ကိုရင်ဩ** (အပိုင်း-၂) စောမြတ်နိုး၊ ဘလိတ်၊ စောယုနန္ဒာ၊ ချိုတေးလွင်လွင်၊ (ဒါရိုက်တာ-သီတာလင်း)

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တိုးချဲ့ရပ်ကွက် အုပ်ချုပ်ရေးမှူးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၃**

ထောက်ကြန့်မြို့တိုးချဲ့ရပ်ကွက် အုပ်ချုပ်ရေးမှူးသည် ရပ်ကွက်ပိုင်ပလပ်မြေများကို ပေ(၂၅ × ၅၀) မြေကွက်များအကွက်ရိုက်ရောင်းချခြင်း၊ မြေကွက်ဖော်ရာတွင် ရပ်ကွက်နေ ပြည်သူများက ကန့်ကွက်ပြီး သက်ဆိုင်ရာသို့တင်ပြမှုကြောင့် တားမြစ်ခံခဲ့ရကာ မြေကွက်ဝယ်ယူသူများကို နှစ်နှစ်ကျော်ကြာပြီး ယခုအချိန်အထိ ငွေ/ မြေကွက်ကို ပြန်မပေးဘဲ လိမ်လည်လှည့်ဖြားနေခြင်းကြောင့် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားသည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တိုးချဲ့ရပ်ကွက် အုပ်ချုပ်ရေးမှူးသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေကွက်များကို ၎င်း၏ သဘောဆန္ဒအလျောက် ဖော်ထုတ်ရောင်းချခဲ့ပြီး ငွေကျပ်သိန်း ၃၀၀ ခန့်ကို ယူဆောင်ကာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ခဲ့၍ မြေကွက်များအမြန်ရရှိရေးအတွက် တွေ့ဆုံညှိနှိုင်းခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအား ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇ အရ အရေးယူဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်း၌ ဩဂုတ် ၁၂ ရက်တွင် ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးရှာဖွေရာမှ သစ်ခွဲသားတန် ၂၀ ကျော်ဖမ်းမိ

**နေပြည်တော် ဇူလိုင် ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၂ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၆၇ စီး၊ သွင်းကုန် ၉၇၆ စီး၊ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၁၆၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈ ဒသမ ၆၅၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၅၆၇ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄ ဒသမ ၂၂၁ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားသည့် ဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ဒေါင်ဖန်း ယာဉ်တစ်စီး၊ တိုဖုန် ယာဉ်တစ်စီးနှင့် ဟိုက်အေ့စ် ယာဉ်တစ်စီးတို့အားစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော ကျွန်းခွဲသား၊ ပိတောက်သစ်လုံး၊ ပိတောက်ခားရွေ စုစုပေါင်း ၂၀ ဒသမ ၅၇၇ တန်နှင့် အဆိုပါပစ္စည်းများသယ်ဆောင်သည့် ယာဉ်သုံးစီးစုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅ ဒသမ ၈၅၄ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖန်းမော်၌ ပိုင်ရှင်မဲ့စက်လှေပေါ်မှ ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**ဖန်းမော် ဇူလိုင် ၁၃**

ကချင်ပြည်နယ် ဖန်းမော်ခရိုင် ဖန်းမော်မြို့နယ်၌ ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲက ဧရာဝတီမြစ်ကမ်းဘေး ဆိုက်ကပ်ထားသည့် ပိုင်ရှင်မဲ့စက်လှေပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖန်းမော်မြို့နယ် စင်းခန်းတံတားလုံခြုံရေးတာဝန်ကျ နယ်မြေခံတပ်မှ တပ်မတော်သားများ၊စင်းခန်းရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် လုံခြုံရေးဆောင်ရွက်နေစဉ် စင်းခန်းတံတားအနီးဆိုက်ကပ်ထားသည့် ကမ်ဘိုအမျိုးအစား ၁၆ ကောင်အင်ဂျင်တပ်စက်လှေတစ်စင်းကို ရှာဖွေစစ်ဆေးရာ စက်လှေပေါ်တွင် တရားမဝင်တင်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးဆိုဒ်စုံ ၂၂ တုံး၊ အလေးချိန် ၂၈ ဒသမ ၉၄ ပိဿာကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး စင်းခန်းနယ်မြေရဲစခန်း၌ သိမ်းဆည်းထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# တပ်ကုန်း၌ ဆိုင်ကယ်နှင့် ကားတိုက် တစ်ဦးသေ

**တပ်ကုန်း ဇူလိုင် ၁၃**

နေပြည်တော် တပ်ကုန်းမြို့ ရန်ကုန်-မန္တလေးလမ်း(မြို့နယ်အားကစားကွင်းရှေ့)တွင် ဇူလိုင် ၁၂ ရက် ည ၉ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားရာ ဆိုင်ကယ်မောင်းနှင်သူ လူငယ်တစ်ဦး သေဆုံးသွားသည်။

ဖြစ်စဉ်မှာ ပျဉ်းမနားဘက်သို့ အောင်မင်းသူ (၁၈ နှစ်) မောင်းနှင်၍ အာကာကျော် (၁၈ နှစ် ) စံပြကျေးရွာနေသူတို့ လိုက်ပါလာသည့် ၅၉ယ/----- ဆိုင်ကယ်သည် ရန်ကုန်- မန္တလေးလမ်းမအတိုင်းမောင်းနှင်လာစဉ် မြို့နယ်အားကစားကွင်းရှေ့အရောက်တွင် ခရစ်ယာန်ဘုရားကျောင်းဘက်မှ ရန်ကုန်-မန်း လမ်းမပေါ်သို့လက်ဝဲကွေ့ဖြတ်တက်လာသည့် ဦးခင်ဇော်(၅၇ နှစ်) ဗိုလ်မင်းရောင်ရပ်ကွက် မောင်းနှင်လာသည့် 8G /- - - - စတေရှင်ဝက်ဂွန်းယာဉ်နှင့်တိုက်မိသဖြင့် အောင်မင်းသူမှာဒဏ်ရာပြင်းထန်ရရှိပြီး တပ်ကုန်း ခုတင် ၁၀၀ ဆေးရုံမှတစ်ဆင့် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ကုသသော်လည်း ရရှိသည့်ဒဏ်ရာဖြင့် သေဆုံးသွားသဖြင့် ဦးခင်ဇော်အား တပ်ကုန်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# ထိုင်းနိုင်ငံသို့ သွားရောက်လိုသူများအား ဗီဇာအတု ပြုလုပ်ပေးမှုကြောင့် အရေးယူခံနေရ

**တာချီလိတ် ဇူလိုင် ၁၃**

ထိုင်းနိုင်ငံအတွင်းသို့ မြန်မာနိုင်ငံသားများ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်ကြရာတွင် မသမာသူအချို့က ငွေကြေးအဆမတန် တောင်းယူကြပြီး ဗီဇာအတုများ ထုတ်ပေးနေကြရာ မသိနားမလည်သူများမှာ ထိုင်းနိုင်ငံအဝင်တွင် ဗီဇာအတုကိုင်ဆောင်မှုဖြင့် အရေးယူခံကြရသောအဖြစ်နှင့် ကြုံတွေ့နေရကြောင်း သိရသည်။

"ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီခန့်မှာ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့အမှတ် -၁ ချစ်ကြည်ရေးတံတားတာဝန်ကျ ထိုင်းနိုင်ငံလဝကအရာရှိ တစ်ယောက်က မြန်မာနိုင်ငံသားတစ်ဦး ဗီဇာအတုနဲ့ ထိုင်းနိုင်ငံအတွင်း ဝင်ရောက်လာကြောင်း ကျွန်တော်တို့ကော်မတီကို ဖုန်းနဲ့ ဆက်သွယ်လာတဲ့အတွက် ဖြစ်စဉ်ကို သွားရောက်စုံစမ်းခဲ့ပါတယ်၊ ကာယကံရှင်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရှမ်းမငယ်ကျေးရွာ အုပ်စုမှာနေတဲ့ ဒေါ်......ပါ။ သူ့ကို မေးမြန်းကြည့်တဲ့အခါ ရင်သားကင်ဆာကုသဖို့အတွက် ထိုင်းနိုင်ငံကို ပတ်စ်ပို့နဲ့ တရားဝင်ထွက်ခွာလာခဲ့တာပါ။ ဗီဇာကိုတော့ ရန်ကုန်မြို့မှာ ပွဲစားကို လုပ်ခိုင်းခဲ့တာဖြစ်ပြီး အခုဒီရောက်လာတော့မှ ဗီဇာအတုဖြစ်နေပြီး အရေးယူခံရမယ်လို့ သိရှိရတာပါ။ ဒါ့ကြောင့် ကျွန်တော်တို့ ကော်မတီကနေပြီး အမှန်တကယ် မသိနားမလည်လို့ ဖြစ်ခဲ့ရတဲ့အပေါ် လူမှုရေးအရ နားလည်ခွင့်လွှတ်ပေးဖို့ ထိုင်းနိုင်ငံတာဝန်ရှိသူများကလည်း နားလည်လက်ခံပြီး ဒေါ်......အား ပြန်လည်လွှဲပြောင်းပေးခဲ့တဲ့အတွက် လက်ခံခေါ်ဆောင်လာပြီး မြန်မာနိုင်ငံ တာဝန်ရှိသူများထံ ဆက်လက်လွှဲပြောင်း ပေးအပ်ခဲ့ပါတယ်"ဟု ကူညီဆောင်ရွက်ပေးခဲ့သည့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ CNCMC ကော်မတီဝင် ဦးဇော်အောင်က ရှင်းပြသည်။

" ကျွန်မ ညီမတွေက မယ်ဆိုင်မြို့မှာနေပြီး ထိုင်းစကားလည်းတတ်ပါတယ်။ ကျွန်မမှာ ရင်သားကင်ဆာဖြစ်နေလို့ ထိုင်းနိုင်ငံမှာ ဆေးကုသဖို့ ရန်ကုန်မှာနေတဲ့ ပွဲစားကတစ်ဆင့် ဗီဇာလုပ်ခဲ့တာပါ။ ဒီရောက်တော့မှ ဗီဇာက အတုဖြစ်နေမှန်း သိရတာပါ။ ဗီဇာလုပ်ခငွေကျပ် နှစ်သိန်းလေးသောင်းပေးခဲ့ရပါတယ်" ဟု ကာယကံရှင်က ပြောသည်။

ယခုကဲ့သို့ ဖြစ်စဉ်မျိုး မကြာခဏပေါ်ပေါက်နေပြီး ယင်းကဲ့သို့ ဗီဇာအတုပြုလုပ်သူများသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နှစ်ဖက်လုံးတွင်ရှိကာ အချင်းချင်းချိတ်ဆက် ဆောင်ရွက်နေကြခြင်းဖြစ်ပြီး မသိနားမလည်သည့် ပြည်သူများမှာ ငွေကြေးလည်းဆုံးရှုံး၊ ဥပဒေအရလည်း အရေးယူခံနေကြရကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ မြန်မာ (က) နှင့် ထိုင်းအသင်း နှစ်ပွဲဆက်အနိုင်ရ

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၈ ခုနှစ် အကြိမ် (၂၀) မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့မွန်းတည့် ၁၂ နာရီက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ မြန်မာ (က) နှင့် ထိုင်းအသင်း နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

ဒုတိယနေ့တွင် ထိုင်းအသင်းက မလေးရှားအသင်းကို သုံးပွဲပြတ်၊ မြန်မာ (က) အသင်းက မြန်မာ (ခ) အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ မြန်မာ (က) အသင်းသည် မြန်မာ(ခ) အသင်းကို လက်ရည်အသာဖြင့် ကစားကာ အနိုင် ရခဲ့ခြင်းဖြစ်ပြီး ၂၅-၁၆ မှတ်၊ ၂၅-၁၄ မှတ်၊ ၂၅- ၁၃ မှတ်ဖြင့် သုံးပွဲပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ထိုင်းအသင်းမှာမူ မလေးရှားအသင်းကို ၂၅-၁၈ မှတ်၊ ၂၅-၁၀ မှတ်၊ ၂၅-၂၃ မှတ်ဖြင့် အနိုင်ရခဲ့သည်။

ယခုပွဲ အပြီးတွင် မြန်မာ (က) နှင့် ထိုင်းအသင်းသည်နှစ်ပွဲစလုံး အနိုင်ရထားပြီး မလေးရှားနှင့် မြန်မာ (ခ) အသင်းမှာမူ နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ အုပ်စုနောက်ဆုံးနေ့ကို ဇူလိုင် ၁၄ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီတွင် မြန်မာ (က) အသင်းနှင့် ထိုင်းအသင်း၊ မွန်းလွဲ ၂ နာရီတွင် မြန်မာ (ခ) အသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုနောက်ဆုံးပွဲများ ပြီးဆုံးမှသာ အဆင့်ရရှိမှုများ ထွက်ပေါ်မည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲအဖြစ် အဆင့်တစ်နှင့် လေး၊ အဆင့်နှစ်နှင့် သုံးနေရာရအသင်းတို့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**

**မြန်မာ (က) နှင့် မြန်မာ (ခ) အသင်းတို့ ယှဉ်ပြိုင်နေစဉ်။**

ဓာတ်ပုံ-ဖိုးသော်ဇင်




# အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတတိယလုပွဲ မြန်မာရှုံးပွဲကြုံ

**ရန်ကုန် ဇူလိုင် ၁၃**

၂၀၁၈ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲတတိယနေရာလုပွဲကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ ဗီယက်နမ် အသင်းက မြန်မာအသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် တတိယနေရာရရန် ကြိုးပမ်းခဲ့သော်လည်း အုပ်စုတွင်းတွေ့ဆုံခဲ့သည့် ဗီယက်နမ်အသင်းကို ထပ်မံရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အာဆီယံဒေသတွင်း ပြိုင်ဘက်ကောင်းများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်တို့နှင့် တွေ့ဆုံရာတွင် ရလဒ်ကောင်းရယူနိုင်ခြင်းမရှိရာ မြန်မာအမျိုးသမီးဘောလုံးအဆင့်အတန်းတိုးတက်မြင့်မားလာရန် အားစိုက်လုပ်ဆောင်ရတော့မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ပြီး တိုက်စစ်တွင် ရီရီဦးနှင့် ဝင်းသိင်္ဂီထွန်းကို အသုံးပြုခဲ့သော်လည်း ထင်သလောက် ဖိအားပေးနိုင်ခြင်း မရှိခဲ့ပေ။ ဗီယက်နမ်အသင်းသည် တတိယဆုရရန် အားကုန်ထုတ် ကစားခဲ့ပြီး ၁၀ မိနစ်တွင် ငုယင်သီတူယက်ဒေါင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ပွဲအစမှာပင် ဂိုးပေးလိုက်ရသောကြောင့် ကစားကွက်တည်မရဖြစ်ခဲ့ပြီး ဂိုးသွင်းခွင့်များကိုလည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။

ဒုတိယပိုင်းတွင်လည်း ဗီယက်နမ်အသင်းကသာပွဲကို ဆက်လက်ထိန်းချုပ်ခဲ့ပြီး ၆၉ မိနစ်တွင် ဖန်ဟိုင်ရီ၊ ၇၁ မိနစ်တွင် ငုယင်သီတူယက်ဒေါင်က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ လက်ကျန်မိနစ်များတွင် မြန်မာအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ဗီယက်နမ်အသင်းက ထိန်းကစားသွား၍ ချေပဂိုး မရဘဲရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ဓာတုစက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၉ ဦးသေဆုံး

**ပေကျင်း ဇူလိုင် ၁၃**

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ဓာတုစက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၉ ဦး သေဆုံးခဲ့ပြီး ၁၂ ဦး ဒဏ်ရာရရှိကြောင်း အာဏာပိုင်များက ဇူလိုင် ၁၃ ရက်က ပြောသည်။ စည်းကမ်းနှင့်မညီသော ဓာတုစက်ရုံပေါက်ကွဲမှုသည် ဝမ်းနည်းမှုတွေကို ဖြစ်စေခဲ့သည်။

ဓာတုစက်ရုံပေါက်ကွဲမှုသည် ဇူလိုင် ၁၂ ရက်ညက စီချွမ်ပြည်နယ် ယီဘင်မြို့ စက်မှုဇုန်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်လုပ်ငန်းခွင်ဆိုင်ရာ အန္တရာယ် ထိန်းသိမ်းရေးအာဏာပိုင်အဖွဲ့က ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် အခြေအနေအားလုံး ကောင်းမွန်လျက်ရှိကြောင်း ပြည်နယ်အာဏာပိုင်က ပြောခဲ့သည်။ ပေါက်ကွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများကိုလည်း ငြိမ်းသတ်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ဓာတုစက်ရုံကို ဓာတုပစ္စည်းများထုတ်လုပ်သည့် ဟန်ဒါကုမ္ပဏီက ပိုင်ဆိုင်ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံအတွင်း မကြာသေးမီ နှစ်များအတွင်းက စက်မှုဇုန်မတော်တဆ မှုများ မကြာခဏဖြစ်ပွားခဲ့ကြောင်း သိရသည်။ လွန်ခဲ့သော နိုဝင်ဘာလကလည်း အညစ်အကြေး သိုလှောင်ကန်တစ်ခု ပေါက်ကွဲခဲ့ရာ ရှန်ဟိုင်းတောင်ဘက် အနီးရှိ နင်ဘိုစက်မှုဇုန် ဧရိယာတစ်ခုလုံး ထိခိုက်ခဲ့သည်။

တရုတ်နိုင်ငံ၏ မြောက်ပိုင်း တီယန်ကျင်းဆိပ်ကမ်းမြို့တွင် လွန်ခဲ့သော ၂၀၁၅ ခုနှစ်ကလည်း ကုန်ပစ္စည်းများ သိုလှောင်ထားသော ကုန်လှောင်ရုံတစ်ခု၌ ကြီးမား သော ဓာတုပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၆၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရ သည်။




အဆိုပါပေါက်ကွဲမှုကြောင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ထိခိုက်ပျက်စီး ခဲ့သည်။ ထို့အတူ အဆိုပါပေါက်ကွဲမှု ဖြစ်စဉ်အပေါ် စုံစမ်းစစ်ဆေးအရေးယူရာတွင် ထင်သာမြင်သာမရှိဟု ပြစ်တင်ဝေဖန်ခဲ့ကြသည်။

ထိုအချိန်က တာဝန်ထမ်းဆောင်ခဲ့သော တီယန်ကျင်းမြို့တော်ဝန်ကိုလည်း လာဘ်စားသည်ဆိုကာ ထောင်ဒဏ် ၁၂ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်သမ္မတ ဗြိတိန်သို့ သွားရောက်လည်ပတ်

**ဝါရှင်တန် ဇူလိုင် ၁၃**

အမေရိကန်နိုင်ငံ သမ္မတ ဒေါ်နယ်ထရန့် သည် ဆန္ဒပြမှုများ သောသောညံဖြစ်ပွား နေသည့်ကြားက ဗြိတိန်နိုင်ငံသို့ ဇူလိုင် ၁၂ ရက်က သွားရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် ထရန့် သမ္မတ ဖြစ်ပြီးနောက် ဝန်ကြီးချုပ် ထရီဆာမေနှင့် ဘုရင်မကြီးတို့နှင့် တွေ့ဆုံရန် ဗြိတိန်သို့ ပထမဆုံးရောက်ရှိလာသည့် ခရီးစဉ် ဖြစ်ကြောင်း သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်၏ လေးရက်တာ ခရီးစဉ်အတွင်း ၎င်းကို ဘလန်ဟိန်းနန်းတော်တွင် ကြိုဆိုညစာစားပွဲခံ မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရန့် သည် တော်ဝင်စစ်သင်တန်းကျောင်း ဆင်းန်ဟာ့တ်သို့ သွားရောက်မည်ဖြစ်ပြီး ဗြိတိန်နိုင်ငံ၏ အဆင့်မြင့် စစ်စွမ်းရည် သရုပ်ပြမှုတစ်ခုနှင့် အမေရိကန်-ဗြိတိန် စစ်ရေးပူးပေါင်းလေ့ကျင့်မှုကို ကြည့်ရှု သွားမည်ဖြစ်ကြောင်း ဗြိတိန်အစိုးရ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



အမေရိကန် သမ္မတ ထရန့်၏ လန်ဒန်ခရီးစဉ်အား ဆန္ဒပြမည့်သူများ သည် ထောင်နှင့်ချီကာ လန်ဒန်တွင် စုဝေးခဲ့ကြသည်။

**ဆင်ဟွာ**

# ခရိုအေးရှားနိုင်ငံကို စစ်ရေးအရ အကူအညီပေးရန် အမေရိကန်သဘောတူ

**ဇာဂရက် ဇူလိုင် ၁၃**

ခရိုအေးရှားနိုင်ငံ၏တပ်ဖွဲ့အား ခေတ်မီတပ်ဖွဲ့ဖြစ်လာစေရေးအတွက် အမေရိကန်က လိုအပ်သည်များ ကူညီပေးသွားမည်ဟု ကြာသပတေးနေ့တွင် အမေရိကန် ကာကွယ်ရေးဝန်ကြီးဂျိမ်းမက်တစ်က ပြောသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် ခရိုအေးရှားနိုင်ငံ ဇာဂရက်ဘ်မြို့သို့အလည် အပတ်ရောက်ရှိနေပြီး ခရိုအေးရှားကာကွယ်ရေးဝန်ကြီး ဒီမီယာ ခရက်စ်တီစီဗစ် နှင့်အတူ နေတိုးထိပ်သီးအစည်းအဝေးမှအပြန် လေယာဉ်အတူစီးကာ ခရိုအေးရှား နိုင်ငံသို့သွားရောက်ခဲ့ခြင်းဖြစ်သည်။ ခရိုအေးရှားဝန်ကြီးချုပ် အန်ဒရက် ဖလန်ကိုဗစ် နှင့်တွေ့ဆုံစဉ် အမေရိကန် ကာကွယ်ရေးဝန်ကြီးက ခရိုအေးရှားနှင့် အမေရိကန်နိုင်ငံ တို့၏ ကောင်းမွန်သည့်ဆက်ဆံရေးများအကြောင်း ပြောဆိုခဲ့ပြီး ခရိုအေးရှားသည် ယုံကြည်ရသော မိတ်ဖက်နိုင်ငံဟု ပြောခဲ့သည်။

ဥရောပအရှေ့တောင်ပိုင်းဒေသ တည်ငြိမ်အေးချမ်းရေးကို အမေရိကန် ကလိုလားကြောင်း မက်တစ်ကပြောသည်။ ခရိုအေးရှားတပ်ဖွဲ့ကို ခေတ်မီသည့်တပ်ဖွဲ့ ဖြစ်လာစေရေး နောက်ထပ်ခြေလှမ်းများတွင်လည်း အမေရိကန်ကကူညီပေးသွား မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ခရိုအေးရှားနှင့်အမေရိကန်တို့သည် စစ်ရေးအရ နက်ရှိုင်းသည့်ပူးပေါင်းဆောင်ရွက်မှုမျိုးရှိပြီး ၂၀၀၉ ခုနှစ်နောက်ပိုင်း ခရိုအေးရှား သည် နေတိုးအဖွဲ့အတွင်းသို့ဝင်ခဲ့ပြီးနောက်တွင် ပိုမိုနက်ရှိုင်းသည့် စစ်ရေးပူးပေါင်း ဆောင်ရွက်မှုများပြုလုပ်ခဲ့သည်။

၂၀၁၀မှ ၂၀၁၆ ခုနှစ်အတွင်း ခရိုအေးရှားတပ်ဖွဲ့အတွက် အမေရိကန်မှ အမေရိ ကန်ဒေါ်လာ သန်း ၅၀၀ တန်ဖိုးရှိစစ်လက်နက်ပစ္စည်းများပေးလှူခဲ့သည်။ ခရို အေးရှားတပ်ဖွဲ့ဝင်ပေါင်း ၁၀၀၀ ခန့်မှာ အမေရိကန်တွင် လေ့ကျင့်သင်ကြားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဒါရာပြည်နယ် မြို့တော်ကို ဆီးရီးယားအစိုးရတပ်ဖွဲ့ ပြန်လည်သိမ်းပိုက်

**ဒမတ်စကတ် ဇူလိုင် ၁၃**

ဆီးရီးယားအစိုးရတပ်ဖွဲ့သည် ဇူလိုင် ၁၂ ရက်က ဒါရာပြည်နယ် မြို့တော် ဒါရာမြို့ အယ်လ်ဘလက်ဒေသကို တရားဝင် ပြန်လည် သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း ဆီးရီးယားနိုင်ငံပိုင် သတင်း ဌာန၏ ဖော်ပြချက်အရ သိရသည်။

ဒါရာမြို့အား မသိမ်းပိုက်မီ တစ်ရက် အလို ရုရှားနိုင်ငံ၏ ကြားဝင်ဖျန်ဖြေမှု ကြောင့် အယ်လ်ဘလက်ဒေသအတွင်းရှိ အစိုးရဆန့်ကျင် လက်နက်ကိုင်အဖွဲ့ အစည်းက ဆီးရီးယားအစိုးရထံသို့ အကြီးစားနှင့် အလတ်စားလက်နက်များ အပ်နှံခဲ့ကြောင်း သိရသည်။



၎င်းတို့သည် ဒါရာမြို့တွင် ဆက်လက် နေထိုင်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များတွင် ပါဝင်ခြင်း သို့မဟုတ် အစိုးရ ဆန့်ကျင်တပ်ဖွဲ့ထိန်းချုပ်သည့် နိုင်ငံ တောင်ပိုင်းသို့ ထွက်ခွာသွားခြင်းတို့ အနက် တစ်ခုခုကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဒါရာမြို့တွင် အယ်လ်ဘလက်ဒေသ နှင့် အယ်လ်မဟာတာဒေသဟူ၍ နှစ်ပိုင်း တည်ရှိပြီး ဆီးရီးယားအရေး စတင် ဖြစ်ပွားပြီးနောက် အယ်လ်ဘလက်ဒေသ အား အစိုးရဆန့်ကျင်လက်နက်ကိုင်အဖွဲ့ က ထိန်းချုပ်ခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့သည် ယခု အခါ စစ်ရေးဆောင်ရွက်ချက်နှင့် ငြိမ်းချမ်း ရေး ဆောင်ရွက်ချက်လုပ်ငန်းစဉ်များ ပြုလုပ်ပြီး ဒါရာပြည်နယ်အား အလုံးစုံ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဂျော်ဒန်နိုင်ငံ နှင့် ထိစပ်နေသည့် တောင်ပိုင်း နယ်စပ် ဂိတ်ကိုလည်း ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# တူရကီနိုင်ငံတွင် အာဏာသိမ်းရန်ကြိုးပမ်းမှုအတွက် လူပေါင်း ၇၂ ဦးကို တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်

**အန်ကာရာ ဇူလိုင် ၁၃**

လွန်ခဲ့သောနှစ်နှစ်ခန့်က တူရကီ၌ အာဏာသိမ်းရန်ကြိုးပမ်းမှုဖြစ်ပွားခဲ့ရာ ယင်းကိစ္စ နှင့် ဆက်စပ်လျက်ရှိသော လူပေါင်း ၇၂ ဦးကို တူရကီတရားရုံးက ထောင်ဒဏ် တစ်သက်ချမှတ်ခဲ့သည်။ တူရကီတပ်ဖွဲ့ဝင်များသည် ၂၀၁၆ခုနှစ် ဇူလိုင်လတွင် အစိုးရ ထံမှအာဏာသိမ်းရန်ကြိုးပမ်းခဲ့ရာ မြို့တော် အန်ကာရာရှိ ပါလီမန်အဆောက်အအုံ ကို ဗုံးခွဲခဲ့ပြီး လေဆိပ်နှင့် အစ္စတန်ဘူလ်ရှိ တံတားတစ်စင်းတို့ကို သိမ်းပိုက်ခဲ့သည်။

ယင်းသို့ အာဏာသိမ်းရန်ကြိုးပမ်းမှုကို တစ်ညလုံးလုပ်ဆောင်ခဲ့သည်။ အရပ် သားများအပါအဝင်လူပေါင်း ၂၅၀ ခန့် အသတ်ခံခဲ့ရသည်။ အစ္စတန်ဘူလ်ရှိ တရားရုံး တွင် ကြာသပတေးနေ့က ယင်းသို့ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းလူအားလုံး မှာ အစိုးရကိုဖြုတ်ချရန်ကြိုးပမ်းခဲ့သူများဖြစ်သည်ဟုလည်း မှတ်ချက်ပြုထားသည်။ အဆိုပါမအောင်မြင်ခဲ့သည့် အာဏာသိမ်းရန်ကြိုးပမ်းမှုအတွက် လူပေါင်း ၉၆၁ ဦး ထောင်ဒဏ်တစ်သက် ချမှတ်ခံထားရပြီးဖြစ်သည်။

လွန်ခဲ့သောလက သမ္မတအာဒိုဂန် ပြန်လည်ရွေးကောက်ခြင်းခံရသည်။ အာဏာသိမ်းရန်ကြိုးပမ်းမှု နှစ်နှစ်မြောက်အထိမ်းအမှတ်အဖြစ် တနင်္ဂနွေနေ့ တွင် ကျင်းပရန်လည်း အစီအစဉ်များရှိသည်ဟုသိရသည်။ တူရကီအတိုက်အခံများကမူ သမ္မတအာဒိုဂန်သည် အကြမ်းဖက် တန်ပြန်တိုက်ဖျက်ရေးဟုဆိုကာ ၎င်းနှင့် သဘော ထားကွဲလွဲသူများကို ဖိနှိပ်နေခြင်းသာဖြစ်သည်ဟုစွပ်စွဲကြသည်။ **အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### တာလီဘန်နှင့် အိုင်အက်စ်တို့ကြား တိုက်ပွဲများကြောင့် လူပေါင်း ၉၀ ကျော်သေဆုံး

**ကဘူးလ် ဇူလိုင် ၁၃**

အာဖဂန်နစ္စတန် မြောက်ပိုင်း ဂျော်ဂျန်ပြည်နယ်တွင် တိုက်ပွဲများဖြစ်ပွားမှုကြောင့် တာလီဘန်နှင့် အိုင်အက်စ်တို့မှ သူပုန် ၉၀ ကျော်ခန့် သေဆုံးခဲ့ကြောင်း အာဖဂန် မြောက်ပိုင်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် ဟာနီဖ်ရီဇိုင်းက သောကြာနေ့တွင် ပြောသည်။ တာလီဘန်နှင့် အိုင်အက်စ်တို့ကြား တိုက်ပွဲများကြောင့် စစ်သွေးကြွ ၉၃ ဦး သေဆုံးခဲ့ကြောင်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားဆဲဖြစ်ကြောင်း ရာဇီက ဆင်ဟွာသို့ ပြောသည်။

နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများ အပါအဝင် အိုင်အက်စ်အဖွဲ့မှ လူပေါင်း ၄၃ ဦး တိုက်ပွဲများအကြား သေဆုံးခဲ့ပြီး ၃၂ ဦးမှာ တာလီဘန်သူပုန်များ၏ ဖမ်းဆီးထားခြင်းခံထားရကြောင်း တာလီဘန်များ၏ ဖမ်းဆီးမှုတွင် အမျိုးသမီးသုံးဦးလည်း ပါဝင်ကြောင်း သိရသည်။ ကွစ်တစ်ပါခရိုင်တွင် အိုင်အက်စ်တို့အပေါ် တာလီဘန်များက စစ်ပွဲများဆင်နွှဲလျက်ရှိသည်။

ကြာသပတေးနေ့ည တိုက်ပွဲအခြေအနေအရ နှစ်ဖက်စလုံး အထိနာလျက်ရှိကြောင်းသိရသည်။ ကွစ်တစ်ပါ ခရိုင်တွင် လုံခြုံရေးကိုလည်း အတင်းကျပ်ဆုံးပြုလုပ်ထားကြောင်း အာဏာပိုင်များက ပြောသည်။ ကွစ်တစ်ပါခရိုင်နှင့် ဒါဇက်ခရိုင်တို့မှာ အိုင်အက်စ်စစ်သွေးကြွများ ထကြွရာနေရာများဖြစ်ပြီး လွန်ခဲ့သောနှစ်နှစ်အတွင်း အိုင်အက်စ်များနှင့် တာလီဘန်တို့ကြား တိုက်ပွဲများဖြစ်ပွားရာနေရာလည်း ဖြစ်သည်။ **ဆင်ဟွာ**

### သဘာဝဘေးဒဏ်ခံနေရာများကို အပိုရန်ပုံငွေများပေးအပ်မည်ဟု အာဘေး ကတိပြု

**တိုကျို ဇူလိုင် ၁၃**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုဒဏ်ခံစားရသော ဒေသများကို အပိုရန်ပုံငွေအဖြစ် ဒေါ်လာသန်း ၃၀၀ ပေးအပ်ရန်အစီအစဉ်ရှိသည်ဟု ပြောကြားခဲ့သည်။ သောကြာနေ့က ပြုလုပ်သော အရေးပေါ်တပ်ဖွဲ့၏ ငါးကြိမ်မြောက်အစည်းအဝေးတွင် ဂျပန်နိုင်ငံအနောက်ပိုင်း သဘာဝဘေးဒဏ်ခံဒေသများကို ဒေါ်လာ ၃၁၁ သန်း ခွဲဝေထောက်ပံ့ပေးရန် အစိုးရမှအစီအစဉ်ရှိကြောင်း ပြောသည်။

နိုင်ငံတော် ဘတ်ဂျက်ထဲမှ ဒေါ်လာ ၁၈ သန်းတန် ကယ်ဆယ်ရေးရန်ပုံငွေများ ထောက်ပံ့ပေးရန် အစိုးရက ဆုံးဖြတ်ပြီးဖြစ်သည်။ သဘာဝဘေးဒဏ်ခံဒေသတွင် စေတနာ့ဝန်ထမ်း ၅၅၀၀ မှာ ကူညီလုပ်ဆောင်ပေးလျက်ရှိကြောင်း ကြားသိရသည်ဟုလည်း ဂျပန်ဝန်ကြီးချုပ်က ပြောသည်။ ယင်းစေတနာ့ဝန်ထမ်းများ၏ လုပ်ဆောင်ချက်များကိုလည်း လေးစားအသိအမှတ်ပြုကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောသည်။ သုံးရက်တာပိတ်ရက်ကာလအတွင်း လူအများမှာ စေတနာ့ဝန်ထမ်းအဖွဲ့တွင် လာရောက် ပူးပေါင်းလိုကြောင်း သိရပြီး အဆိုပါလူများအနေဖြင့် အပူဒဏ်ကို ကောင်းစွာဂရုပြုရန်လည်းလိုအပ်ကြောင်း မစ္စတာ အာဘေးက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# စစ်ရေးအသုံးစရိတ်တိုးမြှင့်ဖို့နှင့်အတူ အာဖဂန်အရေးဆွေးနွေးခဲ့ကြတဲ့ နေတိုးထိပ်သီးအစည်းအဝေး

**ခြူးစန္ဒီနွေး**

**ဇူလိုင်လအတွင်းမှာ ကျင်းပဖို့လျာထားတဲ့ နေတိုးထိပ်သီးအစည်းအဝေးကတော့ သတ်မှတ်ထားတဲ့အတိုင်း ကျင်းပခဲ့ပါပြီ။ အားလုံးက ကြိုတင်မျှော်လင့်ထားတဲ့အတိုင်း အမေရိကန်သမ္မတထရန့်ကတော့ ဥရောပမဟာမိတ်တွေကို စစ်ရေးအသုံးစရိတ်မှာ နှစ်ဆအသုံးပြုဖို့ ဖိအားပေးပြောဆိုခဲ့ပါတယ်။**



### ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်ဖို့တောင်းဆို

အစည်းအဝေးကျင်းပတဲ့ ပထမနှစ်ရက်အတွင်းမှာပဲ နေတိုးခေါင်းဆောင်တွေနဲ့ ထရန့်တို့ ထိပ်တိုက်တွေ့ဆုံခဲ့ပါတယ်။ နေတိုးအဖွဲ့ဘဏ္ဍာရေးအတွက် ဥရောပ မဟာမိတ်တွေလည်း မျှဝေကျခံကြဖို့ အလေးပေးပြောဆိုခဲ့ပါတယ်။ ဒါ့အပြင် တိုင်းပြည် GDP ရဲ့၂ရာခိုင်နှုန်းကို စစ်ရေးအသုံးစရိတ်မှာ တိုးမြှင့်ဖို့ မဟာမိတ်တွေနဲ့ သဘောတူထားတာကိုလည်း မဟာမိတ်တွေဘက်က ကတိတည်ကြဖို့ ထပ်လောင်း တိုက်တွန်းခဲ့ပါတယ်။ ဒါ့အပြင် ၂ ရာခိုင်နှုန်းအစား ၄ ရာခိုင်နှုန်းဖြစ်သင့်တယ်လို့လည်း ဖိအားပေးပြောကြားခဲ့ပါသေးတယ်။

ဒါတွေအပြင် အစည်းအဝေးရဲ့ ဒုတိယနေ့မှာတော့ အမေရိကန်သမ္မတထရန့်ရဲ့တောင်းဆိုမှုတွေနဲ့ နေတိုးထိပ်သီးအစည်းအဝေးမှာ လှုပ်ရှားနေပြီး နေတိုးခေါင်းဆောင်တွေကတော့ သူတို့ အဓိကဦးစားပေးဆွေးနွေးမယ့် အကြောင်းအရာအဖြစ် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပဋိပက္ခတွေကို ဆွေးနွေးလိုတယ်။ သမ္မတထရန့်ရဲ့ ဂျာမနီအပေါ် မှတ်ချက်တွေကလည်း မကောင်းလှပါဘူး။ နေတိုးခေါင်းဆောင်တွေအားလုံးကတော့ ထရန့် အင်္ဂလန်ကို မသွားမီ အစည်းအဝေးမှာ အားလုံးအဆင်ပြေပြေနဲ့ ပြီးသွားချင်တာပါ။

ဒါပေမယ့် ဘရပ်ဆဲလ်မှာ ပြုလုပ်တဲ့ အစည်းအဝေးနောက်ဆုံးနေ့မှာတော့ သမ္မတထရန့်ဟာ အလျှော့မပေးဘဲ သူအရင်ပြောခဲ့တဲ့အတိုင်း ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပါတယ်။ နေတိုးအဖွဲ့ဝင်နိုင်ငံတွေဟာ ဘီလီယံနဲ့ချီတဲ့ ဒေါ်လာတွေ မနှစ်ကတည်းက သုံးခဲ့ပြီးပါပြီ။ ဒါပေမယ့် ဒါဟာလုံလောက်မှု မရှိသေးဘူးလို့ ထရန့်က ပြောခဲ့ပါတယ်။ ဂျာမနီဟာလည်း ရုရှားရဲ့ ထိန်းချုပ်မှုအောက်မှာပဲ ရောက်နေတယ်လို့ စွပ်စွဲခဲ့ပါသေးတယ်။ ဂျာမနီဟာ ရုရှားရဲ့ ဓာတ်ငွေ့တင်ပို့မှုအပေါ်မှာ မှီခိုနေရပါတယ်။ အီးယူရဲ့အချက်အလက်တွေအရ ရုရှားက ဓာတ်ငွေ့ ၅၀ ရာခိုင်နှုန်းကနေ ၇၅ ရာခိုင်နှုန်းကြား ဂျာမနီကို တင်သွင်းပါတယ်။ ဒါကြောင့်လည်း သမ္မတထရန့်က ဂျာမနီဟာ ရုရှားရဲ့ ထိန်းချုပ်မှုအောက်မှာလို့ စွပ်စွဲခဲ့တာပါ။ အာဖဂန်အရေးနဲ့ ပတ်သက်လို့ကတော့ အာဖဂန်သမ္မတ Ashraf Ghani က နေတိုးအစည်းအဝေး ဒုတိယနေ့မှာ တက်ရောက်ဖို့ စီစဉ်ခဲ့ပါတယ်။ နေတိုးအထွေထွေအတွင်းရေးမှူးချုပ် Jens Stoltenberg ဟာ အာဖဂန်က လုံခြုံရေးတပ်ဖွဲ့တွေအတွက် ၂၀၂၄ ခုနှစ်အထိ အဖွဲ့ကြီးကနေ ရန်ပုံငွေတွေ ထောက်ပံ့ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ပါတယ်။

### အာဖဂန်အရေး ဆွေးနွေးမယ်

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကလည်း အာဖဂန်နိုင်ငံအတွင်း တိုက်ခိုက်မှုအတွက်မဟုတ်ဘဲ အခြားနေရာတွေမှာ တာဝန်ထမ်းဆောင်ဖို့ ဗြိတိန်က တပ်ဖွဲ့ဝင်ပေါင်း ၄၄၀ ထပ်မံစေလွှတ်ပေးဖို့ ကတိပြုခဲ့ပါတယ်။ အမေရိကန်ကလည်း အာဖဂန်သို့ နောက်ထပ်တပ်ဖွဲ့ဝင်ပေါင်း သုံးထောင် ထပ်မံစေလွှတ်ပေးဖို့ ၂၀၁၇ ခုနှစ်တုန်းက ကတိပြုခဲ့ရာ အာဖဂန်မှာ ရောက်ရှိနေတဲ့ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း တစ်သောင်းခွဲ ရှိသွားပြီဖြစ်တယ်။

ထရန့် အမေရိကန်သမ္မတဖြစ်လာတဲ့အခါ အာဖဂန်စစ်ပွဲမှာ ဆက်လက် ပါသင့် မသင့် အတော်လေး စဉ်းစားခဲ့ပါတယ်။ အခုဆိုရင် အာဖဂန်ပြည်တွင်းစစ်ဟာ ၁၇ နှစ်ရှိလာပြီပဲ ဖြစ်တယ်။ အမေရိကန်က အရာရှိတွေဟာလည်း အာဖဂန်မှာ အသုံးပြုနေတဲ့ မဟာဗျူဟာတွေကို ပြောင်းလဲသုံးသပ်ဖို့ မြင်လာကြပြီ ဖြစ်ပါတယ်။

> **"ဂျော်ဂျီယာနဲ့ ယူကရိန်းတို့ဟာ နေတိုးအဖွဲ့ကြီးအတွင်းမှာ ပါဝင်လိုကြပါတယ်။ အဲဒီအတွက်လည်း နေတိုးခေါင်းဆောင်တွေဟာ ဆွေးနွေးမှုတွေပြုလုပ်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒါပေမယ့် သူတို့ရဲ့ မျှော်လင့်ချက်ဟာ လက်တွေ့အကောင်အထည်ပေါ်လာလိမ့်မယ်လို့တော့ ခန့်မှန်းလို့မရပါဘူး။ ဂျော်ဂျီယာနဲ့ ယူကရိန်းတို့အတွက် မျှော်လင့်ချက်သိပ်မရှိပေမယ့် မက်ဆီဒိုးနီးယားအတွက်ကတော့ အခြေအနေကောင်းပါတယ်။ ဆွေးနွေးမှုတွေ ဗုဒ္ဓဟူးနေ့မှာစတင်ဖို့ နေတိုးအဖွဲ့ဟာ မက်ဆီဒိုးနီးယားနိုင်ငံကို ဖိတ်ခေါ်ထား"**

နေတိုးအစည်းအဝေးအတွင်း အခြားဆွေးနွေးစရာ ကိစ္စတစ်ခုကတော့ အဖွဲ့ဝင်သစ် တိုး မတိုးပါပဲ။ ဂျော်ဂျီယာနဲ့ ယူကရိန်းတို့ဟာ နေတိုးအဖွဲ့ကြီးအတွင်းမှာ ပါဝင်လိုကြပါတယ်။ အဲဒီအတွက်လည်း နေတိုးခေါင်းဆောင်တွေဟာ ဆွေးနွေးမှုတွေ ပြုလုပ်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒါပေမယ့် သူတို့ရဲ့ မျှော်လင့်ချက်ဟာ လက်တွေ့အကောင် အထည်ပေါ်လာလိမ့်မယ်လို့တော့ ခန့်မှန်းလို့မရပါဘူး။ ဂျော်ဂျီယာနဲ့ ယူကရိန်းတို့အတွက် မျှော်လင့်ချက်သိပ်မရှိပေမယ့် မက်ဆီဒိုးနီးယားအတွက်ကတော့ အခြေအနေကောင်းပါတယ်။ ဆွေးနွေးမှုတွေ ဗုဒ္ဓဟူးနေ့မှာစတင်ဖို့ နေတိုးအဖွဲ့ဟာ မက်ဆီဒိုးနီးယားနိုင်ငံကို ဖိတ်ခေါ်ထားပါတယ်။

### ယူကေခရီးစဉ်

နေတိုးအစည်းအဝေးပြီးရင် သမ္မတထရန့်ဟာ သွားမယ်လို့ ရည်ရွယ်ခဲ့ပေမယ့် တစ်ခါမျှ အထမမြောက်ခဲ့တဲ့ ယူကေခရီးစဉ်ကို စတင်မှာပဲ ဖြစ်တယ်။ အလုပ်သဘောခရီးစဉ်ဟာ နှစ်ရက်တာကြာမြင့်မယ်လို့လည်း သိရပါတယ်။ အမေရိကန်သမ္မတ တစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်ရင်း ဗြိတိန်ကို အလုပ်သဘောခရီးသွားရောက်တာဟာဆိုရင် သမ္မတထရန့်ဟာ ၁၂ ယောက်မြောက်ပါပဲ။

ဗြိတိန်ခရီးစဉ်အတွင်းမှာ ဝန်ကြီးချုပ်နဲ့ ဘုရင်မကြီးတို့ကို တွေ့ဆုံဖို့ရှိတယ်လို့ သိရပါတယ်။ ပြီးရင်တော့ စကော့တလန်မှာရှိတဲ့ သူ့ရဲ့ ကိုယ်ပိုင်ဂေါ့အပန်းဖြေစခန်းမှာ အနားယူမယ်လို့လည်း သိရပါတယ်။ သမ္မတ ထရန့်အနေနဲ့ ဗြိတိန်ကိုသွားရောက်ပေမယ့် ပြည်သူတွေရဲ့ သောင်းသောင်းဖြဖြ ကြိုဆိုမှုကိုတော့ခံရမယ်လို့ မျှော်လင့်လို့မရပါဘူး။ ယူကေခရီးစဉ်အတွင်း သူ့ကို လူပေါင်းထောင်နဲ့ချီပြီး ကန့်ကွက်ကြလိမ့်မယ်လို့လည်း ခန့်မှန်းထားကြပါတယ်။ ဗြိတိန်ခေါင်းဆောင်တွေဟာ ကမ္ဘာပေါ်မှာ သူတို့ရဲ့စွပါပါဝါလွှမ်းမိုးနိုင်မှုကို ပြသဖို့ဆိုရင် အမေရိကန်သမ္မတတွေနဲ့ ပြုလုပ်တဲ့ ဆွေးနွေးပွဲတွေအပေါ်မှာမှီခိုရပါတယ်။ အမေရိကန်နဲ့ အထူးခင်မင်တဲ့ဆက်ဆံရေးရှိတယ်ဆိုတာကို ပြသကြပါတယ်။

### ထရီဆာမေရဲ့အကျပ်အတည်း

လက်ရှိအခြေအနေမှာတော့ ထရီဆာမေရဲ့ နိုင်ငံရေးလှုပ်ရှားမှုအခြေအနေဟာ အကြောင်းမလှ ဖြစ်နေပါတယ်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်ဟာလည်း ရာထူးကနေ နုတ်ထွက်သွားပါတယ်။ ဒါကြောင့် သမ္မတထရန့်ရဲ့ ဗြိတိန်ခရီးစဉ်ဟာ ခက်ခဲတဲ့ စမ်းသပ်မှုတစ်ခုဆိုလည်း မမှားပါဘူး။ အားလုံးကလည်း ထရီဆာမေနဲ့ ထရန့်တို့ရဲ့ ဆက်ဆံရေးဟာ ဘယ်လိုရှိမလဲဆိုပြီး စိတ်ဝင်စားနေကြပါတယ်။

လက်ရှိမှာ နုတ်ထွက်သွားတဲ့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဟာ ထရီဆာမေကို ဥရောပသမဂ္ဂကနေ ဗြိတိန်နုတ်ထွက်ရေးကိစ္စ ဆောင်ရွက်ရာမှာ ပျော့ညံ့တယ်၊ မပြတ်သားဘူးဆိုပြီး အပြစ်တင်ကြပါတယ်။ သမ္မတထရန့်ကလည်း ဘောရစ်ဂျွန်ဆင်တို့လို အတွေးမျိုးရှိရင် အခုခရီးစဉ်ဟာ အဆိုးဘက်ကို ဦးတည်သွားနိုင်ပါတယ်။ သမ္မတ ထရန့်ကတော့ ဘရီဇစ်ကိစ္စမပြီးသေးသရွေ့ဗြိတိန်နဲ့ စီးပွားရေးအရ ပူးပေါင်းဖို့ မဖြစ်နိုင်ဘူးလို့ တထစ်ချ ပြောဆိုထားပါတယ်။

### ပွဲဆက်တွေများနေတဲ့ ထရန့်

ဇူလိုင်လအတွင်းမှာတော့ သမ္မတထရန့်အတွက် ပွဲဆက်တွေများနေပါလိမ့်မယ်။ ဗြိတိန်ခရီးစဉ်ပြီးရင် ရုရှားသမ္မတပူတင်နဲ့ ပထမဦးဆုံးအကြိမ်တွေ့ဆုံပွဲကို ဇူလိုင် ၁၆ ရက်မှာ ပြုလုပ်ဖို့လျာထားပါတယ်။ အမေရိကန်သမ္မတနဲ့ ရုရှားသမ္မတတို့ရဲ့တွေ့ဆုံဆွေးနွေးပွဲဟာ ဘာတွေ ထူးခြားလာမှာလဲ။ ဒီဆွေးနွေးပွဲကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားနေကြမှာတော့ အမှန်ပါပဲ။ စစ်အေးကာလမှာ ပြိုင်ဘက်တွေဖြစ်ခဲ့ကြတဲ့ အမေရိကန်နဲ့ ရုရှားတို့ဟာ အခုအခါမှာ ထိပ်သီးခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးကြမှာဆိုတော့ ဒီဆွေးနွေးပွဲရလဒ်ကို အားလုံးက စိတ်ဝင်စားနေကြတာလည်း မဆန်းပါဘူး။

နေတိုးအစည်းအဝေးမှာ ထရန့်တောင်းဆိုခဲ့တာကတော့ စစ်ရေးအသုံးစရိတ် ပိုမိုကျခံကြပြီး ကာကွယ်ရေးအသုံးစရိတ်တွေမှာ မျှဝေကျခံကြဖို့ပါ။ GDP ရဲ့ ၄ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးဖို့ တောင်းဆိုခဲ့ပြီး နေတိုးခေါင်းဆောင်တွေကတော့ အမေရိကန်ပြဿနာကနေ နေတိုးအဖွဲ့အတွင်း တည်ငြိမ်မှုကို အနှောင့်အယှက်ဖြစ်လာမှာကို စိုးရိမ်ကြပါတယ်။ ။

**ကိုးကား -ဘီဘီစီ၊ နယူးယောက်တိုင်းမ်စ်**

# နိုင်ငံလွတ်လပ်ရေးအတွက် သေရမှာမကြောက်သူ မန်းဘခိုင်

သတင်းဆောင်းပါး- သန်းထိုက်၊ ဓာတ်ပုံ- သန်းစိုး

**၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးကျဆုံးခဲ့ရာ ထိုကျဆုံးသူများအနက် ကရင်အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သော မန်းဘခိုင်လည်း ပါဝင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဝန်ကြီးအဖွဲ့တွင် စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးအဖြစ် မန်းဘခိုင်က တာဝန်ယူခဲ့သည်။**



မန်းဘခိုင်

မန်းဘခိုင်၏ ရာဇဝင်တင်လောက်သော စကားတစ်ခွန်းမှာ "အမျိုးသားရေးနှင့် ဗမာပြည်ကြီးအတွက် လွတ်လပ်ရေးရရန် ဆောင်ရွက်ရာတွင် သေရမည်ကို မကြောက်" ဟူသော စကားပင်ဖြစ်သည်။

### ဗိုလ်ချုပ်ယုံကြည်အားကိုးရသော ကရင်ခေါင်းဆောင်

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် မန်းဘခိုင်မှာ နေထိုင်မကောင်းဖြစ်နေ၍ ဇနီးဖြစ်သူက ရုံးမသွားရန် တားမြစ်သော်လည်း နေမကောင်းလျက်နှင့်ပင် အတွင်းဝန်ရုံးရှိ ဗိုလ်ချုပ်အောင်ဆန်း၏ အခန်းတွင် ပြုလုပ်သော အစည်းအဝေးသို့ ကြိုးစားတက်ရောက်ခဲ့သူဖြစ်သည်။ မန်းဘခိုင်သည် ဗိုလ်ချုပ်၏ လက်ယာဘက် စားပွဲရှည်ကြီး အစွန်ဆုံး၊ လူသတ်သမားတို့ဝင်ရောက်ရာ ဝင်ပေါက်နှင့် အနီးဆုံးတွင် ထိုင်ခဲ့သူလည်း ဖြစ်သည်။ ဗိုလ်ချုပ် ယုံကြည် အားကိုးရဆုံးသော ကရင်ခေါင်းဆောင်တစ်ဦးဆိုလျှင်လည်း မမှားပေ။



ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်တို့၏ ဇနီးများကို တွေ့ရစဉ်။

"အဲဒီနေ့က ဖေဖေတို့ အကြောင်းကိုကြားလို့ ဆေးရုံကို လိုက်သွားတော့ ဗိုလ်ချုပ်အောင်ဆန်းကို ပွေ့ပြီး အိမ်ပြန်ယူသွားတဲ့ ဒေါ်ခင်ကြည်ကို တွေ့ရတယ်တဲ့။ အခန်းထဲရောက်လို့ ဖေဖေ့ကိုလည်းမြင်ရော မေမေ မူးမေ့လဲကျသွားတာ၊ အိမ်ပြန်ရောက်မှပဲ သတိရတယ်လို့ မေမေက ပြောတယ်။ ဆေးရုံက ဂျူဗလီဟောကို ရွှေ့ပြီးတော့ အာဇာနည် ကိုးဦးရဲ့ရုပ်ကလာပ်တွေကို ထားထားတယ်လေ။

"၁၉၄၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့မှာ ဂျူဗလီဟောမှာ သံဃာတော် အပါး ၁၀၀ နဲ့ နိုင်ငံတော်ဆွမ်းကပ်ပွဲ ပြုလုပ်ပါတယ်။ ရန်ကုန်မြို့တော်ခန်းမမှာလည်း ဆွမ်းသွတ်ပွဲလုပ်တယ်။ မေမေက နှစ်စဉ် သံဃာ ၄၅ ပါးနဲ့ လစဉ် သံဃာတော် ငါးပါးကို အိမ်မှာ ဆွမ်းအမြဲကပ်တယ်။ မေမေ့အသက် ၆၁ နှစ် ၁၉၇၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ တက္ကသိုလ်ရိပ်သာလမ်းက အိမ်မှာ ဆုံးပါးတဲ့အထိ ဖေဖေ့ကိုရည်မှန်းပြီး သံဃာတော်တွေကို ဆွမ်းကပ်မပျက်ခဲ့ဘူး။ ဖေဖေဆုံးတော့ ကျွန်မက သုံးနှစ်သမီး၊ မောင်လေးက အခါလည်ပဲရှိသေးတယ်" ဟု မန်းဘခိုင်၏ မိသားစုဝင်ဖြစ်သော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (သင်္ချာဌာန) မှ အငြိမ်းစားပါမောက္ခတစ်ဦးဖြစ်သည့် ဒေါ်မြင့်မြင့်ခိုင်က ပြောသည်။

### အနာဂတ်မျိုးဆက်သစ်

ဒေါ်မြင့်မြင့်ခိုင်တို့မိသားစုသည် တာမွေမြို့နယ်ရှိ နေအိမ်တွင် နေထိုင်ပြီး အိမ်ရှေ့ရှိ တစ်ချိန်က Saint Francis Convent မစ်ရှင်စကူးလ် ယခု အ.ထ.က (၄) ကျောင်းတွင် ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးအောင်ဆန်းလင်းတို့ အတူတကွကျောင်းတက်ခဲ့ဖူးကြောင်း၊ ဒေါ်မြင့်မြင့်ခိုင်နှင့် ဦးအောင်ဆန်းလင်းမှာ ပထမတန်း (Kinder Garten) တွင် အတူတက်ရောက်၍ ဒေါ်အောင်ဆန်းစုကြည်မှာ တစ်တန်းငယ်ကြောင်း ဒေါ်မြင့်မြင့်ခိုင်က ပြောသည်။ အဆိုပါကျောင်းကြီးမှာ ယခုအခါ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းအဖြစ် အနာဂတ်မျိုးဆက်သစ်များကို မွေးဖွားပေးလျက်ရှိသည်။

ဒေါ်မြင့်မြင့်ခိုင်က "ဖေဖေဆုံးပြီးတော့ မိသားစု အခက်အခဲတွေ ကြုံခဲ့ရတယ်။ ၁၉၆၃ ခုနှစ်ကစပြီး ကံဆိုးမှုစတယ်လို့ ဆိုရမယ်။ မေမေအလုပ်လုပ်နေတဲ့ ဓာတ်ဆီဆိုင်လည်း အောက်တိုဘာလ ၂၀ ရက်နေ့မှာ ပြည်သူပိုင်အသိမ်းခံရတယ်။ ဖေဖေရှိစဉ်က ဖွင့်ထားတဲ့ ငှက်ပျောပွဲရုံကလည်း မေမေဆုံးပြီးနောက်မှာ ရွာက ငှက်ပျောတင်ပို့ခြင်းမရှိတော့ ရပ်ဆိုင်းသွားတယ်။ အဆောက်အအုံကလည်း ဗုံးဒဏ်သင့်လို့ ပြန်ပြုပြင်ရတယ်။

"အဲဒီမှာ ရေနံကုမ္ပဏီ ဘီအိုစီက ကျဆုံးသွားတဲ့ ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုတွေကို ကော်မရှင်စားဓာတ်ဆီအရောင်းကိုယ်စားလှယ်ပေးမယ်လို့ ကမ်းလှမ်းချက်ကို လက်ခံပြီး ဆိုင်နေရာ ရှာနေတော့ ဦးလေးဖြစ်သူ ဦးအမောင်က အရှေ့မြင်းပြိုင်ကွင်းလမ်းက သူပိုင်တဲ့နေရာကို ပေးပြီး ကူညီစောင့်ရှောက်ခဲ့တယ်။ ဓာတ်ဆီဆိုင်တွေ ပြည်သူပိုင်သိမ်းပြီးတဲ့အခါမှာ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုတွေ စားဝတ်နေရေး မပြေလည်မှာစိုးလို့ ကျန်ရစ်သူ ဇနီးသည်တွေကို တစ်သက်တာခံစားခွင့်ပင်စင် တစ်လကျပ်တစ်ထောင်စီ ချီးမြှင့်မယ့်အကြောင်းကို တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက ကျွန်မမိခင်အပါအဝင် ကျန်ဇနီးသည်တွေကိုလည်း တွေ့ဆုံပြီး ပြောကြားခဲ့တယ်လို့လည်း သိခွင့်ရခဲ့ပါတယ်" ဟု ပြောပြသည်။

"မန်းဘခိုင်သည် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် တိုင်းပြည်လွတ်လပ်ရေးကို အထူးကြိုးပမ်းအားထုတ်ခဲ့သူဖြစ်သောကြောင့် ဗိုလ်ချုပ်က လေးစားအားကိုးခဲ့သူတစ်ဦးလည်းဖြစ်"

### ကရင်-ဗမာချစ်ကြည်ရေး

မန်းဘခိုင်သည် ဟင်္သာတခရိုင် ယုန်သလင်းကျေးရွာဇာတိဖြစ်ပြီး ရွာသူကြီး မန်းပေကုန်းနှင့် အမိ ဒေါ်ပုတို့မှ ၁၉၀၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ဟင်္သာတမြို့ အေဘီအမ်ကျောင်းတွင် ပညာသင်ကြားခဲ့ကာ ကလေးသူငယ်များ ကရင်ဘာသာသင်ကြားနိုင်ရန် ကျောင်းတစ်ကျောင်းဖွင့်ပေးခဲ့ပြီး ကရင်လူငယ်များအသင်းကိုလည်း စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ပုသိမ်မြောက်ပိုင်းမှ အမတ်အဖြစ် အရွေးခံရပြီး ဂျပန်တော်လှန်ရေးတွင် ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ကာ ကရင်-ဗမာချစ်ကြည်ရေးကို အထူးကြိုးပမ်းတည်ဆောက်ခဲ့သူလည်း ဖြစ်သည်။

"ဗိုလ်ချုပ်အောင်ဆန်း ဇလွန်မြို့မှာ တရားဟောတော့ အင်္ဂလိပ်က ဆုငွေထုတ်ထားတဲ့အတွက် ရှောင်နေရတယ်။ အဲဒီအချိန်မှာ ရာဇဝတ်အုပ်ဇနီးဖြစ်တဲ့ မေရီလှတောက ကားနဲ့ ဟင်္သာတ၊ ယုန်သလင်းရွာက ပါပါးဆီကို ခေါ်လာပြီး မိတ်ဆက်ပေးတယ်။ ပြီးတော့ ဒါငါတို့ခေါင်းဆောင် ဗိုလ်ချုပ်ပဲ။ မင်းတာဝန်ယူပြီး ရန်ကုန်ကိုရောက်အောင် ပို့ပေးဖို့ တာဝန်ပေးတယ်။ ရွာမှာ ဗိုလ်ချုပ်က သုံးရက်နေတယ်။ အပေါ်ဆုံးထပ်မှာ အိပ်တယ်။ ညပိုင်း တိုင်းပြည်လွတ်လပ်ရေးအတွက် တရားတွေ ဟောတယ်။ ပါပါးက ဗိုလ်ချုပ်ကို အဲဒီကတည်းက လေးစားခဲ့တာ။ နာမည်ကြားဖူးပေမယ့် အခုမှ တွေ့ရတာဆိုတော့ ဝမ်းလည်း ဝမ်းသာ၊ လေးလည်း လေးစားပေ့ါလေ။

"အင်္ဂလိပ်စပိုင်တွေကလည်း ဗိုလ်ချုပ် ဇလွန်က ပျောက်သွားတော့ ပိုက်စိပ်တိုက်ရှာနေတဲ့အချိန်ပဲ။ ရွာမှာ သုံးရက်နေပြီး မနက်မှာ ပါပါးက သူ့ငှက်ပျောသီးတင်တဲ့ကားနဲ့ ဗိုလ်ချုပ်ကို ခြံအလုပ်သမားအယောင်ဆောင်ပြီး ဟင်္သာတကို ပို့တယ်။ ကမ်းနားရောက်တော့ ပါပါးက ဗိုလ်ချုပ် ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ လှေပေါ်ကိုတက်ရင် ငှက်ပျောခိုင်တစ်ခိုင် ထမ်းပြီး တက်စေချင်ပါတယ်၊ ဒါမှ မရိပ်မိကြမှာလို့ တောင်းပန်စကားပြောတော့ ဗိုလ်ချုပ်က ရယ်ပြီး သမ္ဗန်ပေါ်ကို ထမ်းသွားတယ်လို့ ပြောတယ်။ ဗိုလ်ချုပ်မှန်းလည်း မရိပ်မိကြဘူး။ ပါပါးကိုယ်တိုင် ငှက်ပျောလှေနဲ့ ရန်ကုန်ကို လိုက်ပို့တော့ ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်ကို ပြန်ရောက်ခဲ့တယ်။ ကျွန်မ ခုနစ်နှစ်သမီးအရွယ်ဆိုတော့ မမကြီးက အမြဲပြောပြလို့ မှတ်မိနေတာပါ" ဟု မန်းဘခိုင်၏ သမီးတစ်ဦးဖြစ်သော ဒေါ်နန့်ခင်ဌေးရီခိုင်က ပြောပြသည်။



ဒေါ်မြင့်မြင့်ခိုင် (မန်းဘခိုင်၏ သမီး)



ဒေါ်နန့်ခင်ဌေးရီခိုင်(မန်းဘခိုင်၏သမီး)



ဒေါ်နန့်စိုးစိုးခိုင် (မန်းဘခိုင်၏ မြေး)

### တိုင်းပြည်လွတ်လပ်ရေး ကြိုးပမ်းအားထုတ်

မန်းဘခိုင်သည် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် တိုင်းပြည်လွတ်လပ်ရေးကို အထူးကြိုးပမ်းအားထုတ်ခဲ့သူဖြစ်သောကြောင့် ဗိုလ်ချုပ်က လေးစားအားကိုးခဲ့သူတစ်ဦးလည်း ဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

## မန်းဘခိုင်

(၂၆ အောက်တိုဘာ ၁၉၀၃ - ၁၉ ဇူလိုင် ၁၉၄၇)

**၁၉၄၆ စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဝန်ကြီးအဖွဲ့၌ စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကရင်ခေါင်းဆောင် မန်းဘခိုင် တာဝန်ယူခဲ့သည်။**

**မန်းဘခိုင်သည် ဟင်္သာတခရိုင် ယုန်သလင်းရွာ ဇာတိဖြစ်သည်။ အဖ ယုန်သလင်းရွာသူကြီး မန်းပေကုန်းနှင့် အမိ ဒေါ်ပုတို့မှ ၁၉၀၃ ခု၊ အောက်တိုဘာလ ၂၆ ရက် တနင်္လာနေ့တွင် ဖွားမြင်သည်။ တော်လှန်ရေးတွင် ထိုနယ်မှ ပါဝင်လှုပ်ရှားခဲ့သည်။**

**ငယ်စဉ်က ဟင်္သာတမြို့ အေ၊ ဘီ၊ အမ်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။**

**ကလေးသူငယ်များ ကရင်ဘာသာသင်နိုင်ရန်အတွက် ကျောင်းတစ်ကျောင်းဖွင့်ပေးခဲ့သည်။ ကရင်လူငယ်များအသင်းကိုလည်း စတင်ဖွဲ့စည်းခဲ့သည်။**

**၁၉၃၇ ခုနှစ်တွင် ပုသိမ်မြောက်ပိုင်းမှ အမတ်အဖြစ် အရွေးခံရသည်။**

**ဂျပန်တော်လှန်သည့်အချိန်တွင် ရှပ်ရှပ်ချွံချွံ ဆောင်ရွက်ခဲ့သည်။ ကရင်၊ ဗမာချစ်ကြည်ရေးကို အထူးကြိုးပမ်းတည်ဆောက်ခဲ့သည်။**

**ဖ-ဆ-ပ-လ အဖွဲ့ကြီးဖြစ်မြောက်ရေးကို ကြိုးကြိုးပမ်းပမ်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ထိုအဖွဲ့ကြီးတွင် ဗဟိုအမှုဆောင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုအချိန်မှာပင် ကရင်လူငယ်များအစည်းအရုံး ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည်။**

**၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အခြားခေါင်းဆောင်ကြီးများနှင့်အတူ လုပ်ကြံခံရပြီး အသက်ဆုံးရှုံးခဲ့ရသည်။**

**"မန်းဘခိုင်သည် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် တိုင်းပြည်လွတ်လပ်ရေးကို အထူးကြိုးပမ်းအားထုတ်ခဲ့သူဖြစ်သောကြောင့် ဗိုလ်ချုပ်က လေးစားအားကိုးခဲ့သူတစ်ဦးလည်းဖြစ်"**



အာဇာနည်နေ့အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့်အတူတွေ့ရသော အာဇာနည်မိသားစုဝင်များ။

*စာမျက်နှာ ၁၆ မှအဆက်*

"ကျွန်မအဘိုးက စည်းလုံးမှုနဲ့ပတ်သက်ရင် အမြဲပြောဖူးတယ်တဲ့။ စည်းလုံးညီညွတ်မှုသာရှိမယ်ဆိုရင် ပင်လယ်ရေကိုတောင် ခပ်ထုတ်လို့ရတယ်တဲ့။ အခုအချိန်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက အထူးလိုအပ်နေတာပါ။ တိုင်းပြည်တိုးတက်ဖို့ ရည်မှန်းချက်တွေ တူကြမယ်ဆိုရင် ငြိမ်းချမ်းရေးရမှာပါ။ တစ်ဦးနဲ့တစ်ဦး ပြိုင်ဘက်ဆိုရင်တောင် ရန်သူလို့မမြင်ဘဲ ရည်မှန်းချက်တူတဲ့ မိတ်ဆွေလို့ မှတ်ယူကြရမှာပါ။ ကျွန်မတို့တစ်တွေ မမီတော့ပေမယ့် နောင်မျိုးဆက်သစ်တွေ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုရဲ့အကျိုးရလဒ်ကို ခံစားရမှာဖြစ်တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအမြန်ရဖို့ တစ်ဦးနဲ့တစ်ဦး စာနာထောက်ထားနားလည်ဖို့ လိုပါတယ်" ဟု မြေးဖြစ်သူ အသက် (၅၇) နှစ်ရှိ ဒေါ်နန့်စိုးစိုးခိုင် (ဟသ်ာတကောလိပ်) က ပြောပြသည်။

အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ဖဆပလအဖွဲ့ကြီး ဖြစ်မြောက်ရေးအတွက် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ခဲ့သူ၊ ကရင်လူငယ်များအစည်းအရုံး ဥက္ကဋ္ဌ၊ စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး မန်းဘခိုင်အား ဦးညွတ်ဂါရဝပြုပြီး ဤဆောင်းပါးကို ရေးသားတင်ပြလိုက်ရပါသည်။ ။

# (၇၁) နှစ်မြောက် အာဇာနည်နေ့ အကြိုဟောပြောပွဲကျင်းပ

**ပင်လောင်း ဇူလိုင် ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၁) နှစ်မြောက် အာဇာနည်နေ့ အကြိုဟောပြောပွဲကို ဇူလိုင် ၁၂ ရက်က နန်းတုတ်ကျေးရွာအုပ်စု နန်းတုတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် မွန်းလွဲ ၁ နာရီခွဲတွင် စင်းတောင်းကျေးရွာ အုပ်စုမိုးဦးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) တို့တွင် ပြုလုပ်သည်။

ဟောပြောပွဲတွင် အလက နန်းတုတ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုစိန်နှင့် အလက (ခွဲ) မိုးဦးမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေနိုင်တို့က အမှာစကားပြောကြားပြီး အမှတ်(၂၆) မူးယစ်တပ်ဖွဲ့စု (ပင်လောင်း) မှ ရဲအုပ်ကိုကိုနိုင်က မူးယစ်ဆေးဝါးအန္တရာယ်အသိပညာဆိုင်ရာများကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းက အာဇာနည်နေ့ သမိုင်းအကြောင်းအရာများ ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသသည့် အာဇာနည်နေ့ သမိုင်းမှတ်တမ်းဗီဒီယိုခွေ၊ (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ နိုင်ငံတော်အကြီးအကဲများ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုမှတ်တမ်းနံရံကပ်စာစောင်နှင့် လူကုန်ကူးမှုအန္တရာယ်အသိပညာပေးဗီနိုင်းများအား ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာမှတ်သားကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# (၇၁) နှစ်မြောက် အာဇာနည်နေ့အကြိုဟောပြောပွဲ နံရံကပ်စာစောင်၊ ဓာတ်ပုံပြသပွဲ နောင်ချို၌ ကျင်းပ

**နောင်ချို ဇူလိုင် ၁၃**

နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် (၇၁) နှစ်မြောက် အာဇာနည်နေ့အကြိုဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြသပွဲကို ဇူလိုင် ၁၂ ရက်မှစတင်ကာ မြို့ပေါ်စာသင်ကျောင်းများဖြစ်သည့် အ.မ.က (၂)၊ အ.မ.က (၃) နှင့် အလယ်တန်းကျောင်းခွဲတို့၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းထွေးက '၁၉ ဇူလိုင်မမေ့နိုင်' ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ကိုးဦးတို့၏ နံရံကပ် စာစောင်၊ ဓာတ်ပုံများဖြင့် ခင်းကျင်းပြသထားရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **စိုးဝင်း**

# အာဇာနည်နေ့အထိမ်းအမှတ် စိတ်ကြိုက်ပန်းချီပြိုင်ပွဲကျင်းပ

**ကျုံပျော် ဇူလိုင် ၁၃**

ကလေးငယ်များ အာဇာနည်နေ့နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးကို သိရှိအမှတ်ရစေရန်ရည်ရွယ်၍ (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စိတ်ကြိုက်ပန်းချီပြိုင်ပွဲကို ကျုံပျော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဇူလိုင် ၁၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးမြင့်က ပန်းချီပြိုင်ပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး မြေရဲမြောက် အမကမှ ကျောင်းသား ကျောင်းသူ ၃၀ က မိမိတို့နှစ်သက်ရာ ပန်းချီပုံများဖြင့် ဝင်ရောက်ရေးဆွဲယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် တတိယတန်းမှ မောင်သီဟမင်းသိန်းက ပထမ၊ စတုတ္ထတန်းမှစခိုင်မြဲက ဒုတိယ၊ စတုတ္ထတန်းမှ မအိအိငြိမ်းက တတိယ ရရှိခဲ့ကြသည်။ **နေဝင်းမြင့် (ပြန်/ဆက်)**

# ၂၀၁၈ ခုနှစ် ဧပြီလမှ ဇွန်လထိ (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၈၈၆၉ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁၃၂၆ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၁၃**

၂၀၁၈ ခုနှစ် ဧပြီလမှ ဇွန်လထိ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၈၇၄ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၉၉၅ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၈၆၉ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ်ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိတွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၃၅ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၅၀၈ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၅၄၃ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၈၃၉ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၄၈၇ ဒေါ်လာသန်း ပိုမိုသဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃၂၆ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည် -

**တန်ဖိုးဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈(ဧပြီလမှ ဇွန်လထိ) | ၂၀၁၇-၂၀၁၈ (ဧပြီလမှ ဇွန်လထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၇၁၀.၈၆၃ | ၈၄၇.၉၁၅ | -၁၃၇.၀၅၂ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၇၀.၁၁၅ | ၃.၃၆၉ | ၆၆.၇၄၆ |
| ၃ | ရေထွက်ပစ္စည်းများ | ၁၅၃.၈၁၉ | ၁၂၆.၈၁၉ | ၂၇.၀၀၀ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၂၆.၀၅၈ | ၂၅၉.၆၁၃ | ၆၆.၄၄၅ |
| ၅ | သစ်တောထွက်ပစ္စည်း | ၄၇.၃၈၅ | ၆၀.၂၅၂ | -၁၂.၈၆၇ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၂၁၉၈.၁၅၀ | ၁၂၇၆.၇၉၁ | ၉၂၁.၃၅၉ |
| ၇ | အခြားပစ္စည်းများ | ၃၆၇.၀၈၆ | ၄၅၉.၉၉၆ | -၉၂.၉၁၀ |
| | စုစုပေါင်း | ၃၈၇၃.၄၇၆ | ၃၀၃၄.၇၅၅ | ၈၃၈.၇၂၁ |

ပြည်ပမှသွင်းကုန်တင်သွင်းမှုတွင် ၂၀၁၈ ခုနှစ် (ဧပြီလမှ ဇွန်လအထိ) သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၉၉၅ သန်းရှိပြီး ယခင်နှစ်ကာလတူ သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၄၅၀၈ သန်းရှိသည့်အတွက် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၈၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့ပါသည်-

**တန်ဖိုးဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈ (ဧပြီလမှ ဇွန်လထိ) | ၂၀၁၇-၂၀၁၈ (ဧပြီလမှ ဇွန်လထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၁၈၁၅.၈၇၁ | ၁၆၄၁.၇၄၇ | ၁၇၄.၁၂၄ |
| ၂ | လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ | ၂၀၈၂.၃၄၇ | ၁၇၆၇.၆၆၄ | ၃၁၄.၆၈၃ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၁၀၉၇.၁၃၀ | ၁၀၉၈.၅၅၅ | -၁.၄၂၅ |
| | စုစုပေါင်း | ၄၉၉၅.၃၄၈ | ၄၅၀၇.၉၆၆ | ၄၈၇.၃၈၂ |

**သတင်းစဉ်**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၃-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၀၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၄၃ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၃၂ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၆ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၄၉ · ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၃ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ · ၁၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၅၅၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ · ၄၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၈ · ၃၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ · ၄၁၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# သီချင်းဟောင်းကို အသွင်ပြောင်းလဲတဲ့အခါ မျှော်မှန်းရခက်တဲ့ရလဒ်ပါဟု စည်သူလွင် ပြောကြား

**ဂီတသက်တမ်း နှစ် ၂၀ ကျော်ရှိပြီးဖြစ်သည့် အဆိုတော် စည်သူလွင်သည် တေးစီးရီးများစွာတွင် ပါဝင်သီဆိုခဲ့ပြီး တစ်ကိုယ်တော်ခွေများစွာလည်း ထွက်ရှိခဲ့သူဖြစ်သည်။ အဆိုတော် အေချမ်းမေနှင့်အတူ ''တို့မဝေးဘူး''ဟု အမည်ပေးထားသော စုံတွဲစီးရီးသည် ယနေ့တိုင် ပရိသတ်လက်ခံဆဲ တေးသီချင်းများဖြစ်ပြီး စည်သူလွင်သည် တေးသီချင်းဟောင်းများကို သူ့ခေတ်နှင့်သူ့အခါ ပြန်လည်သီဆိုရာတွင် အောင်မြင်မှုများစွာရရှိခဲ့သူဖြစ်သည်။ ထို့ကြောင့် ဂီတလောကလက်ရှိအခြေအနေအပေါ် စည်သူလွင်၏ အမြင်များနှင့် အတွေ့အကြုံများအား မေးမြန်းဖြစ်ခဲ့သည်။**

■ **ကိုလင်း**



**မေး ။ ။စည်သူလွင် လက်ရှိမှာ ဘာတွေလုပ်နေလဲဆိုတာ ပရိသတ်ကို ပြောပြပါဦး။**

ဖြေ ။ ။မိုးတွင်းလည်း ရောက်နေတော့ စည်သူလွင် အသံသွင်းနေတယ်လို့ ပြောချင်ပါတယ်။ သီချင်းတွေ၊ အခွေတွေ ကျွန်တော်ပရိသတ်ကြီးကို မပေးနိုင်တာ ကြာလှပြီလေ။ ဒါကြောင့် သီချင်းသစ်တွေကို အသံသွင်းနေတယ်။ နောက်ပြီး တစ်ကိုယ်တော် သီချင်းဟောင်းလေးတွေကတော့ သွင်းထားပြီးသားရှိနေပြီ။ ဒါတွေကို အခွေထုတ်ဖို့ ရှိတယ်။ တိတိကျကျထုတ်ဖို့ ပြင်ဆင်ပြီးသွားရင်တော့ အားလုံးကို အသိပေးပါမယ်။

**မေး ။ ။ဂီတလောကမှာ ဒါဆို ဘာတွေဆက်လုပ်ဖို့ရှိသလဲ။**

ဖြေ ။ ။နွေဦးက သင်္ကြန်မတိုင်ခင်လေး တစ်ကိုယ်တော်ရှိုးပွဲလုပ်မလို့ ကြိုးစားသေးတယ်။ ဒါပေမယ့် နေရာကလည်း အဆင်မပြေတော့ ရွှေ့လိုက်ရတယ်။ လာမယ့်ပွဲ့လင်းရာသီမှာတော့ တစ်ကိုယ်တော် ဖျော်ဖြေပွဲလေး တစ်ခု လုပ်ဖြစ်မယ်။ တစ်ကိုယ်တော်ပွဲက နောက်ဆုံးလုပ်ဖြစ်တာ ၂၀၁၄ တုန်းကပါ။ ကြားထဲမှာ မတင်ဇာမော်၊ မအေးချမ်းမေတို့နဲ့ စုံတွဲရှိုးတွေဆိုတာ တော့ရှိတယ်။ ပထမအကြိမ်နဲ့ ကွဲပြားအောင်တော့ အကောင်းဆုံးကြိုးစားမယ်။ ပရိသတ်တွေကလည်း နားဆင်နေကျဆိုရင် နည်းနည်းလည်း ငြီးငွေ့လာနိုင်တယ်လေ။ ဒါကြောင့် ပုံစံလေးတွေပြောင်းမယ်။ အပြောင်းအလဲတွေ လုပ်မယ်။

**မေး ။ ။အခုနောက်ပိုင်း ပြိုင်ပွဲတွေမှာ သီချင်းတွေ ဗားရှင်းပြောင်းပြီး တင်ဆက်လာတဲ့အပေါ်မှာ ဘယ်လိုထင်သလဲဗျ။**

ဖြေ ။ ။သီချင်းတွေမှာ ဗားရှင်းပြောင်းတာဆိုရင် Myanmar Idol တို့ The Voice တို့ တွေ့ပေါ့။ နိုင်ငံတကာကုမ္ပဏီက လိုင်စင်ဝယ်လုပ်တာဆိုတော့ နိုင်ငံတကာပုံစံနဲ့လည်း ပိုပြီးသွားနေတယ်ပေါ့။ သူတို့ဆီမှာလည်း ဒီလိုပဲလေ။ ဒီဗားရှင်းအတိုင်း ပြန်ဆိုတာရှားတယ်။ လိုက်ဖက်တဲ့ ဗားရှင်းပြောင်းကြတာပဲ။ ဒါပေမယ့် အဲဒီလိုသီချင်းကို အသွင်ပြောင်းလိုက်ခြင်းက ပိုပေါက်မြောက်ရင်လည်း ပေါက်နိုင်သလို မူရင်းလောက် မစွဲငြိတာလည်း ဖြစ်နိုင်တယ်။ မှန်းရခက်တယ်။

**မေး။ ။ဒိုင်အဖြစ်ဆောင်ရွက်ခဲ့ဖူးတော့ လက်ရှိ သီချင်းဆိုပြိုင်ပွဲတွေမှာ လုပ်နေတဲ့ Voting စနစ်ပေးတဲ့ အပေါ်မှာရော။**

ဖြေ ။ ။ကျွန်တော်တို့ Voting စနစ်ဆိုတာ ပရိသတ်က ဒီပြိုင်ပွဲကို ပိုစိတ်ဝင်စားလာဖို့အတွက်ရယ်။ ကျွန်တော်တို့ ဒိုင်တွေဆုံးဖြတ်ပေးရတယ်။ ပရိသတ်ကလည်း ပါဝင်ခွင့်ရတော့ ခံစားချက်ချင်း တစ်မျိုးပေါ့။ ကိုယ်တိုင်ဝင်ပြိုင်နေသလို ဖြစ်တယ်။ တစ်မဲတည်းနဲ့ သူ့အတွက် အနိုင်ဖြစ်သွားနိုင်တယ်။ ဒီအတွက်ကြောင့် Voting စနစ်ကိုတော့ ကြိုက်ပါတယ်။ တချို့ကျတော့ ပုဂ္ဂိုလ်ရေးအစွဲကြောင့် ပေးတာတို့၊ ဒေသအလိုက် အစွဲပေးကြတယ်။ အဲဒီလိုမျိုးတော့ သိပ်မဖြစ်စေချင်ပါဘူး။ တကယ်အရည်အချင်းရှိသူ မရလိုက်ပဲ ဖြစ်တာပေါ့။ ပထမရမယ့်သူက ဒုတိယရသွားတာတွေ ဖြစ်တာပေါ့။ ကိုယ့်စိတ်မှာ တကယ်တော်ပြီး အရည်အချင်းရှိသူကို Vote ပေးပါလို့ တိုက်တွန်းချင်ပါတယ်။ တကယ်တော်ပြီး Talent ရှိသူကို ဆုရစေချင်ပါတယ်။

**မေး ။ ။ပြိုင်ပွဲတွေမှာ ဆုရခြင်း၊ မရခြင်းနဲ့ အဆိုတော်ဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ် စည်သူလွင်က ဘယ်လိုမြင်သလဲ။**

ဖြေ။ ။ပြိုင်ပွဲမှာ ဆုရခြင်း၊ မရခြင်းက ကံတရားနဲ့လည်း ဆိုင်တယ်။ ပရိသတ်ရဲ့ Vote စနစ်နဲ့သွားတာမို့ တစ်ခါတစ်ရံမှာ တကယ်အဆိုပညာမှာ အရမ်းတော်ပြီး အရည်အချင်းရှိတယ်လို့ သတ်မှတ်ပေမယ့် ပရိသတ်က ကြိုက်ချင်မှ ကြိုက်တာပေါ့။ ဒါမျိုးတွေလည်း ဖြစ်နိုင်တယ်။ ပြိုင်ပွဲမှာ ဆုရတဲ့သူတိုင်းကလည်း နောက်တစ်ချိန်မှာ ကျော်ကြားလာတဲ့ အနုပညာရှင်တစ်ယောက်ဖြစ်ချင်မှလည်း ဖြစ်လာမယ်၊ ဖြစ်ရင်လည်း ဖြစ်သွားနိုင်တယ်၊ ဘာတစ်ခုမှ ပြောလို့မရပါဘူး။ ဖိုင်နယ် ၁၀ ယောက်ထဲမှာပါခဲ့ပေမယ့် သူက Top 3 တောင် ပါချင်မှပါမယ်။ သို့သော်လည်း အခွေထုတ်ပြီး ကိုယ်ပိုင်ဂီတလမ်းကြောင်းပေါ်သွားတဲ့အခါမှာ သူ့ရဲ့ရှိတဲ့ Talent ကို ပရိသတ်က လက်ခံတယ်ဆိုရင် သူသည်လည်း ထိပ်ဆုံးရောက်တဲ့ အောင်မြင်မှုရတဲ့ အဆိုတော်တစ်ယောက်ဖြစ်သွားနိုင်ပါတယ်။ တကယ်တမ်းကတော့ ကိုယ့်ဟာကိုယ်အမြဲတမ်း ကြိုးစားနေဖို့တော့ လိုတာပေါ့။

# AYA NUAC Orchestra အမည်ရ ဂီတပွဲတော်

**ဂီတဆရာ ဓိရာမိုရ်နှင့်အတူ NUAC ဂီတကျောင်းမှ ကျောင်းသား ကျောင်းသူများ ပူးပေါင်းပြီး AYA NUAC Orchestra ဟု အမည်ပေးထားသော ဂီတအမျိုးအစားအစုံအလင်ပါဝင်သော တေးဂီတဖျော်ဖြေပွဲကြီးကို ဇူလိုင် ၁၃ ရက် ည ၇ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံကြီးတွင် ကျင်းပခဲ့ကြောင်း သိရသည်။**

''ဂီတပွဲတော် ဖြစ်မြောက်ရေးအတွက် အဓိက ပံ့ပိုးပေးတာကတော့ ရောဝတီဘဏ်ကပါ။ ယနေ့ ခေတ်လူငယ်တွေရဲ့ ဝါသနာကို ပိုပြီးအားပေးမှုတွေ ရစေချင်တာကြောင့် လုပ်ပေးရတာပါ။ NUAC အနုပညာသင်တန်းကျောင်းက ကလေးတွေကိုလည်း ဒီသဘောကူညီထားတာပါ'' ဟု NUAC အနုပညာသင်တန်းကျောင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

**''ဒီနှစ်ကတော့ အင်မတန်ကို ထူးခြားတာတွေ ပါလာတယ်။ ဂီတပိုင်းကအစ ပြောင်းလဲမှုတွေ တွေ့လာရတယ်။ နီနီ ဒီပွဲကိုဆိုတာ ဒါပထမဆုံး သီဆိုခြင်း ဖြစ်ပါတယ်။ ပါဖော့မန့်စ်ပိုင်းကအစ သေချာပြင်ဆင်ထားပါတယ်''**

**နီနီခင်ဇော်**

အဆိုပါ ဖျော်ဖြေပွဲတွင် အဆိုတော် R ဇာနည် ၊ အောင်ထက်၊ ဝိုင်းစုခိုင်သိန်း၊ အိမ့်ချစ်၊ နီနီခင်ဇော်နှင့် Dj ပညာရှင် Wine တို့ ပါဝင်ဖျော်ဖြေကြသည်။

''စိတ်လှုပ်ရှားပါတယ်။ ပြီးခဲ့တဲ့ နှစ်တွေကဆို သိပ်ပြီး ထူးထူးခြားခြားလုပ်ထားတာမျိုးတော့ မတွေ့ရဘူး။ ဒီနှစ်ကတော့ အင်မတန်ကို ထူးခြားတာတွေပါလာတယ်။ ဂီတပိုင်းကအစ ပြောင်းလဲမှုတွေ တွေ့လာရတယ်။ နီနီ ဒီပွဲကို ဆိုတာ ဒါပထမဆုံး သီဆိုခြင်းဖြစ်ပါတယ်။ ပါဖော့မန့်စ်ပိုင်းကအစ သေချာပြင်ဆင်ထားပါတယ်။ ဒီပွဲကိုလာကြည့်တဲ့ ပရိသတ်တွေအနေနဲ့ လာကြည့်သင့်တဲ့ ပွဲမျိုးပါ။ မြန်မာပြည်မှာ ပြုလုပ်တဲ့ ပွဲကြီးဖြစ်တယ်။ ဒီထက်လည်း ပိုပြီးစိတ်ဝင်စားမှုတွေ ရှိစေချင်ပါတယ်''ဟု ပါဝင်ဖျော်ဖြေသူ နီနီခင်ဇော်က ပြောသည်။

**ကိုလင်း**





# ထပ်ဆင့်အကယ်ဒမီ မင်းသမီး၏ ငယ်ဘဝကို သရုပ်ဆောင်မည့် ခင်ဝင့်ဝါ

''လုပ်၍ လွင့်သော''ဟုအမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားကြီးတွင် ထပ်ဆင့်အကယ်ဒမီ မင်းသမီးကြီး မို့မို့မြင့်အောင်၏ ငယ်ဘဝကို သရုပ်ဆောင် ခင်ဝင့်ဝါက သရုပ်ဆောင်ရမည်ဟု သိရသည်။

''အခု ရိုက်ကူးနေတာက လုပ်၍ လွင့်သော ဆိုတဲ့ ရုပ်ရှင် ဇာတ်ကားကြီးမှာပါ။ ကျွန်မက မမို့ရဲ့ငယ်ဘဝကို သရုပ်ဆောင်ရတာပါ။ အဲဒီကားကို လာကမ်းလှမ်းတုန်းက အရမ်းရင်ခုန်ပါတယ်။ ဒါရိုက်တာ ကိုဝိုင်းက နာမည်ကြီးပြီး တကယ့်ကို အသေးစိတ်သင်တဲ့ ဒါရိုက်တာတစ်ယောက်၊ မဆုံဖူးပေမယ့် အခုဆုံလိုက်တဲ့အချိန်မှာ တကယ်ကို အသေးစိတ်ကအစ သင်ပေးတဲ့ ဒါရိုက်တာတစ်ယောက်ပါ။ ပညာလည်း ရပါတယ်။ မမို့ဆိုတာက သိပ်တော်တဲ့ မင်းသမီးကြီး၊ ပြည်သူချစ်တဲ့ မင်းသမီးတစ်ယောက်ရဲ့ငယ်ဘဝကို သရုပ်ဆောင်ရတဲ့အတွက် တာဝန်ကြီးပါတယ်။ သူ့ရဲ့ အိုက်တင်ကို မီပါ့မလား၊ လုပ်နိုင်ပါ့မလား စိုးရိမ်မိပါတယ်။ အဲဒီလိုပဲ ဒါရိုက်တာကလည်း ကိုဝိုင်း၊ ပရိသတ်တွေစိတ်ဝင်စားနေကြတဲ့ မမို့ရဲ့ငယ်ဘဝကို ညီမကသရုပ်ဆောင်ရတဲ့အတွက်၊ ပြီးတော့ မဖွေးလည်းပါတော့ ကိုယ့်ကြောင့် ဒီဇာတ်ကြီး ပျက်စီးသွားမှာကို စိုးရိမ်တယ်။ ပိုလည်း ကြိုးစားသွားမှာပါ''ဟု ပြောသည်။

အဆိုပါ ဇာတ်ကားကို ဝတ္ထု စံပယ်ဖြူ၊ ဒါရိုက်တာဝိုင်းက ပုံဖော်ရိုက်ကူးလျက်ရှိပြီး နာမည်ကျော် အနုပညာရှင်များဖြစ်ကြသော ကျော်ရဲအောင်၊ မို့မို့မြင့်အောင်၊ ဖွေးဖွေး၊ ခင်ဝင့်ဝါတို့က ပါဝင်မည်ဖြစ်သည်။ လတ်တလောတွင် သရုပ်ဆောင် နေတိုးနှင့်အတူ ''တိမ်တိုက်တံတား''ရုပ်ရှင်ဇာတ်ကားကြီးတွင်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

''တိမ်တိုက်တံတားမှာ ညီမက ကိုနေတိုးရဲ့ချစ်သူ ကောင်မလေးအဖြစ် သရုပ်ဆောင်ထားပါတယ်။ ကိုနေတိုးကို ဗီယက်နမ်မင်းသမီးလေး ငုရင်ထရန်က လုယူသွားတယ်။ ညီမက အဲဒီဇာတ်ကားမှာ ဆရာဝန်မလေး တစ်ယောက်အဖြစ် သရုပ်ဆောင်ထားတယ်။ အချစ်ဇာတ်ကားလေးဆိုပေမယ့် တကယ်ကို ကောင်းတဲ့ ဇာတ်ကားလေးပါ။ ပရိသတ်ကြည့်ရကျိုးနပ်စေမယ့် ကားတစ်ကားပါ'' ဟု ပြောသည်။

**ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

# Emmy ထူးချွန်ဆုပေးပွဲမှာ ဆုနေရာအများဆုံးနဲ့ ဦးဆောင်နေတဲ့ Game of Thrones

Game of Thrones ဇာတ်လမ်းတွဲဟာ ရုပ်သံထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ Emmy ဆုပေးပွဲမှာ ထိပ်ဆုံးကနေ ဦးဆောင်နေတယ်လို့ သိရပါတယ်။ Emmy ထူးချွန်ဆုပေးပွဲမှာ Game of Thrones ဇာတ်လမ်းတွဲဟာ ဆုနေရာ ၂၂ နေရာတောင် ဆန်ခါတင်စာရင်းဝင်ထားတယ်လို့ သိရပါတယ်။ သူ့နောက်မှာ လိုက်နေတာကတော့ စိတ်ကူးယဉ်သိပ္ပံစီးရီးဖြစ်တဲ့ West world နဲ့ ဟာသရှိုးဖြစ်တဲ့ Saturday Night Live တို့ပဲဖြစ်တယ်။ HBO ကုမ္ပဏီက ထုတ်လုပ်တဲ့ကားတွေဟာ Emmy ထူးချွန်ဆုပေးပွဲမှာ တစ်ခါမှ ဒီလောက်အောင်မြင်တာမျိုး မရှိသေးပါဘူး။ ဒါဟာ ပထမဦးဆုံးအကြိမ်ပါ။

အခုနှစ်မှာတော့ ပြိုင်ဘက်တွေကြားမှာ အနုပညာ ... ဆန်ခါတင်စာရင်းဝင်တာကို တွေ့ရပါတယ်။ Netflix ကုမ္ပဏီကတော့ ဆန်ခါတင်စာရင်းမှာ ၁၁၂ နေရာပါဝင်ခဲ့တဲ့အတွက် HBO ကုမ္ပဏီထက် သာလွန်နေပါတယ်။ Netflix က ရိုက်ကူးတဲ့ Stranger Things ဇာတ်ကားအတွက် မိုင်လီတော်ဘီဘရောင်းက အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုအမည်စာရင်း တင်သွင်းခံရပါတယ်။

၂၀၁၇ ခုနှစ် ဇွန် ၁ရက်ကနေ ၂၀၁၈ မေ ၃၁ ရက်အတွင်း အကောင်းဆုံးအမေရိကန်ရုပ်သံအစီအစဉ်တွေ ချီးမြှင့်ပေးမယ့် Emmy ထူးချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက်မှာ ကျင်းပမယ်လို့လည်း သိရပါတယ်။

**ဘီဘီစီ**



# Mission : Impossible -Fallout ဇာတ်ကား ပြင်သစ်၌စတင်ပြသ

ဟောလိဝုဒ်နာမည်ကျော်မင်းသား တွမ်ခရုဇ်ရဲ့အောင်မြင်တဲ့ဇာတ်ကားဖြစ်တဲ့ Mission: Impossible ဇာတ်ကားတွေဟာ ပရိသတ်တွေအလွန်နှစ်ခြိုက်တဲ့ ဇာတ်ကားတွေဖြစ်ပြီး အခုအခါမှာ ခြောက်ကားမြောက်အဖြစ် Mission: Impossible -Fallout ဆိုတဲ့ဇာတ်ကားကို ပြင်သစ်မှာစတင်ပြသနေပြီ ဖြစ်ပါတယ်။ စပိုင်ဇာတ်လမ်းဖြစ်တဲ့ Mission :Impossible -Fallout ဇာတ်ကားကို ကြာသပတေးနေ့က ပါရီမြို့မှာ ရုံတင်ပြသခဲ့ပါတယ်။ ကိုယ်ပိုင်စတန့်ပြကွက်တွေနဲ့ နာမည်ကျော်တဲ့ တွမ်ခရုဇ်ဟာ ရင်သပ်ရှုမောဖွယ်စတန့်တွေကို ဒီဇာတ်ကားမှာ တွေ့မြင်ရမှာပါ။ အီဖယ်တာဝါအနီး ရုပ်ရှင်ရုံမှာ ပြသခဲ့တာဖြစ်ပြီး သူ့ရဲ့ပရိသတ် ရာပေါင်းများစွာဟာ တွမ်ခရုဇ်ကို တွေ့မြင်ခွင့်ရဖို့ နာရီပေါင်းများစွာ တန်းစီစောင့်ဆိုင်းခဲ့ပါတယ်။ တွမ်ခရုဇ်ကတော့မြို့ပေါ်ကအခန်းတွေ ရိုက်ကူးတဲ့အခါ အခက်ကြုံရတယ်လို့ သတင်းထောက်တွေကိုပြောပါတယ်။ ဒါဟာစိန်ခေါ်မှုတစ်ရပ်ပါပဲ၊ ဒါပေမယ့်လည်း ပါရီမြို့ဟာ အလွန်လှပလို့ ရိုက်ကူးဖို့ရွေးချယ်ခဲ့တာပါ။ ပြီးတော့ ပါရီဟာ ရုပ်ရှင်မြို့တော်လည်း ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ ဒီဇာတ်လမ်းထဲမှာ ရီဗက်ကာဖာဂူဆန်လည်း ပြန်လည်ပါဝင်လာပါတယ်။

ဒီဇာတ်ကားကို ကမ္ဘာအနှံ့ ရုံတင်ပြသမယ့်နေ့ကတော့ ဇူလိုင် ၂၅ ရက်နေ့ပဲဖြစ်ပါတယ်။ သူ့အရင်ထွက်ရှိထားတဲ့ Mission :Impossible ဇာတ်ကားငါးကားလုံးဟာ ဝင်ငွေအများဆုံး ဇာတ်ကား ၂၀ မှာပါဝင်ခဲ့ပြီး ဝင်ငွေသဲ့ယူနိုင်ခဲ့တဲ့ ဇာတ်ကားတွေပဲဖြစ်ပါတယ်။

**SABC news**

ဖြိုး





# ဘာသာခြားစကားလုံးများ မွေးစားသည့်အစဉ်အလာ(၂)

**မောင်ခင်မင်(ဓနုဖြူ)**

"ဘာသာစကား တစ်ခုနဲ့တစ်ခု ထိတွေ့ရာမှာ ဂုဏ်ရှိတဲ့ဘာသာစကားထဲက စကားလုံးတွေက တစ်ဖက်ဘာသာစကားထဲကို တော်တော်များများ ဝင်တတ်တဲ့သဘာဝက ဆရာတို့မြန်မာစကားထဲကို ပါဠိစကားလုံးတွေ၊ အင်္ဂလိပ်စကားလုံးတွေအများကြီး ဝင်နေတာကြည့်ရင် သိနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ၊ ဆရာ"

"တခြားသာဓကပြောဦးမယ်။ နော်မန် ပြင်သစ် (Norman French) တွေ အင်္ဂလန် (England ) ကို အောင်နိုင်တဲ့အကြောင်း မင်းတို့ ကမ္ဘာ့သမိုင်းမှာ သင်ဖူးလားမသိဘူး။ ထားပါတော့ အဲဒီအခါမှာ အင်္ဂလိပ်တွေအဖို့ နော်မန်ပြင်သစ်စကားက ဂုဏ်ရှိန်ရှိတဲ့ ဘာသာစကားဖြစ်သွားတယ်။ အဲဒီအခါမှာ အင်္ဂလိပ်တွေက အဲဒီဂုဏ်ရှိဘာသာစကားထဲက စကားလုံးတွေကို တွင်တွင်ကျယ်ကျယ်ပြောကြဆိုကြ ၊ သုံးနှုန်းကြတဲ့အတွက် အင်္ဂလိပ်စကားထဲကို အဲဒီနော်မန်ပြင်သစ်စကားတွေ အများကြီးဝင်လာတဲ့အကြောင်း ဘာသာဗေဒပညာရှင်တွေက သာဓကပြကြတယ် "

"ဘယ်စကားလုံးမျိုးတွေပါလဲ ဆရာ"

" picture , courage ,army, treasure, language စတဲ့ စကားလုံးတွေပေါ့။ နေ့တိုင်းသုံးနေတဲ့ face တို့၊ fool တို့၊ beef တို့လည်း ပါတယ်"

"သြော်"

"တချို့စကားလုံးတွေဆိုရင် အင်္ဂလိပ်တွေသုံးနေကျ အရင်းခံစကားလုံးတွေကိုတောင် လွှမ်းမိုးသွားလို့ မူလစကားလုံးတွေ အသုံးမတွင်တော့ဘဲ ပျောက်တောင်ကုန်တယ် တဲ့"

"သြော်၊ ဟုတ်ကဲ့ပါ ဆရာ"

"တို့မြန်မာစကားလည်း ဒီလိုပဲလေ။ ဗုဒ္ဓသာသနာထွန်းကားတာနဲ့အတူ ဘာသာရေးဆိုင်ရာ ပါဠိစကားလုံးတွေ မြန်မာစကားထဲ အများကြီးဝင်လာတာ မဟုတ်လား။ နောက်တော့ ဘာသာရေးသာ မကဘူး။ တခြားကိစ္စတွေနဲ့ဆိုင်တဲ့ ပါဠိစကားလုံးတွေလည်း ဝင်လာတာပေါ့။ ဂုဏ်ရှိဘာသာစကားရဲ့ စကားလုံးတွေကိုပြောရင် ရေးရင်ဂုဏ်ရှိတယ်လို့ခံယူပြီး လိုလိုလားလားသုံးကြမှာ သဘာဝပဲလေ။ မြန်မာစကားမှာ အလှူတို့၊ အကျင့်တို့၊ ချမ်းသာတို့၊ ဆင်းရဲတို့ ရှိနေလျက်သားနဲ့ ဒါနတို့၊ သီလတို့၊ သုခတို့၊ ဒုက္ခတို့ ဆိုတဲ့ပါဠိစကားတွေ ယူသုံးကြတာ မဟုတ်လား"

"ဟုတ်တယ်နော်၊ ဆရာ"

"ဒီတော့ အဲဒီကိစ္စမျိုးဟာ ရှောင်လို့ လွှဲလို့မရတဲ့ ကိစ္စပဲလေ"

"ကိုယ့်မှာ စကားလုံးရှိပြီးသားမို့ ဘာသာခြားစကားလုံးမဝင်ရဘူး။ လက်မခံဘူးလို့ တံခါးပိတ်ထားလို့ ရတာမှ မဟုတ်တာ"

"ဟုတ်ကဲ့ပါ"

"တစ်ခုက၊ အဲဒီလို ဘာသာခြားစကားလုံးတွေ ဝင်လာပေမယ့် ကိုယ့်မူလတိုင်းရင်းစကားလုံးတွေ ပျောက်ကွယ်တိမ်ကောသွားတဲ့အထိတော့ မလွှမ်းမိုးနိုင်ပါဘူးကွယ်။ ဘာသာခြားမွေးစားစကားလုံးထက် မူလတိုင်းရင်းစကားလုံးတွေက အရေအတွက်များနေမှာပါပဲ"

"ဟုတ်ကဲ့ပါ ဆရာ"

"အကျိုးတရားဘက်ကကြည့်ရင် ဘာသာခြားစကားလုံးတွေ ဝင်လာတဲ့အတွက် ကိုယ့်ဘာသာစကား ပိုကြွယ်ဝလာတာ အမှန်ပဲလေ။ ပြီးတော့ အဲဒီမွေးစား စကားလုံးတွေကိုလည်း ကိုယ့်ဘာသာစကားရဲ့အသံစနစ်နဲ့ ကိုက်အောင် ပြုပြင်ပြီး မွေးစားကြတာမို့ ကိုယ့်အာလျှာနဲ့ ရွတ်ရဆိုရတာ အဆင်ပြေပြီး ကြာတော့ ကိုယ့်စကားဖြစ်သွားတာပါပဲ"

"ဟုတ်ကဲ့ပါဆရာ။ အခုဆိုရင် ပါဠိစကားလုံးတော်တော်များများကို ပါဠိမှန်းတောင် မသိတော့ပါဘူးဆရာ"

"ဟုတ်ပါတယ်။ ကဲ... တစ်ခုစဉ်းစားကြည့်။ အခုမြန်မာစကားထဲမှာ 'အလှူဒါန'၊ 'ဆင်းရဲ ဒုက္ခ'၊ 'ချမ်းသာသုခ'၊ 'ကုသိုလ် ကောင်းမှု' စသည်ဖြင့် ပါဠိနဲ့မြန်မာ တွဲထားတဲ့ စကားမျိုးတွေ အများကြီးပဲလေ။ သုံးရတာလည်း အဆင်ပြေတယ်။ ခံ့ခံ့ညားညားလည်း ရှိတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"တကယ်လို့ ကိုယ့်မှာရှိပြီးသားမို့ဆိုပြီး ဘာသာခြားစကားလုံးတွေ လက်မခံခဲ့ရင် အဲဒီလို တွဲသုံးတဲ့စကားလုံးမျိုးတွေ ကြွယ်ကြွယ်ဝဝ ပေါ်လာစရာ အကြောင်းမရှိတော့ဘူးလေ"

"နားလည်ပါပြီ ဆရာ"

"ဘာသာခြားစကားလုံးတွေ မွေးစားရတဲ့ အကြောင်းတစ်ခုက ကိုယ့်ဆီမှာ မရှိသေးတဲ့ အကြောင်းအရာသစ်၊ ပစ္စည်းသစ်တွေကို ခေါ်တဲ့ စကားလုံးတွေ ဖြစ်နေလို့ မွေးစားတာပဲ။ 'တယ်လီဖုန်း' တို့၊ 'ကွန်ပျူတာ' တို့ မွေးစားတာမျိုးပေါ့"

"ဟုတ်ကဲ့ပါ"

"ပုဂံခေတ်ကို ပြန်ကြည့်ရင် ဗုဒ္ဓဘာသာဆိုင်ရာ စကားလုံးတွေကို မွေးစားရာမှာ မူလက ကိုယ့်ယဉ်ကျေးမှုဓလေ့ထုံးစံတွေထဲမှာ မရှိသေးတဲ့ သဘောတရားသစ်၊ အကြောင်းအရာသစ်တွေကို ခေါ်တဲ့ စကားလုံးတွေမို့ မွေးစားတာတွေပါမှာပဲပေါ့"

"ပါမှာပါ ဆရာ"

"စိတ်ဝင်စားစရာတစ်ခုက ဆရာကြီးဦးဖေမောင်တင် မိန့်ကြားခဲ့တဲ့ စကားတစ်ခုပဲ။ ဆရာကြီးက မြန်မာတွေဟာ အခြေခံကျတဲ့ သဘောတရားတစ်ခုဖြစ်တဲ့ 'စိတ်' ကို မြန်မာစကားစစ်စစ်နဲ့ မခေါ်ဘဲ ပါဠိ 'စိတ္တ' ကလာတဲ့ 'စိတ်'ဆိုတဲ့ ပါဠိသက်စကားလုံးနဲ့ခေါ်တာ ထူးခြားတယ်ဆိုတဲ့ သဘောမျိုး မိန့်ကြားခဲ့ဖူးတယ်"

"သြော်၊ ဟုတ်ကဲ့ပါ"

"လူရယ်လို့ ဖြစ်လာရင် ဘယ်လူမျိုး ၊ဘယ်ဘာသာဖြစ်ဖြစ် စိတ်ဆိုတဲ့ သဘောတရားအယူအဆရှိမှာပဲလေ။ ခေါ်တဲ့စကားတွေလည်း ရှိမှာပေ့ါ။ မြန်မာကတော့ ဒီနေ့အထိ ပါဠိသက်စကား 'စိတ်' ကိုပဲ တောက်လျှောက်သုံးလာခဲ့တာလေ"

"ဟုတ်ကဲ့"

"အဲ... ပုဂံခေတ်တုန်းကတော့ 'နှစ်လုံး' ဆိုတဲ့ စကားလုံးကို ပုံမှန်သုံးတယ်ကွဲ့။ ခုတော့ 'နှလုံး' လို့ ရေးတယ်။ အသည်းနှလုံးပေ့ါ။ 'နှစ်လုံးမူ'၊ 'နှစ်လုံးမွေ့လျော်ဖွယ်'၊ 'နှစ်လုံးချမ်းသာကိုယ်ချမ်းသာ'၊ 'နှစ်လုံးဆင်းရဲ ကိုယ်ဆင်းရဲ'ဆိုတဲ့ အသုံးတွေ တွေ့ရတယ်။ စိတ်ရဲ့ တည်နေရာဖြစ်တဲ့ ဟဒယဝတ္ထုပေ့ါ။ 'အနှစ်အလုံး' ဆိုတဲ့ အဓိပ္ပာယ်နဲ့ 'နှစ်လုံး'လို့ ခေါ်တာလေ။ ပုဂံခေတ်တုန်းကတော့ ပါဠိသက် 'စိတ်'ကို တွင်တွင်ကျယ်ကျယ် မတွေ့ရဘူး။ အင်းဝခေတ်ကျမှ ပျို့ကဗျာ လင်္ကာတွေမှာ 'စိတ်' ကို တွင်တွင်ကျယ်ကျယ် တွေ့ရတယ်လေ"

"နောက်တစ်ခုက 'ကိုယ်' ဆိုတဲ့ စကားလုံးကို ပါဠိ 'ကာယ' က ဆင်းသက်တယ်လို့ ယူဆပြီး 'ကိုယ်' လို့ ယသတ်နဲ့ ရေးတာ ခုခေတ်အထိပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ ကိုယ်ကို ယသတ်နဲ့ ရေးပါတယ်"

"ပုဂံခေတ်တုန်းကတော့ 'ကိုဝ်' လို့ ဝသတ်နဲ့ တစ်သမတ်တည်း ရေးတယ်။ ခန္ဓာကောင်ကြီးကို ဆိုလိုတာပဲ။ မြန်မာစကား စစ်စစ်ပါ။ နောက်တော့ ပါဠိသြဇာအရှိန်အဝါကြောင့် 'ကာယ' နဲ့ ဆက်စပ်ပြီး 'ကိုယ်' လို့ ရေးတာ အခုတွင်ကျယ်နေပြီလေ"

"ဟုတ်ကဲ့"

"ဆရာ ဆိုလိုတာက ပုဂံခေတ်တုန်းက 'နှစ်လုံး'နဲ့ 'ကိုဝ်' ဆိုပြီး မြန်မာစကားနဲ့ သုံးနေရာက ပါဠိသြဇာကြောင့် 'စိတ်'၊ 'ကိုယ်' ဆိုတဲ့ စကားလုံးတွေကို ပါဠိဆီက မွေးစားယူလာပြီး သုံးနေတာ ခုအချိန်အထိပဲလို့ ဆိုလိုတာပါ"

"စိတ်ဝင်စားစရာပါပဲ ဆရာ"

"တစ်ခုမေးပါရစေဆရာ။ ဘာသာခြား မွေးစားစကားလုံးတွေအကြောင်း ပြောတဲ့အခါ ပုဂံခေတ်ကစပြီးပြောကြတာ ကြားရပါတယ်လေ။ ပုဂံခေတ်မတိုင်ခင်တုန်းကရော အဲဒီမွေးစားစကားလုံးတွေ ဝင်နေပါပြီလား"

"သားမေးခွန်းက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ပုဂံခေတ်ကစပြီး ပြောကြတာက ပုဂံခေတ်မှာ မြန်မာစာအရေးအသားစပေါ်တာမို့ စာအရေးအသားအထောက်အထား သာဓကတွေနဲ့ ပြောကြတာလေ။ တကယ်တော့ မြန်မာစာအရေးအသားမပေါ်ခင်ကတည်းက မြန်မာစကားထဲမှာ ဘာသာခြားစကားတွေဝင်နေပြီလို့ ဆိုရမှာပေ့ါ။ စာရှိရှိ မရှိရှိ၊ ဘာသာစကားချင်း ပြောဆိုဆက်သွယ်ရင် မွေးစားစကားလုံးတွေ ဝင်လာတာသဘာဝပဲလေ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ချက်က မြန်မာတွေ မြန်မာစာအရေးအသားမပေါ်ခင်ကတည်းက ပါဠိ၊ သက္ကတ၊ မွန်ဘာသာစကားတွေကို ပြောတတ်၊ ရေးတတ်နေပြီလို့ ယူဆရတဲ့ အထောက်အထားတွေရှိနေတယ်"

"ပြောပြပါ ဆရာ"

"သားတို့ သမီးတို့ လေ့လာဖူးမယ်ထင်တယ်။ မြန်မာစာမပေါ်ခင် မြန်မာထက်စောပြီးပေါ်တဲ့ အုတ်ခွက်စာတွေ ၊ ကျောက်စာတွေ၊ မင်စာတွေ၊ စဉ့်ကွင်းစာတွေမှာ ပါဠိ၊ သက္ကတ၊ ရှေးမွန်ဘာသာတွေနဲ့ ရေးထားတဲ့စာတွေလေ။ အနော်ရထာမင်း၊ အဲ...အနိရုဒ္ဓမင်းပေ့ါ၊ အဲဒီအနိရုဒ္ဓမင်းကောင်းမှုအုတ်ခွက်လို့ခေါ်တဲ့ မြေပုံဘုရားတွေမှာ ရေးထားတဲ့ အုတ်ခွက်စာတွေမှာ 'ယေဓမ္မာဟေတုပ္ပဘဝါ' အစချီတဲ့ ဂါထာ၊ ပဋ္ဌဝဂ္ဂိငါးပါးမှာ အငယ်ဆုံးရှင်အဿဇိက ရှင်သာရိပုတ္တရာ အလောင်းလျာ ဥပတိဿပရိပိုက်ကို ဟောတဲ့ ဂါထာပေ့ါ။ အဲဒီဂါထာကို ပါဠိဘာသာနဲ့ ရေးသားတာ အများဆုံးပဲ။ သက္ကတဘာသာနဲ့ရေးတဲ့ အုတ်ခွက်စာတွေလည်း ရှိတယ်။ ပြီးတော့ ရှေးမွန်ဘာသာနဲ့ ရေးထားတဲ့ ကျောက်စာတွေလည်း ကျန်စစ်သားမင်းလက်ထက်မှာ အများကြီးပဲ။ စဉ့်ကွင်းဆိုတဲ့ စဉ့်ရည်သုတ်ထားတဲ့ အုတ်ချပ်ရုပ်ကြွတွေမှာလည်း ရှေးမွန်စာတွေနဲ့ ရေးထားတဲ့ ဇာတ်တော်နာမည်တွေပါတယ်။ သထုံက ပိဋကတ်တော်တွေ ရောက်လာပြီးတဲ့နောက် အဲဒီပိဋကတ်တော်တွေကို မွန်ပညာရှိရဟန်းတွေ၊ လူပုဂ္ဂိုလ်တွေက စာမရှိသေးတဲ့ မြန်မာတွေကို အရင်သင်ပေးမှာပဲလို့ ယူဆရတယ်လေ။ အဲဒီစာတွေတတ်ပြီးမှ အဲဒီအက္ခရာတွေနဲ့ မြန်မာစာတီထွင်ရတာကိုး။ ဒီတော့ ပုဂံသားမြန်မာတွေ ပိဋကတ်တော်တွေ သင်ကတည်းက ပါဠိ၊ သက္ကတမွန်စကားတွေကိုတတ်ပြီး မြန်မာစကားထဲမှာ ထည့်သုံးရာက မွေးစားစကားလုံးတွေ ဝင်လာတာမို့ ဘာသာခြားစကားလုံးမွေးစားတဲ့ အစဉ်အလာဟာ မြန်မာစာ မတီထွင်ရသေးခင်ကတည်းက ရှိနေပြီလို့ ယူဆနိုင်ပါတယ်ကွယ်"

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် သမိုင်းဘာသာရပ် နမူနာမေးခွန်းပုံစံ (၂)

**၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။**

**ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။**

**(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)**

**နမူနာမေးခွန်း**
**၂၀၁၉ ခုနှစ်**
**တက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**သမိုင်း** **ခွင့်ပြုချိန် (၃) နာရီ**

**သတိပြုရန်။ ။ အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။**

**အပိုင်း (က)**

**၁။ (က)** အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။ **(၁၀မှတ်)**

(၁) အိန္ဒိယဘုရင်ခံချုပ် -------- က မြန်မာနိုင်ငံတစ်ခုလုံးကို ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းလိုက်ပြီဖြစ်ကြောင်း ၁၈၈၆ ဇန်နဝါရီ ၁ တွင် ကြေညာလိုက်သည်။

(၂) ၁၉၄၅ မတ် ၁၇ တွင် ရန်ကုန်မြို့ရှိ ယခုတော်လှန်ရေးပန်းခြံနေရာ၌ ဗိုလ်ချုပ်အောင်ဆန်းဦးစီး၍ ရန်သူကိုတိုက်ထုတ်ရန် ဗမာ့တပ်မတော်က -------- ကျင်းပသည်။

(၃) ၁၈၂၄ မှစ၍ အင်္ဂလိပ်အစိုးရက -------- နိုင်ငံမှ အမှုထမ်းများကို ခေါ်ယူလျက် အထက်တန်းရာထူးများ၌ ခန့်ထား၍ တိုင်းပြည်အုပ်ချုပ်ရေးတွင် ဆောင်ရွက်စေခဲ့သည်။

(၄) ၁၉၅၂ တွင် ပထမဆုံးအကြိမ်ကျင်းပသော -------- ညီလာခံတွင် အခြားစီမံကိန်းများနှင့်အတူ ဘဝသစ်ဖန်တီးမှုပညာရေးစီမံကိန်းကို တင်ပြဆွေးနွေးပြဋ္ဌာန်းသည်။

(၅) အိမ်စောင့်အစိုးရသည် -------- ကိုဆောင်ရွက်ရန် အုပ်ချုပ်ရေးအဖွဲ့အစည်းများကို ပြုပြင်ဖွဲ့စည်းသည်။

(၆) ပထမကမ္ဘာစစ်အပြီးတွင် မဟာမိတ်နိုင်ငံအချင်းချင်း စစ်လျော်ကြေးကိစ္စနှင့် ပတ်သက်၍ -------- ညီလာခံတွင် သဘောတူညီမှု မရရှိကြပေ။

(၇) ၁၈၅၇ တွင်ပေါ်ပေါက်ခဲ့သော -------- အရေးတော်ပုံသည်အင်္ဂလိပ်ဆန့်ကျင်ရေးလက်နက်ကိုင်တော်လှန်မှုတစ်ရပ် ဖြစ်သည်။

(၈) ၁၉၁၉ ဇွန်တွင် -------- ငြိမ်းချမ်းရေးစာချုပ်ဖြင့် ပထမကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်။

(၉) အမေရိကန်သမ္မတ -------- က ၁၉၄၇ မတ် ၁၂ တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

(၁၀) ၁၉၅၃ စက်တင်ဘာတွင် ခရုရှော့ဗ်သည် -------- ပါတီ၏ အထွေထွေအတွင်းရေးမှူး ဖြစ်လာသည်။

**၁။ (ခ)** အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ **(က) (ခ) (ဂ)** တို့အနက်မှ **အဖြေမှန်တစ်ခုကို** အဖြေစာအုပ်တွင်ရေးပါ။ **(၁၀ မှတ်)**

(၁) မြန်မာအမျိုးသမီးသမဂ္ဂနှင့်ခေတ်ပြိုင်အသင်းမှာ -------- အသင်းဖြစ်သည်။
(က) ကုမ္မာရီ (ခ) ဒါနသုခ (ဂ) မြန်မာအမျိုးသမီးနေရှင်နယ်ကောင်စီ

(၂) ရဲဘော်သုံးကျိပ်တို့သည် -------- မြို့၌ ၁၉၄၁ ဒီဇင်ဘာ ၂၇ တွင် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)ကို ဖွဲ့စည်းခဲ့သည်။
(က) ဗန်ကောက် (ခ) တိုကျို (ဂ) ရန်ကုန်

(၃) စစ်ပြီးခေတ်ပထမဆုံးမဂ္ဂဇင်းအဖြစ် အရှေ့တိုင်းလစဉ်ကို ၁၉၄၅ တွင် ------ မြို့မှ ထုတ်ဝေသည်။
(က) မော်လမြိုင် (ခ) မန္တလေး (ဂ) ရန်ကုန်

(၄) မြန်မာနိုင်ငံသည် ၁၉၅၄ ဧပြီနှင့် မေတွင် ကျင်းပသော-------- ညီလာခံသို့ တက်ရောက်ခဲ့သည်။
(က) ကိုလံဘို (ခ) ဘန်ဒေါင်း (ဂ) အာရှနှင့် အာဖရိကနိုင်ငံများ

(၅) ၁၉၅၉ ဇွန်တွင် -------- မြို့ဟောင်းကို စတင်တူးဖော်ခြင်းအားဖြင့် ယဉ်ကျေးမှုကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်လိုက်သည်။
(က) သရေခေတ္တရာ (ခ) ဟန်လင်း (ဂ) ဗိဿနိုး

(၆) ရုရှားအရှေ့ဖျားဒေသနှင့် ဆက်သွယ်ရန် -------- တွင် ဆိုက်ဘေးရီးယားမီးရထားလမ်းကြီးကို ဖောက်လုပ်နိုင်ခဲ့သည်။
(က) ၁၈၉၀ (ခ) ၁၈၉၁ (ဂ) ၁၈၉၂

(၇) အရှေ့တောင်အာရှနိုင်ငံများအားလုံး၌ -------- အစောပိုင်းတွင် အမျိုးသားရေးလှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့သည်။
(က) ၁၈ ရာစု (ခ) ၁၉ ရာစု (ဂ) ၂၀ ရာစု

(၈) အီတလီနိုင်ငံတွင် မူဆိုလီနီအာဏာရလာပြီးနောက် ၁၉၂၅ မှစ၍ -------- နိုင်ငံအပေါ် အထူးအခွင့်အရေးများ တောင်းဆိုခဲ့ရာ နှစ်နိုင်ငံဆက်ဆံရေး တင်းမာလာသည်။
(က) ရူမေးနီးယား (ခ) ချက်ကိုစလိုဗားကီးယား (ဂ) အီသီယိုးပီးယား

(၉) အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်နိုင်ရန် ကိုမင်ဖောင်ခေါ် ကွန်မြူနစ် သတင်းဖြန့်ချိရေးအဖွဲ့ကို -------- နိုင်ငံက ၁၉၄၇ စက်တင်ဘာတွင် ဖွဲ့စည်းလိုက်သည်။
(က) ဆိုဗီယက် (ခ) အမေရိကန် (ဂ) ပြင်သစ်

(၁၀) ၁၉၄၃ တွင် ဖိလစ်ပိုင်နိုင်ငံအား -------- သြဇာခံသမ္မတနိုင်ငံအဖြစ် တည်ထောင်ပေးခဲ့သည်။
(က) ဂျပန် (ခ) အမေရိကန် (ဂ) စပိန်

**အပိုင်း (ခ)**

၂။ အောက်ပါတို့ အနက်မှ **လေးပုဒ်** ကို မှတ်စုတိုရေးပါ။ **(၂၀ မှတ်)**

(က) အောင်ဆန်းအက်တလီစာချုပ်ပါအချက်များ **(၅) မှတ်**
(ခ) အာရှလူငယ်အစည်းအရုံး၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များ **(၅) မှတ်**
(ဂ) ဖဆပလအစိုးရ၏ ကျန်းမာရေးကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ **(၅) မှတ်**
(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက် လမ်းတံတား တည်ဆောက်ရေးကဏ္ဍ **(၅) မှတ်**
(င) တရုတ်နိုင်ငံနှင့် ပထမကမ္ဘာစစ် **(၅) မှတ်**
(စ) ဒန်းဇစ်နှင့်ပိုလန်စင်္ကြံပြဿနာ **(၅) မှတ်**
(ဆ) စီးပွားရေးအပြန်အလှန် အထောက်အကူပြုရေးကောင်စီ CMEA (or) (Comecon) ၏ ဖွဲ့စည်းပုံနှင့် ရည်မှန်းချက် **(၅) မှတ်**
(ဇ) အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ဖွဲ့စည်းပုံ **(၅) မှတ်**

**အပိုင်း (ဂ)**

၃။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ **(၃၀ မှတ်)**

(၁) တို့ဗမာအစည်းအရုံး၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ဆိုရှယ်လစ်ရေးတို့တွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့ပုံကို ဆွေးနွေးတင်ပြပါ။ **(၁၅) မှတ်**
(၂) မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် နေသူရိန်လူထုအစည်းအဝေးကြီး၏ အခန်းကဏ္ဍကို ဖြေဆိုပါ။ **(၁၅) မှတ်**
(၃) ဂျပန်ခေတ်မြန်မာနိုင်ငံတွင် လူမှုရေးလွန်စွာနိမ့်ကျခဲ့ပုံကို ဆွေးနွေးပါ။ **(၁၅) မှတ်**
(၄) ဖဆပလအစိုးရလက်ထက်တွင် ကျဆင်းနေသော မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေကို တိုးတက်အောင် မည်ကဲ့သို့ကြိုးပမ်းခဲ့သနည်း။ **(၁၅) မှတ်**

**အပိုင်း (ဃ)**

၄။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ **(၃၀ မှတ်)**

(၁) ရုရှားနိုင်ငံတွင် ပေါ်ပေါက်ခဲ့သော ၁၉၀၅ တော်လှန်ရေးသည် နောင်ပေါ်လာမည့် ၁၉၁၇ တော်လှန်ရေး၏ ရှေ့ပြေးအကြိုတော်လှန်ရေးဖြစ်ကြောင်း ဆွေးနွေးပါ။ **(၁၅) မှတ်**
(၂) အရှေ့တောင်အာရှ အမျိုးသားလှုပ်ရှားမှုများအနက် ထိုင်းနိုင်ငံအမျိုးသားလှုပ်ရှားမှု၏ ထူးခြားချက်များကို တင်ပြပါ။ **(၁၅) မှတ်**
(၃) ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာရသည့် အခြေခံအကြောင်းအရင်းများကို ရှင်းပြပါ။ **(၁၅) မှတ်**
(၄) စစ်အေးကာလ နိုင်ငံတကာအရေးအခင်းများအနက် စူးအက်အရေးအခင်းအကြောင်း တင်ပြပါ။ **(၁၅) မှတ်**

---

## အင်းတော်မြို့နယ်၌ မိုးခေါင်သဖြင့် တောင်သူများ အခက်ကြုံ

**အင်းတော် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ၌ မိုးခေါင်သဖြင့် မိုးရေအသုံးပြုစိုက်ပျိုးသော တောင်သူအများစုမှာ အခက်အခဲနှင့် ကြုံတွေ့ရကြောင်း သိရသည်။

မော်လူးဒေသအတွင်းရှိ အုန်းဒုတ်ကွင်း၊ မင်းသာကွင်း၊ သူရောင်းကွင်း၊ နန့်ကျဲကွင်း၊ သာစည်ကွင်း၊ ပဲခူးကွင်း၊ မာန်ဟဲကွင်းတို့တွင် လယ်မြေများ၌ ရေများခန်းခြောက်နေသဖြင့် တောင်သူများကစိုးရိမ်နေကြောင်း၊ မိုးခေါင်သောကြောင့် စပါးစိုက်ပျိုးရန်အခက်အခဲနှင့် ကြုံတွေ့နေရကြောင်း၊ အချို့မှာ နန့်ကျဲချောင်းနှင့် လေးတန်ချောင်းများမှ ရေကိုစက်များဖြင့် စုပ်ယူသုံးစွဲကြရာ ကုန်ကျငွေများသဖြင့် တောင်သူအချို့သာ သုံးစွဲနိုင်ကြောင်း ပဲခူးကွင်းမှ တောင်သူတစ်ဦးက ပြောသည်။

“ စိုက်ပျိုးချိန်တန်တဲ့အချိန်မှာ မိုးရေလုံလုံလောက်လောက် မရခဲ့တာကြောင့် ရေတင်စက်စရိတ်ကိုလည်း မတတ်နိုင်တော့လို့ မိုးရေကိုအလိုရှိကြတဲ့ ဒေသခံတောင်သူတွေက ယုံကြည်မှုအလိုက် နတ်ကိုပူဇော်ပသမှုတွေတောင် လုပ်ရမလိုဖြစ်နေပြီ”ဟု နန့်ကျဲချောင်းအနီးမှ တောင်သူတစ်ဦးက ပြောသည်။

နန့်ကျဲချောင်းကို အမှီသဟဲပြု၍ တောင်သူများက စပါးစိုက်ပျိုးရန် တာစူနေကြသော်လည်း မိုးခေါင်သောကြောင့် ဟဲနုကွင်းသာစည်ကွင်း၊ အုန်းဒုတ်ကွင်းများနှင့် စပါးစိုက်ကွင်းအချို့မှာ ရေမရရှိမှု အခက်အခဲကြုံတွေ့နေကြရပြီး ပျိုးသက်ရင့်၍ စိုက်ပျိုးချိန်တန်သော်လည်း မိုးရေကို လုံလောက်စွာ မရရှိခဲ့သောကြောင့် သီးနှံထွက်ရှိမှုမှာ အလားအလာမကောင်းဘဲ စိုက်ပျိုးရန်အတွက် အကူအညီပေးအပ်မှုများကိုလည်း မျှော်လင့်နေကြကြောင်း ဒေသခံများထံမှ သိရှိရသည်။ **နီတိုး(မိုးညှင်း)**



## ကယ်ဆယ်ရေးလုပ်ငန်းလုပ်ဆောင်နိုင်သည့် ဘက်စုံမီးသတ်ယာဉ် စမ်းသပ်မောင်းနှင်

**ဘားအံ ဇူလိုင် ၁၃**

ကရင်ပြည်နယ် ဘားအံမြို့အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ပေးအပ်ထားသော ပိုလန်နိုင်ငံထုတ် အဆင့်မြင့်ခေတ်မီ မီးငြှိမ်းသတ်ယာဉ် Medium Rescue and Fire Fighting Vehicle ယာဉ်၏ အသုံးပြုနိုင်သည့် စွမ်းရည်အခြေအနေကို ဇူလိုင် ၁၂ ရက်က ဘားအံမြို့သီရိကွင်း၌ စမ်းသပ်မောင်းနှင်ခဲ့ကြကြောင်း သိရသည်။

ပိုလန်နိုင်ငံထုတ် အဆင့်မြင့်ခေတ်မီ မီးငြှိမ်းသတ်ယာဉ်သည် တိုင်းဒေသကြီး/ပြည်နယ်များအတွက် စီစဉ်ပေးထားခြင်းဖြစ်ပြီး ကရင်ပြည်နယ်အတွက် ပေးအပ်သည့်နှစ်စီးတွင် ပထမဦးဆုံးတစ်စီးအဖြစ် ဇူလိုင် ၇ ရက်တွင် ရောက်ရှိကြောင်း၊ မီးငြှိမ်းသတ်ရေးအပြင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ၊ ဆီမီးလောင်မှုကို မီးငြှိမ်းသတ်နိုင်ခြင်း၊ မီးလောင်ကွင်းအတွင်း ဝင်ရောက်မီးငြှိမ်းသတ်နိုင်သည့် စွမ်းရည်ရှိခြင်း၊ ယာဉ်တိမ်းမှောက်မှုများကို လွယ်ကူစွာ ကူညီဆောင်ရွက်ပေးနိုင်ခြင်း၊ မီးခိုးမှုတ်ထုတ်စက်ကိရိယာများ၊ အသက်ရှူကိရိယာများလည်းပါဝင်ပြီး ပိုမိုလွယ်ကူလျင်မြန်စွာအသုံးပြုနိုင်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆင့်မြင့်ခေတ်မီ မီးသတ်ယာဉ်အား အသုံးပြုနိုင်သည့် စွမ်းရည်အခြေအနေကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဆန်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## တူပြိုင်အလွမ်း ဇူလိုင်ပန်း

❉ ဇူလိုင်မိုးစက်၊ ဖြိုးသက်လို့ ကြွေလေလျှင်
ရှစ်ခွင်အုံ့မှိုင်း၊ တိမ်လှိုင်းညို့မှောင်ဆင်
မြန်တိုင်းတစ်ခွင်၊ ဖြေမရှင်စိတ်ဝမ်း
ကြွေလွင့်ခဲ့သည်၊ အာဇာနည်
မျှော်ရည်တတမ်း လွမ်းသည်တည့်လေး။

❉ ပြည်သူ့ချစ်ပန်း၊ အောင်ဆန်းဗိုလ်ချုပ်သည်
မြန်မာပြည်လွတ်ရေး၊ မျှော်တွေးသူကြံစည်
မြေပြန့်မှသည်၊ တောင်ပေါ်ဆီတစ်ဝန်း
စည်းလုံးညီအောင်၊ သူစွမ်းဆောင်
ပြည်ထောင်လွတ်လမ်း မှန်းသည်တည့်လေး။

❉ လွတ်လပ်ပန်းပွင့်၊ လျှမ်းတင့်၍မကြူမီ
ဇာနည်မြေခ၊ ကြွေကျခဲ့ရှာသည်
ရိုင်းမိုက်ကြံစည်၊ ဉာဏ်ပလီကျင့်သုံး
နယ်ချဲ့ဖောက်ပြန်၊ အကောက်ဉာဏ်
နိုင်ငံကြိမ်မီး အုံးသည်သို့လေး။

❉ လွမ်းတုံး လွမ်းဆဲ၊ လွမ်းအသည်း ခိုင်မာသည်
အာဇာနည်များသို့၊ ကျိုယို့ဦးညွှတ်ပြီ
သည်လ သည်ရာသီ၊ ရောက်လေပြီဆိုတိုင်း
ပြည်သူ့ရင်မှာ၊ ထင်မြင်လာ
ဇာနည်ပုံရိပ်လှိုင်း သာတည့်လေး။
ရှစ်တိုင်းနယ်တစ်ခွင် ဇူလိုင်ပန်းရိပ်ဝေ။ ။
ချစ်လှိုင်းရယ်ဆင် တူပြိုင်လွမ်းစိတ်ဝေ။ ။

(၇၁ နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုလျက်-)

**မြင်းမူမောင်နိုင်မိုး**

## (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အကြိုအသိပညာပေးဟောပြောပွဲကျင်းပ

**လောက်ကိုင် ဇူလိုင် ၁၃**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြိုအသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက်က တပ်မတော်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ဆရာဦးဝင်းတင့်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဒုတိယဦးစီးမှူး ဦးညီမောင်ဘဦးက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံအကြောင်းအရာများကို ဟောပြောသည်။ ဆက်လက်၍ ကျောင်းဆရာမ ဒေါ်နန်းလောဝ်ခမ်းက အာဇာနည်နေ့အကြောင်းသိကောင်းစရာအကြောင်းအရာများဟောပြောပြီး အခမ်းအနားသို့ တက်ရောက်လာသောပညာရေးဌာနမှ ဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသသော အာဇာနည်နေ့နှင့်ပတ်သက်သည့် အသိညာပေးနံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပဲခူးတိုင်းဒေသကြီး ပထမအကြိမ် လူငယ်ရေးရာကော်မတီအစည်းအဝေး ကျင်းပ

ပဲခူး ဇူလိုင် ၁၃

**မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို ၂၀၁၇ တွင် အတည်ပြုပြဋ္ဌာန်းထားခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် မဟာဗျူဟာရေးဆွဲပြီး တိုင်းဒေသကြီးအတွင်းရှိ လူငယ်ရေးရာကဏ္ဍများဆောင်ရွက်ရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးပထမအကြိမ် လူငယ်ရေးရာကော်မတီအစည်းအဝေးကို ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်၌ ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။**

ရှေးဦးစွာ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွှန့်ညွှန့်ဌေးက လူငယ်ရေးရာကော်မတီသည် လူငယ်အခန်းကဏ္ဍမြှင့်တင်နိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ကြိုးစားဆောင်ရွက်ရန်၊ ချမှတ်ထားသောလူငယ်မူဝါဒများ စည်းမျဉ်းစည်းကမ်းများလိုက်နာပြီး လူငယ့်ရေးရာများအကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားသည်။



### ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်က အမှာစကားပြောကြားပြီး လူငယ်ရေးရာပြည်ထောင်စုကိုယ်စားလှယ် ဦးအောင်ကိုကိုက လူငယ်ရေးရာမဟာဗျူဟာရေးဆွဲနေမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ကိုက်ညီသောလုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး၊ ပြည်ထောင်စုမှ ချမှတ်သောမဟာဗျူဟာသည် တိုင်းဒေသကြီးအတွင်းရှိ လူငယ်များနှင့် သက်ဆိုင်သော ဦးစားပေးရမည့်လူငယ်ရေးရာကဏ္ဍ(၁၆)ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိုလည်းကောင်း၊ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီအတွင်းရေးမှူး ဦးသန်းထိုက်အောင်က ကော်မတီ၏ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ လူငယ်စင်တာဖွင့်လှစ်နိုင်ရန်မြေနေရာကိစ္စရပ်များ၊ လူငယ်ရေးရာကော်မတီဖွဲ့စည်းရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ လူငယ်စင်တာရုံးခန်းမြေနေရာ၊အသုံးစရိတ်တို့ကို အသီးသီးဆွေးနွေးပေးကြပြီးနောက် အမှတ်တရဓာတ်ပုံများရိုက်ကူးကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးစည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူငယ်ရေးရာပြည်ထောင်စုကိုယ်စားလှယ်နှင့် ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ဟိန်းထက်**

## ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်း တားမြစ်ပစ္စည်းများအား မီးရှို့ မြေမြှုပ်ဖျက်ဆီး

**ကလေး ဇူလိုင် ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများအခွင့်အရေးနှင့် အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်း၊ တားမြစ်ပစ္စည်းများအား မီးရှို့ မြေမြှုပ်ဖျက်ဆီးခြင်းကို ဇူလိုင်လ ဒုတိယပတ်က ဆည်ကြီးကျေးရွာ၊ ဆည်ကြီးချောင်းနံဘေးရှိ စည်ပင်အမှိုက်စွန့်ပစ်ရာနေရာ၌ ကျင်းပပြုလုပ်သည်။

ကလေးခရိုင်အတွင်း ၂၀၁၈ ခုနှစ် ဧပြီ ၃၀ ရက်မှ ဇွန် ၃၀ ရက်အထိဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်း၊ တားမြစ်ပစ္စည်းများအား ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ စည်ပင်သာယာရေးကော်မတီ၏မီးရှို့ဖျက်ဆီးရန် ဆည်ကြီးကျေးရွာ၊ ဆည်ကြီးချောင်းဘေးရှိ စည်ပင်အမှိုက်စွန့်ပစ်ရာနေရာတစ်နေရာတွင် သိမ်းဆည်းခဲ့သည့် FDA မှ တားမြစ်ထားသော အစားအသောက်၊ အလှကုန်များ၊ Expired Date၊ Unregistered၊ မှိုတက်နေသော စားသောက်ကုန်များအားစားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူ လေးဦး၊ FDA ဌာနမှ နှစ်ဦး၊ စည်ပင်သာယာမှ နှစ်ဦး၊ မီးသတ်ဦးစီးဌာနမှ သုံးဦး စုစုပေါင်း ၁၁ ဦးတို့ဖြင့် မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း ခရိုင်စားသုံးသူရေးရာဦးစီးဌာနခရိုင်ဦးစီးမှူး ဦးစိုးအောင်ထံမှ သိရသည်။

**ချင်းတွင်းသား**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၄) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန်အနှစ်သာရပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၅)၊ အမှတ်(၁၄)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။




ဇူလိုင် ၁၅ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ်အတွဲ (၁၅)၊ အမှတ်(၁၄)တွင် စပါးကိုနှစ်ကြာ ဆက်တိုက် စိုက်ပျိုးခြင်းကြောင့် မြေဆီလွှာအတွင်း ဖြစ်ပေါ်သောပရိယာယ်များ အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ၊ တောကြက်(ခေါ်)ဒေသကြက်မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာဆိုင်ရာ အလေ့အကျင့်များအပါအဝင်မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ၊ ဆရာကြီး လယ်တွင်းသားစောချစ်၏ ဒုတိယအရွယ်အခန်းဆက်ဝတ္ထုရှည်၊ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဒို့ကျေးရွာပေးစာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက်စသည့် ဗဟုသုတရရှိစေမည့်အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်သာယာလမ်းမကြီးဝဲ၊ ယာမှကျူးကျော်ဆိုင်များကို စည်ပင်သာယာက ရှင်းလင်း

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ ရန်ကုန်-ပုသိမ် ကားလမ်းမကြီးတစ်လျှောက်ရှိ လမ်းဘေးဝဲယာကျူးကျော်ဈေးဆိုင်များ၊ စီးပွားဖြစ်လူနေဆိုင်ခန်းများ၊ အမြင်မတင့်တယ်သော အဖီများနှင့် စုပုံပစ္စည်းများကို ဇူလိုင် ၁၃ ရက်နံနက် ၇ နာရီက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ဝန်ထမ်းအင်အား ၂၃၀ ကျော်ဖြင့် စတင်ရှင်းလင်းဆောင်ရွက်နေကြောင်း သိရသည်။

"ကားလမ်းဘေးဝဲ၊ ယာမှာ အမြင်မတင့်တယ်တဲ့ အဖီတွေ၊ ဈေးဆိုင်တွေကို စည်းကမ်းထိန်းသိမ်းရေးနဲ့အတူ ရှင်းလင်းဆောင်ရွက်တာပါ။ဒီနေ့မှာ ဘုရင့်နောင်တံတားအဆင်းကနေ ဘီအိုစီလမ်းဆုံထိ ရှင်းလင်းပြီးတော့ မနက်ဖြန်မှာဘီအိုစီလမ်းဆုံကနေ ဒဂုံ- ဧရာအဝေးပြေးကားဝင်းအလွန် ထိန်ပင်ဝင်ပေါက်ထိပ်ထိ ရှင်းလင်းမှာပါ။ မြို့နယ်ကလမ်းကျယ်ကြီးတွေပေါ်ကမလွတ်တဲ့ လမ်းဘေး ဈေးဆိုင်တွေ၊ အဖီတွေလည်း ရှင်းလင်းမှာပါ။ စည်းကမ်းထိန်းသိမ်းတဲ့အခါမှာ ပြဿနာကအနန်နဲ့အများတော့ ကြုံရတယ်။ မနက်ဖြန် ဆက်ရှင်းလင်းသွားမှာပါ"ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ပြောသည်။

စည်ပင်သာယာကခရိုင် မြို့နယ်ပူးပေါင်းအင်အား၁၀၀၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးနှင့်ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးအဖွဲ့ဝင်အင်အား ၁၀၀ ကျော်စုစုပေါင်း စည်းကမ်းထိန်းသိမ်းရေးအင်အား ၂၃၀ ဖြင့် ရန်ကုန်- ပုသိမ်ကားလမ်းဝဲ၊ ယာမှ လူနေဈေးဆိုင်များ၊အမြင်မတင့်တယ်သောအဖီ၊ အဆွယ်များ၊ စုပုံပစ္စည်းများကို စတင်ရှင်းလင်းခြင်းဖြစ်ပြီး ယနေ့ရှင်းလင်းမှုကျန်ရှိသော ဘီအိုစီလမ်းဆုံမှ ထိန်ပင်ဝင်လမ်းဝင်ပေါက်ထိအား ဇူလိုင်၁၄ ရက်နံနက်တွင် ဆက်လက်ရှင်းလင်းသွားမည် ဖြစ်ကြောင်းနှင့် အောင်ဇေယျကြိုးတံတား အဆင်းမှ ဘီအိုစီလမ်းဆုံထိ လမ်းဘေးဝဲ၊ ယာမှ အမြင်မတင့်တယ်သော ဈေးဆိုင်များကို ဆက်လက်ရှင်းလင်းဆောင်ရွက်သွားမည်"ဟု မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**၁၆၄၊ ဓာတ်ပုံ - သစ္စာ**



# ကလေးငယ်များအကြား တစ်ကိုယ်ရေသန့်ရှင်းမှု တိုးတက်လာစေရန် လက်သန့်ရှင်းရေးအစီအစဉ်ကို စတင်ဆောင်ရွက်

**မန္တလေး ဇူလိုင် ၁၃**
မြန်မာ့ဆက်သွယ်ရေး အော်ပရေတာ MPT သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ လက်သန့်ရှင်းရေးပညာပေးအစီအစဉ်အတွက် ပထမဆုံးသော ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ ရဲပေါက်ချောင်း အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်း၌ ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ MPT SGM Joint Opreations လုပ်ငန်းလည်ပတ်မှုဌာနကြီး၏ ဒုတိယအရာရှိချုပ် ဦးနိုင်ကိုကိုက "လွယ်ကူရိုးရှင်းတဲ့ လက်ဆေးခြင်း အလေ့အထက ပျော်ရွှင်ကျန်းမာတဲ့ ဘဝကိုပေးစွမ်းနိုင်မှာပါ။ ဒါပေမယ့်လည်း ကျောင်းတွေမှာ သန့်ရှင်းတဲ့ရေရရှိဖို့ ရေဆိုးထုတ်စနစ်နဲ့ တစ်ကိုယ်ရေသန့်ရှင်းရေး အထောက်အကူပြုပစ္စည်းရရှိဖို့ စိန်ခေါ်မှုတွေ ရှိနေပါတယ်။ ကျွန်တော်တို့ရဲ့ လူမှုအကျိုးပြုအစီအစဉ်ကြောင့် ကျောင်းသားတွေ သူတို့မိဘတွေနဲ့ လူမှုပတ်ဝန်းကျင်က အများပြည်သူတွေကို အသက်ဆုံးရှုံးမှု အန္တရာယ်ဖြစ်နိုင်တဲ့ အခြေအနေကနေ ကာကွယ်ပေးနိုင်စေမယ်လို့ မျှော်လင့်ထားပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ အမက(၈) ကျောင်းအုပ်ဆရာမကြီးဒေါ်ယဉ်ယဉ်အေးကလည်း "လက်ဆေးခြင်း အလေ့အထကောင်းတွေကို ကျွန်မတို့ရဲ့ကျောင်းသားလူငယ်တွေအကြားမှာ ဆောင်ရွက်နိုင်ဖို့ အတွက် အခုလို အုပ်စုလိုက် လက်ဆေးကန်ကို MPT နဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ရဲ့ အထောက်အပံ့နဲ့အတူ ဆောင်ရွက်ပေးတဲ့အတွက် ကျွန်မတို့အနေနဲ့ အထူးပဲ ဝမ်းသာပီတိဖြစ်ရပါတယ်။ အထူးသဖြင့် ကျောင်းသားလူငယ်လေးတွေရဲ့ ကျန်းမာရေးဟာ အလွန်ပဲ အရေးကြီးပါတယ်။ ဒီအရွယ်မှာကတည်းက တစ်ကိုယ်ရေသန့်ရှင်းခြင်းနဲ့ဆိုင်တဲ့ အခုလို လက်ဆေးခြင်းအလေ့အကျင့်ကောင်းတွေကို ရရှိသွားမယ်ဆိုရင် နောင်တစ်ချိန်မှာ ကျန်းမာကြံ့ခိုင်တဲ့ အနာဂတ်မျိုးဆက်သစ်တွေ ဖြစ်လာနိုင်ကြမှာပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ပြီး တိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန်နေဂျာ ဦးဋ္ဌေးလှက လက်ဆေးကန်၊ ရေစုပ်စက်၊ ရေစင်၊ ရေဘုံပိုင်၊ လုပ်ငန်းဆောင်ရွက်မှု စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

MPT သည် နှလုံးသားထဲကမြန်မာ လှုပ်ရှားမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ယခုအစီအစဉ်တွင် လိုအပ်သောပစ္စည်းများဖြစ်သည့် ရေလှောင်ကန်များနှင့် လက်ဆေးကန်များကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အမက(၈) ရဲပေါက်ချောင်းကျောင်းတွင်လည်းကောင်း၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ် အမက(၃)ကျောင်းတွင်လည်းကောင်း၊ နွားထိုးကြီးမြို့နယ် အမက(၅) ကျောင်းတွင်လည်းကောင်း၊ ကျောက်ဆည်မြို့နယ် မူလွန်(၄)ကျောင်းတွင်လည်းကောင်း၊ ဝမ်းတွင်းမြို့နယ် အမက(၂) ကျောင်းတို့တွင် ရေလှောင်ကန်များနှင့် လက်ဆေးကန်များကို ဆောက်လုပ်လှူဒါန်းပေးခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**



# တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီမောင်းနှင်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၏ ကမ္ဘာ့ဘဏ်စံချိန်စံညွှန်းများနှင့်အညီ မောင်းနှင်လျက်ရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်ရုံတွင် စက်မောင်းနှင်ရေး၊ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများအတွက် ဒေသခံများတွက် အလုပ်အကိုင်များ ဖန်တီးပေးလျက်ရှိကြောင်းသိရသည်။

တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို နိုင်ငံတော်၏ဓာတ်အားလိုအပ်ချက်ကို အလျင်အမြန်ဖြည့်ဆည်းပေးရန်နှင့် စက်ရုံကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အကောင်းဆုံးဖြစ်အောင် လျှော့ချမောင်းနှင်ရန်အတွက် ၂၀၁၅ ခုနှစ်မေလက တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက ပြုလုပ်သည့်လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအခမ်းအနားမှ သိရသည်။

တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီနှင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် နှစ်ရှည်ငှားရမ်းစာချုပ်ချုပ်ဆိုခဲ့ပြီး အဆိုပါကုမ္ပဏီမှ တီကျစ်စက်ရုံကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် စံချိန်စံညွှန်းများအတိုင်း ပြန်လည်ပြင်ဆင်၍ ပြုပြင်ပြီးစီးမှုအခြေအနေကို ၂၀၁၇ ခုနှစ် ဧပြီလတွင် ဒေသခံပြည်သူများနှင့် ဆွေးနွေးပွဲပြုလုပ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ စမ်းသပ်ကာလ တစ်နှစ်သတ်မှတ်ပြီး ၂၀၁၇ ခုနှစ်မေလတွင် ပြန်လည်စမ်းသပ်မောင်းနှင်ခဲ့ရာ အများဆုံး ၈၀ မဂ္ဂါဝပ်ခန့် ဓာတ်အားထုတ်ပေးနိုင်ခဲ့ကြောင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောကြားသည်။



"လက်ရှိမှာတော့ ကျောက်မီးသွေးစက်ရုံကို ငှားရမ်းထားတဲ့တရုတ်ကုမ္ပဏီက စာချုပ်ချုပ်ဆိုတဲ့အခါမှာ အမြတ်ရဲ့ ၂ ရာခိုင်နှုန်းက ဒေသခံတွေရဲ့ ဒေသဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်ပေးရမယ်လို့ စာချုပ်မှာပါပါတယ်။ ဒါပေမယ့်လည်း တစ်နှစ်ကျော်လည်ပတ်တဲ့အတွင်းမှာ မမြတ်သေးပါဘူး။ သို့သော်လည်း ဒေသခံတွေရဲ့လိုအပ်ချက်အရ မနှစ်ကမြန်မာငွေကျပ် ၂၆၄ သန်းကျော်ကို ဒေသခံကျေးရွာတွေမှာ လျှပ်စစ်မီးရရှိဖို့အတွက်လုပ်ဆောင်ပေးပါတယ်။ ဒါ့အပြင် စက်ရုံးအနီးအနားမှာရှိတဲ့ ရွာတွေအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေတို့ရရှိအောင်ဆောင်ရွက်ပေးပါတယ်။ တစ်နှစ်ပတ်လုံးစိုက်ပျိုးရေရရှိဖို့အတွက် စက်ရုံကနေမြောင်းတွေတူးပြီးပေးပါတယ်။ ရွာလမ်းတွေမကောင်းတာကိုလည်း စက်ရုံကနေထွက်တဲ့ပြာနဲ့ထုံးနဲ့ရောပြီးတော့လမ်းခင်းပေးပါတယ်။ ဒီဘက်နှစ်မှာလည်း ငွေကျပ် သန်း ၂၅၀ကို ဒေသဖွံ့ဖြိုးရေးအတွက် အသုံးပြုသွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံကို ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဘွိုင်လာခေါင်းတိုင်မှ ထုတ်လုပ်မှုများ သတ်မှတ်စံချိန်စံညွှန်းအတိုင်းဖြစ်စေရန်နှင့် ရေနွေးငွေ့ တာဘိုင်မောင်းနှင်ရန် ဘွိုင်လာအတွင်းတွင် ကျောက်မီးသွေးကို မီးရှို့ရာမှ ထွက်ရှိလာသည့် နိုက်ထရိုဂျင်အောက်ဆိုဒ်ကို ချေဖျက်ရန်အတွက် ယူရီးယားကို ရေဖျော်၍ ဖျန်းပေးခြင်း၊ ဆာလဖာဒိုင်အောက်ဆိုဒ်ကို ချေဖျက်ရန် မဂ္ဂနီစီယမ်အောက်ဆိုဒ်ကို ရေဖျော်၍ ဖျန်းပေးခြင်း၊ မီးခိုးခေါင်းတိုင်မှ ထုတ်လွှတ်မှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် ကမ္ဘာ့ဘဏ်မှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတွင်း လျော့နည်းစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စက်ရုံ၏ အဝင်ဝတွင်လည်း LED Board ဖြင့် အများပြည်သူကြည့်ရှုနိုင်ရန် စီမံဆောင်ရွက်ထားကြောင်း သိရသည်။

ထို့အပြင် စက်ရုံလည်ပတ်ပြီး တစ်နှစ်မပြည့်မီတွင် ဒေသခံပြည်သူများသို့ ရှင်းလင်းဆွေးနွေးပွဲကို ယခုနှစ်မေလက ပြုလုပ်ခဲ့ရာ ပင်လောင်းမြို့နယ် မြို့နယ်ဆရာဝန်ကြီး၏ ပြောကြားချက်အရ စက်ရုံပြုပြင်ပြီး စံချိန်စံညွှန်းများနှင့်အညီ လည်ပတ်မောင်းနှင်နေသည့်ကာလ ၂၀၁၇ ခုနှစ်တွင် တီကျစ်တိုက်နယ်၏ ညွှန်းကိန်းများအရ ကျန်းမာရေးဆိုင်ရာနှုန်းထားများမှာ မြို့နယ်တွင် သတ်မှတ်ထားသည့် နှုန်းများအောက်လျော့နည်းကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို တရုတ်ပညာရှင်များက စနစ်တကျ ပြုပြင်ခဲ့ပြီးသောကြောင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)ညွှန်ကြားချက်များနှင့် ကမ္ဘာ့ဘဏ်၏ သတ်မှတ်စံချိန်စံညွှန်းများအတွင်း တိကျစွာလိုက်နာပြီး ယနေ့အထိ မောင်းနှင်နိုင်သဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ကန့်ကွက်ရန် မရှိကြောင်း၊ ဝန်ကြီးဌာနမှလည်း ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံတော်သမ္မတရုံးတို့သို့ ဆက်လက်တင်ပြထားပြီး နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/8706 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်ရှိ ၁၁ လမ်း၊ တိုက် ၁၁၊ အခန်း ၀၀၄၊ ဒုဗိုလ်မှူးကြီးကျော်ကျော်ဝင်း ၁၄/ပသန(နိုင်)၀၁၀၃၄၈၏ ၎င်းအခန်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ ပျောက်ဆုံးသွားပါသည်။ ယင်းအခန်း ပိုင်ဆိုင်မှုအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။
**ဦးကျော်ကျော်ဝင်း**
**223(6/A)ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၉၉၇၃၇၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ပဒေသရာဇာလမ်း ၊ မြေကွက်အမှတ် (၃၈၁) ၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်မြတ်မိုးသူ (၁၂/မဂတ(နိုင်)၀၀၀၇၁၃)အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဒေါ်မြတ်မိုးသူထံမှကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်အသုံးပြုရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၉-၃-၂၀၁၈ရက်တွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

Daisy (ဒေစီ) အမှတ်တံဆိပ်
ဂါဝွမ်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း
၄/၃၁၄၀/၂၀၁၈

အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားဖြင့်ပင် ထုတ်လုပ်သော Daisy(ဒေစီ) အမှတ်တံဆိပ်[Cotton Wool Products]ဝါဂွမ်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးခြင်းကို ထည့်သွင်း အသုံးပြုမည့် ပုလင်း၊ ကော်ဘူး၊ သံဘူး၊ စက္ကူဘူး၊ ပလတ်စတစ်ဘူး၊ အင်တာနက်၊ သတင်းစာ၊ အစရှိသော ပစ္စည်းများပေါ်တွင် အဆိုပါတံဆိပ် အမည်အမှတ်အသားကို ရိုက်နှိပ်၍ ဖိနှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မှတ်ပုံတင်သွင်းကြေညာသူ ကျွန်ုပ်မိတ်ဆွေမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများဖြစ်စေ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားတုပ ပြုလုပ်သုံးစွဲနေသည်များကိုတွေ့မြင်ကြားသိရပါက ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာ ဆုံးရှုံးကုန်ကျသမျှသော အရပ်ရပ်စရိတ်ကြေးငွေများအတွက် တည်ဆဲဥပဒေများနှင့် အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်ဋ္ဌေး(LL.B, DBL,DIL) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉)**
**အမှတ်-၈၇၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၅၈၈၁**

## ဖခင်အမည်မှန်

ဦးစောလစေး၏သမီး သံဖြူဇရပ်မြို့ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မယဉ်ယဉ်အေး၏ ဖခင်အမည်မှန်မှာ ဦးစောလားဆေး ၁၄/ဖပန(နိုင်)၀၉၅၀၈၇ ဖြစ်ပါကြောင်း။
**ဦးစောလားဆေး**

## ဖခင်အမည်မှန်

ကျောက်တန်းမြို့၊ အထက(၂) သော်က၊ တက္ကသိုလ်ဝင်တန်း အခန်း (၃)မှ မောင်ကောင်းမြတ်ဇော် (၂၁၆/၁၇)၏ ဖခင်အမည်မှန်မှာ ဦးဆန်းလွင် ဖြစ်ပါကြောင်း။ **ဦးဆန်းလွင်**

## အမည်နှင့် မွေးသက္ကရာဇ်အမှန်

ဦးစိုးဝင်း၏သမီး သံဖြူဇရပ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မဇင်မွန်၏ အမည်မှန်မှာ မအိသဇင်မွန် ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၇-၁၀-၂၀၀၁ ဖြစ်ပါကြောင်း။ **မအိသဇင်မွန်**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဝင်မေ ၁၃/လရန(နိုင်) ၂၁၇၃၈၁၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၈၀၄၈၄၈၆**

## ဇနီးအဖြစ်မှရာသက်ပန်စွန့်လွှတ်ပြတ်စဲကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့၊ (၂)ရပ်ကွက်၊ ထီးကြီးရပ်နေ ဦးကျော်စိုးမိုး-ဒေါ်ကြည်ကြည်မွေးတို့၏သား မောင်ကျော်ဇင်သက် ၈/မဘန(နိုင်) ၁၂၉၈၉၃နှင့် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ နဘဲကုန်းအုပ်စု၊ ရေဖြူတွင်းကျေးရွာနေ ဦးတင်ကို-ဒေါ်ခင်မာဝင်းတို့၏သမီး မခင်မျိုးသူ ၈/ပဖန(နိုင်) ၁၁၂၅၇၅တို့သည် ၁၇-၅-၂၀၁၆ရက်တွင် ထိမ်းမြားမင်္ဂလာလက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ရာမှ မခင်မျိုးသူသည် ကျွန်တော်နှင့်အတူ ပေါင်းသင်းနေထိုင်ခဲ့ရာ ၃-၉-၂၀၁၇ရက်တွင် ကျွန်တော်၏နေအိမ်မှ အသိမပေးဘဲ မိမိသဘောဆန္ဒအလျောက် ဆင်းသွားခဲ့ပါသည်။ ကျွန်တော်၏နေအိမ်မှ ဆင်းသွားပြီးနောက်တွင် ကျွန်တော်နှင့်အတူ ပေါင်းသင်းနေထိုင်ရန် အကြိမ်ကြိမ်ပြန်ခေါ်သော်လည်း ပြန်ခေါ်၍မရခဲ့ပါ။ ဖုန်းဖြင့်အကြိမ်ကြိမ် ဆက်သွယ်မေးမြန်းသော်လည်း ပြန်လည်ဖြေကြားခြင်းမရှိပါ။ သို့ဖြစ်ပါ၍ အတူပေါင်းသင်းနေထိုင်ရန် ခေါ်ဆို၍မရရှိသည့် မခင်မျိုးသူအပေါ် ဇနီးအဖြစ်မှရာသက်ပန် စွန့်လွှတ်ပြတ်စဲကြောင်း ကျွန်တော်မောင်ကျော်ဇင်သက်မှ ကြေညာအပ်ပါသည်။ **ကျော်ဇင်သက်**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့်တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၇-၆-၂၀၁၈ရက်မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၆-၇-၂၀၁၈ ရက်တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာ ထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး ဖုန်း-၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလ)တွင် Asian Development Bank (ADB)၏ချေးငွေဖြင့် IT ပစ္စည်းများနှင့် IT Servers ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို
ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၆-၇-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၈-၂၀၁၈ရက် မွန်းလွဲ ၂း၀၀နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၁၁၅၁၀၊ ၀၉-၄၄၉၄၀၄၀၈၂

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော Tablet A 8" နှင့် Desktop Computer များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၆-၇-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၈-၂၀၁၈ရက် မွန်းတည့်၁၂း၀၀နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၁၁၅၁၀၊ ၀၆၇-၄၁၁၅၄၄

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဝေးသင်တက္ကသိုလ်များ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၉ ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများ လုပ်ဆောင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်း လုပ်ငန်း
(ဂ) ဒုတိယနှစ်နှင့်အထက် သင်တန်းများ၏ စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဃ) သင်ခန်းစာပို့ချချက် ဒီဗွီဒီချပ်များ ကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၁၈-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

**ပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်**
**အမှတ် ၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

၃။ ဈေးနှုန်းလွှာများကို ၈-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီထက် နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့်နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည့်စုံစွာတင်ပြရမည်။

၅။ ထုတ်ဝေမည့် နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်သည်။
(က) ရန်ကုန်အဝေးသင်တက္ကသိုလ်
(ခ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိသောအချက်များကို အထက်ဖော်ပြပါလိပ်စာတွင်လည်းကောင်း၊ ဖုန်း-၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၇၊ ၀၂-၆၀၁၄၂၊ ၀၂-၆၀၅၄၄ နှင့် ၀၂-၆၂၄၁၀နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ် website-www.yude.edu.mm နှင့် မန္တလေးအဝေးသင်တက္ကသိုလ် website-www.mude.edu.mm များတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဝေးသင်တက္ကသိုလ်များ၏ စာအုပ်များနှင့်သင်ခန်းစာ ပို့ချချက်ဒီဗွီဒီချပ်များ ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ**

THE ASEAN SECRETARIAT INVITES ASEAN NATIONALS TO APPLY FOR THE FOLLOWING VACANCIES

1. Senior Officer Internal Audit & Evaluation Division

2. Senior Officer Enterprise Development

For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (A)မှ မောင်လှိုင်ဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးခိုင်မင်းအောင် ဖြစ်ပါကြောင်း။
**ဦးခိုင်မင်းအောင်**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၁) န၀မတန်းမှ မောင်သန့်ဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ခိုင်ထွန်း ၅/ရဘန(နိုင်)၁၁၈၀၆၁ ဖြစ်ပါကြောင်း။
**ဦးအောင်ခိုင်ထွန်း**

### ဖခင်အမည်မှန်

တောင်သာမြို့၊ ရုံးစည်ကြီး အထက၊ အဋ္ဌမတန်း (C) မှ မအေးသက်မွန်၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်းမြတ် ၉/တသန(နိုင်)၁၁၁၃၂၄ ဖြစ်ပါကြောင်း။
**ဦးအောင်မင်းမြတ်**

### ဖခင်အမည်မှန်

ရေဦးမြို့နယ်၊ အောင်ကဲ့ဇင် အထက(ခွဲ)၊ န၀မတန်းမှ မောင်ဟိန်းထွန်းဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင် ၅/ဒပယ(နိုင်)၀၆၂၄၃၅ ဖြစ်ပါကြောင်း။ **ဦးထွန်းအောင်**

### ဖခင်အမည်မှန်

မြောင်မြို့နယ်၊ ကျောက်ဖူးကုန်းကျေးရွာနေ မောင်လှပိုင်နှင့်မောင်အောင်ပိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးမိုးကျော် MUG-၀၂၄၆၈၂ ဖြစ်ပါကြောင်း။
**ဦးမိုးကျော်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဦးမြို့နယ်၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်စုံထွန်း၏ ဖခင် ဦးစိုးမြင့်ဦး ၅/ရဥန(နိုင်)၀၆၅၀၅၀(ခ) ဦးစောထွန်းအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးစိုးမြင့်ဦး(ခ)ဦးစောထွန်းအောင်**

### မိခင်အမည်မှန်

မြောင်မြို့နယ်၊ နဘက်အထက၊ န၀မတန်း(A) မှ မအိသန္တာကျော်၏ မိခင်အမည်မှန်မှာ ဒေါ်တင်မာအေး ၅/မမန(နိုင်)၀၂၂၇၂၅ ဖြစ်ပါကြောင်း။ **ဒေါ်တင်မာအေး**

### ဖခင်အမည်မှန်

ထီးချိုင့်မြို့နယ်၊ မောင်းကုန်းရွာ အထက အဋ္ဌမတန်းမှ မောင်စွမ်းသာဟန်၏ ဖခင်အမည်မှန်မှာ ဦးတင်ဌေး ဖြစ်ပါကြောင်း။
**ဦးတင်ဌေး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်မြို့နယ်၊ နဘက်အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်စိုးပိုင်၏ မိခင် ဒေါ်မိုးမိုးနှင့်ဒေါ်ကြည်ခိုင် ၅/မမန(နိုင်)၀၃၅၅၈၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်မိုးမိုး (ခ) ဒေါ်ကြည်ခိုင်**

### ဖခင်အမည်မှန်

ကျွန်းလှမြို့နယ်၊ အင်လှကျေးရွာ၊ အလက၊ အဋ္ဌမတန်းမှ မရတနာနှင့် ပဥ္စမတန်းမှ မနှင်းနုခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးအေးမောင်သိန်း ၁၁/စတန(နိုင်)၀၆၁၃၆၉ ဖြစ်ပါကြောင်း။
**ဦးအေးမောင်သိန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမျိုးမြင့်သူ၏သမီး မြောင်မြို့နယ် နဘက်အထက၊ တက္ကသိုလ်ဝင်တန်းမှ မယွန်းမီမီဖြိုးနှင့် မသက်ထားစံ၅/မမန(နိုင်)၁၂၀၅၄၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မယွန်းမီမီဖြိုး(ခ)မသက်ထားစံ**

### ဖခင်အမည်မှန်

မြစ်သားမြို့နယ်၊ သပြေတောင်း အထက၊ တက္ကသိုလ်ဝင်တန်း (ခ)မှ မအိအိထွေး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၉/မသန(နိုင်)၀၄၆၅၉၈ ဖြစ်ပါကြောင်း။
**ဦးဇော်ဝင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစိုင်းကံ၏သမီး မြောင်မြို့နယ်၊ နဘက် အထက တက္ကသိုလ်ဝင်တန်းမှ မနန်းအေးအောင်နှင့် မအေးအေးအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မနန်းအေးအောင်(ခ) မအေးအေးအောင်**

### ဖခင်အမည်မှန်

မြစ်သားမြို့နယ်၊ သပြေတောင်း အထက၊ ဆဋ္ဌမတန်းမှ မောင်ဝဏ္ဏတိုးနှင့် ကုန်းသာ အမက၊ စတုတ္ထတန်းမှ မောင်ဝေလွင်မင်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၉/မသန(နိုင်)၁၃၃၃၇၆ ဖြစ်ပါကြောင်း။**ဦးကျော်ကျော်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်မြို့နယ်၊ နဘက် အထက တက္ကသိုလ်ဝင်တန်း (A)မှ မမေမြတ်နိုး၏ဖခင် ဦးရဲဝင်းနှင့် ဦးရဲဝင်းဌေး ၅/မမန(နိုင်)၀၄၉၂၃၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးရဲဝင်း(ခ)ဦးရဲဝင်းဌေး**

### ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အလက(ကောင်းဆာ) သတ္တမတန်းမှ စိုင်းအိုက်လိန်၏ ဖခင်အမည်မှန်မှာ စိုင်းအိုက်မွှန် ၁၃/နခန(နိုင်)၀၅၉၅၇၆ ဖြစ်ပါကြောင်း။
**စိုင်းအိုက်မွှန်**

### ဖခင်အမည်မှန်

မန်စီမြို့နယ်၊ မန်သာကျေးရွာအုပ်စု၊ တုံပလွေကျေးရွာ၊ အလက(ခွဲ) ကျောင်း အဋ္ဌမတန်းမှ မောင်ဖြိုးဝေစိုးနှင့် ဆဋ္ဌမတန်းမှ မဆောင်းနှင်းဝေတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွန်း ၁/ဗမန(နိုင်) ၀၄၇၉၃၂ ဖြစ်ပါကြောင်း။ **ဦးဝင်းထွန်း**

### အမည်မှန်

နမ့်ခမ်းမြို့၊ အလက(ကောင်းဆာ) ပဥ္စမတန်းမှ နန်းမွေးဟွမ်၏ အမည်မှန်မှာ နန်းယိမ်းနော် ဖြစ်ပါကြောင်း။
**နန်းယိမ်းနော်**

### မွေးသက္ကရာဇ်အမှန်

မန်စီမြို့နယ်၊ အထက(မိုင်းခေါင်) တက္ကသိုလ်ဝင်တန်း (A) မှ (ဘ) ဦးဝင်းထွန်း ၁/ဗမန(နိုင်)၀၄၇၉၃၂ ၏သမီး မယဉ်ယဉ်လှဲ့၏မွေးသက္ကရာဇ် အမှန်မှာ ၁၃-၁-၂၀၀၃ ဖြစ်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးကျေးရွာ၊ ဆုတောင်းပြည့်၊ ဆုတောင်းရမြတ်စွာဘုရား၊ ဗုဒ္ဓပူဇနိယ ဆွမ်းကြီးလောင်းကပ်လှူပူဇော်ပွဲနှင့် တောင်ပြုံးမင်းနှစ်ပါးပွဲတော်ကို (၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၈ရက်မှ ၁၅ရက်အထိ) ၁၉-၈-၂၀၁၈ ရက်မှ ၂၆-၈-၂၀၁၈ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပွဲတော်ကာလအတွင်း လုပ်ငန်းကြီး (၉)မျိုးအနက်မှ

(၁) ဈေးကြီးလုပ်ငန်း
(၂) ဈေးလေးလုပ်ငန်း
(၃) ရွှေဆိုင်းရောင်းချရေးလုပ်ငန်း (၃)မျိုးကို ဆုတောင်းပြည့်၊ ဆုတောင်းရဂေါပကအဖွဲ့မှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ကျန်လုပ်ငန်း (၆)မျိုးဖြစ်သော
(၁) ညောင်ပင်ဝိုင်းမြေနေရာ
(၂) ဇာတ်ရုံ (၁)မြေနေရာ
(၃) ဇာတ်ရုံ (၂)မြေနေရာ
(၄) ရုပ်ရှင်(သို့)ဆပ်ကပ်၊ မျက်လှည့်
(၅) ရေနှင့် သန့်စင်ခန်းလုပ်ငန်း
(၆) လျှပ်စစ်လုပ်ငန်း (၆)မျိုးကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၁။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တောင်ပြုံးဆုတောင်းပြည့်၊ ဆုတောင်းရ ဂေါပကရုံးခန်းတွင် ၁၃-၇-၂၀၁၈ရက်မှ ၁၆-၇-၂၀၁၈ရက်အထိ နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ လျှောက်လွှာတစ်စောင်လျှင် ၁၀၀၀၀ိ/- ကျပ်တစ်သောင်းတိတိနှုန်းဖြင့် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။

၂။ အိတ်ဖွင့်တင်ဒါ (၆)မျိုးကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၁၇-၇-၂၀၁၈ရက်တွင် မတ္တရာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ နံနက် ၉နာရီတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၃။ ဈေးဆိုင်ခန်းများအား ဒုတိယဝါဆိုလဆန်း ၇ ရက်မှ လပြည့်ကျော် ၇ ရက်အထိ ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပွဲတော်ကျင်းပရေးကော်မတီ**
**မတ္တရာမြို့နယ်၊ တောင်ပြုံးကြီး**
**ရုံး ဖုန်း-၀၉-၇၉၉၅၉၉၇၈၁**
**ဥက္ကဋ္ဌ ဖုန်း-၀၉-၂၅၉၂၀၅၆၄၄**

### ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ ဆပ်ပြာကျင်း အထက(ခွဲ)ကျောင်း န၀မတန်းမှ မသင်းမြတ်သူဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းနိုင် ၅/ဒပယ(နိုင်) ၀၄၄၀၆၉ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဘုတလင်မြို့ အထက တက္ကသိုလ်ဝင်တန်းမှ မခိုင်မာဆွေ၏ဖခင်အမည်မှန်မှာ ဦးမြအောင် ၅/ဘတလ(နိုင်) ၀၇၀၁၄၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ဘောရင်း အထက စတုတ္ထတန်းမှ မဆောင်းနှင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၅/တဆန(နိုင်)၁၀၅၉၂၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ကံထုံးမ အထက အဋ္ဌမတန်း (D) မှ မယဉ်မိုးဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ထိန်လင်း ၅/ကလန(နိုင်)၀၃၃၀၅၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ စိန်းနန်းအထက တက္ကသိုလ်ဝင်တန်းမှ မောင်ငြိမ်းချမ်းဦး (၁)နှင့်န၀မတန်းမှ မခိုင်ဇင်ဦး(၁)တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၅/တဆန (နိုင်)၁၀၁၅၂၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တန့်ဆည်မြို့ အထက (၂) တက္ကသိုလ်ဝင်တန်း (G) မှ မအေးသန္တာဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင်ကျော် ၅/ရဥန(နိုင်) ၀၆၈၂၆၆ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးထိန်လင်း၏သမီးတန့်ဆည်မြို့၊ အနောဂတ်အလင်းကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မတင်နွဲ့စိုးအား မလှရင်စိုးဟု ပြောင်းလဲခေါ်ပါရန်။

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့်ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၅-၇-၂၀၁၈ရက် နံနက် ၉း၀၀နာရီ
**နယ် သစ်မာ သစ်လုံး သီးသန့်**
(၂၆-၇-၂၀၁၈)ရက် နံနက် ၉း၀၀နာရီ
**ရန်ကုန်/နယ် ကျွန်း/သစ်မာ (သစ်လုံး/ခွဲသား)**
(၃၀-၇-၂၀၁၈)ရက် မွန်းတည့် ၁၂း၀၀ နာရီ
**ရန်ကုန် ကျွန်းသစ်လုံးသီးသန့်**

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်ပမာဏ** - ကျွန်းသစ်လုံး (၁၁၀၀)တန်
- ကျွန်းခွဲသား (၃၉၅) တန်
- ပိတောက်၊ ပျဉ်းကတိုး၊ အင်/ကညင်၊ သင်းဝင်၊ စကားဝါ၊ သစ်ယာ၊ အင်ကြင်း၊ နှော၊ ထောက်ကြန့်၊ (၉၁၂၈) တန်
- သစ်မာသစ်လုံး **(၂၀၁၇-၂၀၁၈ထုတ် သစ်များပါဝင်ပါသည်။)**

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် web-site ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန် Ph;01-528764, E-mail;marketing 1 ppy@gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဥ-၅၆၀၇)၊ ဒေါ်သဥ္စာလင်း (ဘ)ဦးစောလှ ၅/ခအဇ (နိုင်)၀၂၄၉၇၈ အမည်ပေါက်ပါမစ်မြေကွက်အား ဦးဝင်းအောင်(ဘ)ဦးညွန့်အောင် ၅/စကန (နိုင်)၁၄၈၃၂၈ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေကွက်အမှတ် ဥ-၅၆၀၈၊ ဦးဆယ်ဂမ်(ဘ)ဦးအုဆယ်ကူး ၁/မကန(နိုင်) ၀၃၀၂၆၄ အမည်ပေါက် ပါမစ်မြေကွက်အား ဦးဝင်းအောင်(ဘ)ဦးညွန့်အောင် ၅/စကန (နိုင်)၁၄၈၃၂၈ မှမြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဥ-၅၆၀၆)၊ ဒေါ်မိုးမိုးမြင့် (ဘ)ဦးစောလှ ၉/ခအဇ(နိုင်) ၀၀၈၅၆၂ အမည်ပေါက်ပါမစ်မြေကွက်အား ဦးဝင်းအောင် (ဘ)ဦးညွန့်အောင် ၅/စကန (နိုင်)၁၄၈၃၂၈ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအုန်း
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန၊ ဥက္ကဋ္ဌ(ငြိမ်း) (F.R.E.D.A)**
**အသက်(၉၁)နှစ်**

ဦးအုန်း [ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန]သည် ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းဝင်း-ဒေါ်စမ်းစမ်းငွေ**
**ပြည်ထောင်စုဝန်ကြီး**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအုန်း(ကမ္ဘာ့မြေချစ်သူ)
**အသက်(၉၁)နှစ်**

ဒေါက်တာကျော်ဇင် (ပါမောက္ခ၊ ခွဲစိတ်ဆောင်-၂၊ မြောက်ဥက္ကလာပဆေးရုံကြီး) - ဒေါက်တာမသူဟန်(Oncologist, Great Yarmounth, East Anglia, England)တို့၏ဖခင်သည် ၁၁-၇-၂၀၁၈ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ခြံအမှတ်(၃၅/ဃ)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**SURGICAL SOCIETY**
**MYANMAR MEDICAL ASSOCIATION**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအုန်း(ကမ္ဘာ့မြေချစ်သူ)
**အသက်(၉၁)နှစ်**

ဒေါက်တာကျော်ဇင် (ပါမောက္ခ၊ ခွဲစိတ်ဆောင်-၂၊ မြောက်ဥက္ကလာပဆေးရုံကြီး) - ဒေါက်တာမသူဟန်(Oncologist, Great Yarmounth,East Anglia, England)တို့၏ဖခင်သည် ၁၁-၇-၂၀၁၈ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ခြံအမှတ် (၃၅/ဃ) နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**DEPARTMENT OF SURGERY**
**UNIVERSITY OF MEDICINE (1), YANGON**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအုန်း (ကမ္ဘာ့မြေချစ်သူ)
**B.Sc(Mdy), B.Sc(Forestry, Hons) Wales University (UK)**
**British Forest Service (B.F.S)**
**Minamata Prize (Minamata, Kobe, Japan)**
**စာပေဗိမာန်စာမူဆု(ပထမဆု)၊ ကမ္ဘာ့မြေချစ်သူ (Ichi, Japan)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန၊ ဥက္ကဋ္ဌ(ငြိမ်း) F.R.E.D.A**
**အသက်(၉၁)နှစ်**

ဒေါက်တာဦးကျော်ဇင်(ပါမောက္ခခွဲစိတ်အထူးကုဆရာဝန်ကြီး)၏ဖခင်ကြီး ဦးအုန်း(ကမ္ဘာ့မြေချစ်သူ)သည် ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးရုံအုပ်ချုပ်မှုအဖွဲ့နှင့်ဝန်ထမ်းမိသားစု**
**ဝိတိုရိယဆေးရုံကြီး**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**ဟဇရသ်အလ်ဟာဂျ်မောင်လာနာ မုဖ်သီ မုဟမ္မဒ်အီဘရာဟီးမ် ဆွာဟိဗ်**
**(ဟဘီးလ် မိုအိနီ၊ ကျိုရှ်သီ)**
**ရှိင်ခွလ်ဟဒီးစ်၊ မဒရ်ဆာအစ္စလာမီယာ၊ အုဆ်မာနီယာ**
**ခွဒ္ဒါမွလ်အစ္စလာမ်ကျောင်း၊ ရေတွင်းကုန်း၊ ကျိုက်မရောမြို့**
**မွန်ပြည်နယ်၊ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်၊ နာယကကြီး**
**အသက်(၈၆)နှစ်**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ စက်ကုန်းရပ်ကွက်၊ စက်လမ်းဝနေ ဟာဂျီမ ဒေါ်နဆီမာဘီ-(ဦးဟူစိန်)၊ ဒေါ်ကာနေသာဘီ၊ ဒေါ်ရှာကေဒါဘီ၊ ဒေါ်ဇာဟေဒါဘီ(B.Sc Zoology)- ဦးမိုဟမ္မဒ်ဆဒစ်ဘိုင်၊ ဒေါ်ဆိုဟိုင်ဒါဘီ (B.A, Philosophy)-ဦးမိုဟမ္မဒ်အကီးလ်ဘိုင်၊ ဒေါ်အိုမိုင်ဒါဘီ-ဦးအဗ္ဗဒွလ်ဟာမိဒ်ဘိုင်၊ ဒေါ်အာမေဒါဘီ-ဦးမိုဟမ္မဒ်ဟာရွန်တို့၏ဖခင်၊ အလ်ဟာဂျ်မော်လဝီ အမ်ဂျဒ်ဟူစိန်နှင့် မြေးကိုးယောက်တို့၏အဘိုး၊ မြစ်ငါးယောက်တို့၏အဘေး၊ ဟာဂျီမဒေါ်နူရ်မာဘီ၏ခင်ပွန်းသည် ၁၀-၇-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၁-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ဇဟိုရ်ဆွလာသ်အပြီး မွန်းလွဲ ၁း၃၀နာရီတွင် ကျိုက်မရောမြို့ ကလိုင်းကနိုင်ရပ်ကွက် မြို့မဂျာမေဗလီ၌ ဂျနာဇာဆွလာသ်ဝတ်ပြုဆုတောင်းပြီး ကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှတပည့်သားချင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)
**ကြည်း-၁၀၃၁၄**
**OTS (31)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ ဦးခင်မြင့်-ဒေါ်အေးတို့၏သား၊ ဦးသန်းဦး၏ညီ၊ ဦးလှမြင့်-ဒေါ်ခင်သိန်းတို့၏အစ်ကို၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်ယဉ်ယဉ်မူ၏ခင်ပွန်း၊ ဒေါ်အေးအေးသန့်၊ ဗိုလ်ကြီးကျော်မင်းဦး(ငြိမ်း)၊ ဗိုလ်မှူးဇော်လင်းနိုင်(တပ်မတော်-ရေ)တို့၏ဖခင်သည် ၁၃-၇-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ရွှေပြည်သာမြို့နယ် ကျူးချောင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၁)မှ သူငယ်ချင်းများ**

## ဦးမောင်မောင်ဝင်း(ခ)ဦးသီဟဝင်း
**General Manager**
**Mel & Co Co.,Ltd**
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်လမ်း၊ ကျိုက္ကဆံရပ်ကွက်၊အမှတ် ၈၊ သုံးလွှာနေ ဦးတင်ဝင်း-ဒေါ်သန်းသန်းဟိန်တို့၏သား၊ဒေါ်ကေခိုင်မြင့်၏ခင်ပွန်း၊ ဦးဖိုလ်ဖိုလ်ဝင်း၊ဦးမင်းမင်းမောင်၊ဦးအောင်မျိုးပိုင်-မသဇင်အောင်၊ဦးဖြိုးသာတိုးတို့၏အစ်ကို၊ မခြူးမြင့်မြတ်သာ၊ မဆန်းလွဲ့ရတနာတို့၏ဖခင်သည် ၁၃-၇-၂၀၁၈ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၈ရက်(ကြာသပတေးနေ) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ရီ
**အသက်(၉၃)နှစ်**

ဘိုကလေးမြို့၊ မြို့မ(၅)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၄၅နေ (ဦးထွန်းဝ-ဒေါ်ဖွားသွယ်)တို့၏သမီး၊ (ဦးသိန်းအောင်)၏ဇနီး၊ (ဒေါ်လှကြည်)၏အစ်မ၊ ဦးချစ်ယဉ်(တပ်မတော်-ငြိမ်း)-(ဒေါ်ညွန့်ရီ)၊ ဦးကျော်မင်း၊ ဦးကျော်ဝင်း (လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)၊ ဦးခင်မောင်လတ်၊ ဦးလှမိုး ဗိုလ်ကြီး(ငြိမ်း) (လ/ထညွှန်မှူး၊ ဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်စန္ဒာထွေး၊ ဒေါ်မာမာအေးတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ် ၁၂ယောက်တို့၏ဘွားဘွားသည် ၁၃-၇-၂၀၁၈ရက်(သောကြာနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၁း၃၀နာရီတွင် ဘိုကလေးမြို့ ဘိုကလေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဖြူဖြူဝင်း(ခ)ကေ့ကင်မိန်း (ဒိုက်ဦး)
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ အမှတ် ၂၉နေ (တန်လျော့ကီး-အုံဖိတို)တို့၏သမီးချွေးမ၊(ဦးစံ-ဒေါ်ငြိမ်းကြည်)တို့၏သမီး၊ဦးအောင်မြင့်(ခ)တန်အင်စိုက်၏ဇနီး၊ဦးကျော်မြင့်-ဒေါ်ခင်ဝင်းမြင့်၊ဦးမျိုးမြင့်-ဒေါ်ခင်မေအေး၊ဒေါက်တာဦးတင်ထွန်း-ဒေါ်မြင့်မြင့်ထွေးတို့၏မိခင်၊ (ဦးခင်မောင်ဝင်း-ဒေါ်ခင်မြင့်)တို့၏ညီမ၊ ဦးကြီးမြင့်-ဒေါ်အေးမြင့်တို့၏အစ်မ၊ တူ/တူမ ၁၇ယောက်တို့၏အဒေါ်၊ မြေးရှစ်ယောက်၊မြစ်လေးယောက်တို့၏အဘွားသည် ၁၂-၇-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၄း၄၀နာရီတွင် ဂရန်း(ဒ်)ဟံသာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သင်းကြည် အသက်(၇၅)နှစ်
**B.Ed (1964-69) Batch**
**အထက(ထိန်တော၊ မယ်ဇလီကုန်း၊ ဓနုဖြူ၊ ကွတ်ခိုင်၊ ပဲခူး-၁)၊ တောင်တွင်းကြီး(၂)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာဗောဂလမ်း၊ အမှတ် ၁၁/ဘီ၊ မြေညီထပ်နေ (ဦးသင်းမောင်-ဒေါ်သန်းကြည်)တို့၏သမီး၊ ဒုရဲမှူးခင်ဇော်(ငြိမ်း)၏ဇနီး၊ ဒေါ်ခင်အေးစီ၊ (ဦးသိန်းဝင်း)-ဒေါ်တင်တင်နွယ်၊ ဒေါ်ခင်သန့်ဇင်၊ ဦးခင်ဝင်း-ဒေါ်ခင်နွယ်တင်တို့၏အစ်မ၊ ဒေါ်သူဇာငြိမ်း၊ ဦးသူရသင်းဇော်(ဒုခရိုင်ဥပဒေအရာရှိ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံး)-ဒေါ်အိအိဖြိုး(ဒုတိုင်းဒေသကြီး ဥပဒေအရာရှိ၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး)၊ ဦးမျိုးသီဟ(MD, Effective Techno Engineering Co.,Ltd)-ဒေါ်မြတ်စန္ဒီသင်းဇော်(အကြီးတန်းသတင်းထောက်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့သတင်းစဉ်)တို့၏မိခင်၊ မောင်ရှင်းသန့်၊ မောင်ဟိန်းစွမ်းသူ၊ မောင်ဖိုးသန့်၊ မောင်ဖိုးခန့်တို့၏အဘွား၊ မောင်ဇော်ပြည့်မှူး၊ မအေးချမ်းဖြူတို့၏ကြီးကြီးသည် ၁၂-၇-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၆နာရီတွင်ကွယ်လွန်သွားပါ၍ ၁၄-၇-၂၀၁၈ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မှုံမှုံချိုဝင်း (ပြွန်တန်ဆာမြို့)
**BE.com (AS) 75 Batch**
**မြို့နယ်စာရင်းစစ်ရုံး**
**ညောင်လေးပင်၊ ဒိုက်ဦး၊ ကျောက်တံခါး**
**အသက်(၆၄)နှစ်**

ပြွန်တန်ဆာမြို့၊ မြို့မ(၁)၊ သခွတ်ကုန်းရပ်ကွက်နေ (ဦးမှတ်ကြီး-ဒေါ်ကြည်)တို့၏သမီး၊ ဦးလှမြိုင်၏ဇနီး၊ ကိုမြတ်မောင်မောင်မိုး-မနန်းဝင့်သီဂီလွင်၊ ကိုမြတ်မောင်မောင်စိုး၊မဆန်းသီဂီဝင်းတို့၏မိခင်၊ဦးမောင်မောင်စည်သူ-ဒေါ်ခင်မိမိ၊ ဦးငွေရီရီစိုး-ဒေါ်ညွန့်ညွန့်ငွေ၊ ဦးညွန့်ဦး-ဒေါ်သန်းသန်းတို့၏ညီမ၊ ဒေါ်ဦးဆန်းဝင်း၊ ဦးမြတ်ဦးထွန်း-ဒေါ်ခင်မိုးမိုးမြင့်တို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၁၂-၇-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီမှ ၉နာရီအထိ အမှတ် ၅၆ (ငါးလွှာ)၊ ရှမ်းကုန်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်စိုးငွေ (ဖြူး)
**အသက်(၅၉)နှစ်**

ဖြူးမြို့နေ (ဦးစိုးလှိုင်-ဒေါ်သန်းရီ)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ပြည်ရိပ်မွန်အိမ်ရာ၊တိုက် ၁၊ အခန်း ၁၈နေ (ဦးကျင်မောင်)-ဒေါ်မေခင်တို့၏သားသမက်၊ ဒေါ်ခင်မို့မို့၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သန်း-ဒေါ်ခင်စိုးဦးတို့၏မောင်၊ ဦးအောင်စိုးနိုင်-ဒေါ်မူမူတန်တို့၏အစ်ကို၊ မဆောင်းနှင်းဝေ၊ မောင်ကိုကိုခန့်၊ မအေးသော်သော်ခင်တို့၏ချစ်လှစွာသောဖခင်သည် ၁၃-၇-၂၀၁၈ရက်(သောကြာနေ့) နံနက် ၃း၂၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နော်ဝင်းငွေ
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်း/တံတား**
**(စာရင်းကိုင်-၂၊ ငြိမ်း)**
**အသက်(၅၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အိုင်ကြီးကျေးရွာနေ (ဦးထန်း-ဒေါ်တီ)တို့၏သမီး၊(ဦးကျင်ခဲ-ဒေါ်သန်းညွန့်)၊ ဒေါ်ရီသန်း၊ (ဒေါ်နော်ကြည်သန်း)၊ဦးစန်းအောင်-ဒေါ်သန်းငွေးတို့၏ညီမ၊ ဦးထွန်းသိန်း-ဒေါ်မြင့်မော်တို့၏အစ်မ၊တူ/တူမ ၁၀ယောက်တို့၏အဒေါ်သည် ၁၃-၇-၂၀၁၈ရက်(သောကြာနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [အမှတ် ၅၈၃၊ ဆရာခြံလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသုမန
**သာသနဓဇ သိရီပဝရ ဓမ္မာစရိယဓမ္မာနုဓမ္မ**
**မဟာဒွါရ နိကာယဂိုဏ်းကြီး၏ (စုဒ္ဒသမ) သာသနာပိုင်**
**စူဠဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ**
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်**
**နိုင်ငံတော်သီးခြားဝိနည်းဓိုရ်(ငြိမ်း)**
**သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ သာစည်ရပ်ကွက်၊ ခေမာသီဝံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမန မဟာထေရ်သည် (၁၃၈၀ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ရက်) ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ရက်) ၂၃-၇-၂၀၁၈ရက် (တနင်္လာနေ့)တွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိန်မြ
**ဒုအရာခံဗိုလ်(ငြိမ်း)၊ ကပစ(၁၀)**
**အသက်(၇၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်နေ (ဦးထွန်းဦး-ဒေါ်သိန်းခင်)တို့၏သား၊ ဦးသောင်းမြင့်-ဒေါ်ခင်စန်း၊ ဦးခင်မောင်သိန်း (စက်မှုဝန်ကြီးဌာန)၊ ဒေါ်တင်အေး၊ ဦးကျော်တင့်၊ ဒေါ်စန်းကြည်တို့၏အစ်ကို၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ဘုရင့်နောင်လမ်း၊ကျောက်ရေတွင်း၊ အမှတ်(ခ/၁၃၁)နေ ဒေါ်အေးအေးသန့် (လက်ထောက်မန်နေဂျာ၊ စက်မှုဝန်ကြီးဌာန)၊ ကိုသန်းထိုက်-မစန်းစန်းမော်၊ မခင်နှင်းယု၊ ကိုလှဝင်းနိုင်-မစန်းစန်းနွဲ့၊ ကိုပိုင်စိုးအောင်-မသန္တာစိုးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ ဒေါ်ဝင်း၏ချစ်လှစွာသောခင်ပွန်းသည် ၁၂-၇-၂၀၁၈ရက်(ကြာသပတေးနေ့) ည ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဥမ္မာ
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၂၄-က) (သုံးလွှာ)နေ (ဦးခင်စိန်-ဒေါ်စိန်စိန်)တို့၏သမီး၊ ဦးတင်မြတ်၏ဇနီး၊ မထူးထူးတင်မြတ်၏မိခင်သည် ၁၃-၇-၂၀၁၈ရက်(သောကြာနေ့) နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## စိုင်းစန်းမောင်ဝင်း(ခ)
## အာမန်း
**B.A(Hons), Business Administration University of Hertford Shire, United Kingdom**
**အသက်(၂၂)နှစ်**

မွန်ပြည်နယ်၊ ပေါင်မြို့နေ [ဝဏ္ဏကျော်ထင် ဦးစန်းမောင်-ဒေါ်သိန်းအေး(ခ)Maggie Gill]တို့၏မြစ်၊ (အလ်ဟာဂျ် ဦးပေါလ်စန်းမောင် - ဟာဂျီမ ဒေါ်ခင်အေးမိ)တို့၏မြေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၃၄နေ ဟာဂျီ ဦးဝင်းနိုင်-ဟာဂျီမ ဒေါ်နန်းအေး (ဖိုင်းလင်းစားသောက်ဆိုင်)တို့၏ သား၊ နန်းထက်ထက်ဝင်း (ခ) Maggie ၏မောင်၊စိုင်းစန်းမောင်ဖုန်း၏အစ်ကိုသည် ၁၃-၇-၂၀၁၈ရက် (သောကြာနေ့)တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် Stevenage Muslim Community Centre, Vardon Road, Stevenage, United Kingdom တွင် ဂျနာဇာနမာဇ်ဝတ်ပြုတောင်းဆိုပြီး Vale Cemetery Crematorium, Luton United Kingdom တွင် အစ္စလာမ်တရားတော်နှင့်အညီ ဒါဖနာပြုလုပ်ပြီးဖြစ်ပါသဖြင့် အားပေးကူညီ မေးမြန်းဖတ်ရှုတ်သရုန္ထာယ်ပေးကြသူများအားလုံးကို ကျန်ရစ်သူမိသားစုမှ ကျေးဇူးအထူးတင်အပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ဟန်တင့် (ကြို့ပင်ကောက်မြို့)
**အသက်(၈၀)**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ ငှက်ကြီးသိုက်ရွာနေ (ဦးကြိုင်-ဒေါ်အုန်းမြ)တို့၏သမီး၊ [ဦးထွန်းအောင်ကျော်(ခ)ဦးအေးမြင့်]၏ဇနီး၊ ဦးအောင်ကျော်ဆန်း-ဒေါ်တင်မေဦး၊ ဦးမင်းသိန်း၊ ဦးသန်းထွဋ်-ဒေါ်ဆွေဆွေဦး၊ ဦးစိုးနိုင်-ဒေါ်ချိုချိုဦးတို့၏မိခင်၊ မောင်အောင်ဖြိုးဝေ(Proximity Design)၊ မောင်နေစိုးအောင်၊ မရွှေပြည်ဖြိုးဦး၊ မောင်ကျော်ပြည့်ဖြိုးအောင်တို့၏အဘွားသည် ၁၃-၇-၂၀၁၈ရက် နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၈၆၇)နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## တပ်ကြပ်ကြီးချစ်ဆွေ အသက်(၇၉)နှစ်
**လေ/၇၇၄၇၊ တပ်မတော်(လေ)၊ အငြိမ်းစား**

မွန်ပြည်နယ်၊ ရေးမြို့နေ(ဦးရွှေခဲ-ဒေါ်မယ်အေး)တို့၏သား၊ ဒေါ်စန်းစန်းယု၏ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုဦး (ပို့/ဆက်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး)-ဒေါ်ခင်သူဇာ (ပို့/ဆက်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး)၊ ဦးကိုကိုလတ်(ရေနံသယ်/ဖြန့်ဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်သန္တာမြင့်၊ ဦးကိုကိုနိုင်(MPRL E & P)-ဒေါ်မေလွင်၊ ဦးညီညီနိုင်၊ ဒေါ်မျိုးစန္ဒာ၊ ဦးပြည့်ဖြိုးအောင်-ဒေါ်နေခြည်နွေးနွေးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၂-၇-၂၀၁၈ရက်(ကြာသပတေးနေ့)ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈ရက်(စနေနေ့)ညနေ ၄နာရီတွင်ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်(မြောက်ပိုင်း)၊ ကျန်စစ်သားလမ်း၊ အမှတ် ၂၃၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး
## ဒေါက်တာစိုးသိန်း (မြစ်ကြီးနားမြို့)
**အဆုတ်ရောဂါအထူးကုဆေးရုံ(အောင်ဆန်း)**
**အခြေခံကျန်းမာရေးတက္ကသိုလ်**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ နီလာလမ်း၊ အမှတ် ၁၁၁/၄နေ (ဦးဆောင်းတင်-ဒေါ်အုန်းစိန်)တို့၏သား၊ (ဦးဇင်-ဒေါ်ခင်ခင်အေး)တို့၏သားသမက်၊ ဒေါ်သက်သက်ဇင်(NHL ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအုန်းဖေ-ဒေါ်ခင်သန်းမူ(စမ်းချောင်း)တို့၏ညီ၊ (ဒေါက်တာလွင်မြင့်)-ဒေါ်တင်တင်နွဲ့(မြစ်ကြီးနား)၊ ဦးမြတ်သိန်း-(ဒေါ်ကြူကြူထွန်း)(မိုးကောင်း)၊ ဦးအုန်းရွှေ၊ ဦးချစ်ကို-ဒေါ်မိမိတင်(ဗန်းမော်)တို့၏ အစ်ကို၊ တူ၊ တူမ ၁၄ယောက်တို့၏ဘကြီးသည် ၁၁-၇-၂၀၁၈ရက် ည ၈း၁၀နာရီ (ကနေဒါနိုင်ငံစံတော်ချိန်)၊ ၁၂-၇-၂၀၁၈ရက် နံနက် ၉း၄၀နာရီ(မြန်မာစံတော်ချိန်)တွင် ကနေဒါနိုင်ငံ Vancouver မြို့ Surrey Laurel Place Hospice Center ၌ ကွယ်လွန်သွားပါ၍ ၁၄-၇-၂၀၁၈ရက်တွင် ကနေဒါနိုင်ငံ Surrey B.C ၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး
## ဒေါက်တာစိုးသိန်း (မြစ်ကြီးနားမြို့)
**အဆုတ်ရောဂါအထူးကုဆေးရုံ၊ အောင်ဆန်း၊ အခြေခံကျန်းမာရေးတက္ကသိုလ်**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ နီလာလမ်း၊ အမှတ် ၁၁၁/၄နေ(ဦးဆောင်းတင်-ဒေါ်အုန်းစိန်)တို့၏သား၊ (ဦးဇင်-ဒေါ်ခင်ခင်အေး)တို့၏သားသမက်၊ ဒေါ်သက်သက်ဇင်(NHL ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြတ်ကေခိုင်စိုး(လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ရန်ကင်း)၊ ဦးမင်းဇော်စိုး-ဒေါ်မြမြသန်း(Calgary,Canada)တို့၏ချစ်လှစွာသောဖခင်၊ မသိမ့်ဖြူစင်စိုး(Calgary, Canada)၏အဘိုး၊ (ဦးမျိုးဆက်)-ဒေါက်တာမြင့်မြင့်ဇင်၊ (ဗိုလ်မှူးဘာဘာ)-ဒေါက်တာချိုနွယ်ဇင်၊ ဦးခင်မောင်ရင်-ဒေါ်ဆွေဆွေဇင်(Canada)၊ (ဦးလွှမ်းမိုးဇင်)-ဒေါ်နုနုအေး၊ ဒေါ်သီဂီဇင်၊ (ဦးစိုးငွေ)-ဒေါက်တာခွာညိုဇင်တို့၏အစ်ကို၊ တူ၊ တူမ ၁၂ယောက်တို့၏ဘကြီးသည် ၁၁-၇-၂၀၁၈ရက် ည ၈း၁၀နာရီ (ကနေဒါနိုင်ငံ စံတော်ချိန်)၊ ၁၂-၇-၂၀၁၈ရက် နံနက် ၉း၄၀နာရီ(မြန်မာစံတော်ချိန်)တွင် ကနေဒါနိုင်ငံ Vancouver မြို့ Surrey Laurel Place Hospice Center ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈ရက်တွင် ကနေဒါနိုင်ငံ Surrey B.C ၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြတ်မင်း အသက်(၆၇)နှစ်
**အထက(ငြိမ်း)၊ အထက(၂)ပျဉ်းမနားမြို့**

ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မောင်ခင်လမ်း၊ အမှတ်(၁၀/၅၆)နေ ဒေါ်ရီရီငွေ (အထပ၊ ငြိမ်း-အထက-၂၊ ပျဉ်းမနား)၏ခင်ပွန်း၊ ဗိုလ်ကြီး သီဟရဲတင့်-ဒေါက်တာတင်သီတာထွန်း (ဘဏ္ဍာရေးမှူး၊ သွားနှင့်ခံတွင်း ဆရာဝန်အသင်း၊ နေပြည်တော်အသင်းခွဲ)၏ဖခင် ဆရာဦးမြတ်မင်းသည် ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း**
**နေပြည်တော်အသင်းခွဲ**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ညီလာခံတတိယနေ့ ကျင်းပ



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ညီလာခံတတိယနေ့တွင် လုံခြုံရေးကဏ္ဍ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး တတိယနေ့ ကဏ္ဍအလိုက် အစည်းအဝေးများကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန- ၂ ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

နိုင်ငံရေးကဏ္ဍအစည်းအဝေးတွင် အကျိုးဆောင်များအဖြစ် ဦးအောင်သွင်ဦး၊ ဆိုင်းရမ်ကုလ်ကျုံးနှင့် ဒေါ်ချင်းချင်းတို့က ဆောင်ရွက်ကြပြီး ညီလာခံကိုယ်စားလှယ်များနှင့် လေ့လာသူအဖြစ် တက်ရောက်ကြသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် အကျိုးဆောင်များ၏ လုပ်ငန်းလမ်းညွှန် ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်ကြသူများက နိုင်ငံရေးကဏ္ဍမူဝါဒ အဆိုပြုလွှာနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးခြင်းနှင့် ဆွေးနွေးချက်များ စုစည်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

စီးပွားရေးကဏ္ဍအစည်းအဝေးတွင် အကျိုးဆောင်များအဖြစ် ဦးအောင်လှိုင်မိုး၊ ဦးကျော်လင်းဦး၊ စောဖရင့်ကလင်း၊ နန်းယိင်းဟန်ဖ၊ ဒေါ်သူဇာသန့်နှင့် စိုင်းဝန်းလတ်တို့က ဆောင်ရွက်ကြပြီး ညီလာခံ စည်းမျဉ်းစည်းကမ်း၊ လေ့လာသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းနှင့် အကျိုးဆောင်၏ လုပ်ငန်းလမ်းညွှန်တို့ကို ဖတ်ကြားကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✻

# မြန်မာနှင့် မလေးရှား ဗိုလ်လုမည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲ

**ဂျကာတာ ဇူလိုင် ၁၃**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပနေသည့် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယလုပွဲကို ဇူလိုင် ၁၄ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ချန်ပီယံဆုအတွက် မြန်မာနှင့် မလေးရှားအသင်းတို့ အားပြိုင်ကြမည်ဖြစ်သည်။

ဇူလိုင် ၁၄ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် တတိယလုပွဲအဖြစ် ထိုင်းအသင်းနှင့် အိမ်ရှင်အင်ဒိုနီးရှားအသင်း၊ ညနေ ၆ နာရီခွဲတွင် ဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ရလဒ်များအရ တစ်အုပ်စုတည်း ကျရောက်ခဲ့သည့် ပြိုင်ဘက်ဟောင်းများမှာ ဗိုလ်လုပွဲနှင့် တတိယလုပွဲတွင် ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပွဲမှ ရှုံးကြွေးကို မလေးရှားအသင်းအား ပြန်ဆပ်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် မလေးရှားအသင်းနှင့် တွေ့ဆုံခဲ့ပြီး တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ▼

# MNL အမှတ်ပေးပြိုင်ပွဲ ရခိုင်နှင့် ရာဇဝတီတို့ နှစ်ဂိုးစီသရေကျ



ရာဇဝတီအသင်းအတွက် ဒုတိယဂိုးကို ကျော်မြင့်ဝင်း သွင်းယူနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဇူလိုင် ၁၃**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရခိုင်အသင်းနှင့် ရာဇဝတီအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ယင်းပွဲမှာ ရခိုင်အသင်း၏ အိမ်ကွင်းဖြစ်သည့် ဝေသာလီ ကွင်း၌ ကျင်းပရမည်ဖြစ်သော်လည်း ကွင်းအခြေအနေကြောင့် ရန်ကုန်မြို့သို့ ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်သည်။

ရာဇဝတီအသင်းသည် နှစ်ဂိုးပြတ်ဦးဆောင်နိုင်သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်၍ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရပြီး နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သည်။ ရခိုင်အသင်းသည် ယခုပွဲ အနိုင်မရသော်လည်း သရေရလဒ်ကြောင့် တန်းဆင်းဇုန်မှလွတ်ရန် အခြေအနေကောင်းသွားခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ပွဲထွက်ခဲ့ပြီး ကာစီယိုမပါနိုင်သည့် ရာဇဝတီတိုက်စစ်မှာ အားပျော့နေခဲ့သည်။ ရခိုင်အသင်းသည် ပြီးခဲ့သည့် ပွဲစဉ် (၁၉) မှ နိုင်ပွဲပြန်ရခဲ့သော်လည်း ယခုပွဲတွင် ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရသည်။ ပထမပိုင်းတွင် ရာဇဝတီအသင်းက ဖိကစားနိုင်ခဲ့ပြီး ၂၁ မိနစ်တွင် အယ်လာပက်ထရစ်က ဦးဆောင်ဂိုး

*စာမျက်နှာ ၇ ကော်လံ ၃* ❍

